# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၇၈)


၁၃၈၂ ခုနှစ်၊ ဝါခေါင်လဆန်း ၄ ရက် | ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ် ၂၂ ရက်၊ စနေနေ့ | အတွဲ (၅၉)၊ အမှတ် (၃၂၄)


# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီး



နေပြည်တော် ဩဂုတ် ၂၁

**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေး ညီလာခံ တတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပရာ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်၍ ကျေးဇူးတင်စကား ပြောကြားသည်။**

ညီလာခံသို့ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး ဗဟိုဌာန ဒုတိယဥက္ကဋ္ဌများ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ၊ အစိုးရ၊ လွှတ်တော်နှင့် တပ်မတော်အစုအဖွဲ့တို့မှ ကိုယ်စားလှယ်များ၊ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ ခေါင်းဆောင်များ၊ နိုင်ငံရေးပါတီများမှ နာယက၊ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ၊ NCA–S EAO အစုအဖွဲ့မှ ညီလာခံကိုယ်စားလှယ်များ၊ ပါဝင်သင့် ပါဝင်ထိုက်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ညီလာခံ တတိယနေ့အစည်းအဝေးတွင် ဦးဆောင်သဘာပတိအဖြစ် နိုင်ဟံသာက ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဦးထွန်းထွန်းဦး၊ ခွန်မောင်သောင်းနှင့် ဒေါ်ရင်ရင်မေတို့က ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ဦးဆောင်သဘာပတိ နိုင်ဟံသာက အဖွင့်အမှာစကားပြောကြားရာတွင် ယခုကဲ့သို့ အဖွဲ့ပေါင်းစုံမှ ကိုယ်စားလှယ်များ တွေ့ဆုံကြရန် မလွယ်ကူပါကြောင်း၊ မိမိတို့နိုင်ငံ၊ လူမျိုး၊ ပြည်သူ၊ အဖွဲ့အစည်းအားလုံးအတွက် အနာဂတ်တွင် အကောင်းဆုံး အခြေအနေကို ဖန်တီးပေးနိုင်ရန်အတွက် လာရောက်တွေ့ဆုံ ညှိနှိုင်းကြခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် နိုင်ငံသားအချင်းချင်း လက်နက်ကိုင်ပဋိပက္ခကို လက်နက်အင်အားဖြင့် ဖြေရှင်းလာခဲ့သည်မှာ နှစ်ပေါင်း(၇၀)ကျော်ခဲ့ပါပြီ ဖြစ်ပါကြောင်း၊ မပြီးဆုံး မပြေလည်နိုင်သည့် အရင်းခံအကြောင်းတရားများကို လေးလေးနက်နက် သုံးသပ်ပြီး အနာဂတ်တွင် အကောင်းဆုံးအခြေအနေကို တည်ဆောက်သွားနိုင်ရန်အတွက် ညှိနှိုင်းအဖြေရှာရန် ဖြစ်ပါကြောင်း၊ ယင်းမှာ မိမိတို့၏ တာဝန်ဖြစ်ပါကြောင်း၊ မိမိတို့သည် နိုင်ငံ၏ အခြေအနေနှင့်မကိုက်ညီသည့်၊ အကျိုးမဖြစ်နိုင်သည့် အတွေးအခေါ်အယူအဆများကို ဖယ်ရှားပစ်ရမည် ဖြစ်ပါကြောင်း၊ တိုင်းရင်းသားလူမျိုးပေါင်းစုံနှင့် ဖွဲ့စည်းထားသည့်နိုင်ငံတွင် လူမျိုးပေါင်းစုံ စည်းလုံးညီညွတ်စွာ အတူတကွ ရေရှည်လက်တွဲ နေထိုင်သွားနိုင်ရေးကို အဓိကထားနည်းလမ်းရှာရမည် ဖြစ်ပါကြောင်း၊ မိမိတို့သည် သက်ဆိုင်ရာအဖွဲ့အစည်း၏ ကိုယ်စားလှယ်ခေါင်းဆောင်များဖြစ်ကြသည့်အတွက် တာဝန်သိသိ၊ သတ္တိရှိရှိဖြင့် ယခုကဲ့သို့ တွေ့ဆုံခွင့်ရသည့် နိုင်ငံရေးဆွေးနွေးပွဲတွင် အဖြေကောင်း ထွက်ပေါ်လာအောင် ညှိနှိုင်းအဖြေရှာကြရမည် ဖြစ်ကြောင်း။

*စာမျက်နှာ ၄ ကော်လံ ၁* ◆

**ကျေးဇူးတင်စကား ပြောကြား**



အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ-(၂၁)ရာစုပင်လုံ စတုတ္ထ အစည်းအဝေး ညီလာခံတတိယနေ့တွင် ကျေးဇူးတင်စကား ပြောကြားစဉ်။

သတင်းစဉ်




## မပေါ့ဆသောသတိဖြင့် ကိုဗစ်-၁၉ ကို ခုခံကြပါစို့

ပြည်တွင်း၌ အချင်းချင်းကူးစက်ပြန့်ပွားမှု မရှိသည်မှာ တစ်လခန့် ကြာခဲ့သည့်နောက်တွင် ပြည်တွင်းကူးစက်မှု စတင်တွေ့ရှိသည်ဟု ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ကြေညာလိုက်ပါသည်။ စစ်တွေမြို့တွင် စတင်တွေ့ရှိခဲ့ခြင်းဖြစ်၍။ ထိုသို့ စတင်တွေ့ရှိပြီး ငါးရက်ခန့်အကြာတွင် ရောဂါပိုးထပ်မံတွေ့ရှိသူ လေးဆယ်ကျော် ရှိလာသည့်အတွက် လွန်စွာဂရုထားနေထိုင်ရမည့် အခြေအနေဖြစ်ပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကိုဗစ်-၁၉ လူနာများ၏ ဗိုင်းရပ်စ် နမူနာများကို လေ့လာကြည့်ရာတွင် သုံးဆယ်ရာခိုင်နှုန်းသည် (ဒီ-၆၁၄ ဂျီ) ဇီဝမျိုးဗီဇပြောင်းလဲမှုကို တွေ့ရှိရပြီး ၎င်းသည် ယခင်ကထက် ကူးစက်ပြန့်ပွားနိုင်စွမ်း သိသိသာသာ မြန်ဆန်နေသည်ဟုဆို၏။ မြန်မာနိုင်ငံတွင်လည်း ဆေးသုတေသနဦးစီးဌာနက ပညာရှင်များကို ကိုဗစ်-၁၉ ဗိုင်းရပ်စ်ပိုး မျိုးရိုးဗီဇခွဲခြမ်းစိတ်ဖြာမှု ပြုလုပ်ရန် တာဝန်ပေးခဲ့ရာ ဓာတ်ခွဲနမူနာ ၁၀ ခုအနက် ဗီဇပြောင်းလဲမှု ခြောက်ခုတွေ့ရှိရသည်ဟု ကြေညာခဲ့ပါသည်။

ယင်းသို့သော ဗီဇပြောင်းလဲမှု တွေ့ရှိရခြင်းသည် မြန်မာနိုင်ငံအတွင်း ဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ဗိုင်းရပ်စ်ပိုးသည် ဒုတိယလှိုင်း အသွင် ဖြစ်ပွားနိုင်သည့် အလားအလာရှိနေသည်ဟု ဆိုပါသည်။ ဒုတိယလှိုင်း ဖြစ်လာနိုင်ခြေဟူသည်မှာ ပြည်သူလူထုအနေဖြင့် လုံးဝပေါ့ဆ၍မရသည့် အနေအထားဖြစ်ပါသည်။

အိမ်နီးချင်းနိုင်ငံများဖြစ်သည့် အိန္ဒိယနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံတို့တွင် ဗိုင်းရပ်စ်ပိုးကူးစက်ပျံ့နှံ့မှု များပြားနေသည့်အတွက် ထိုနိုင်ငံများနှင့် နီးစပ်သော တိုင်းဒေသကြီးနှင့် ပြည်နယ်ဒေသများအဖို့ အထူးပင် သတိထားကာ ပိုမိုဂရုတစိုက်ရှိကြရန် လိုမည်ဖြစ်ပါသည်။

ကိုဗစ်-၁၉ ကပ်ရောဂါ ကမ္ဘာတစ်ခွင် ခရီးဆန့် ပျံ့နှံ့ကူးစက်နေချိန် ကာလတစ်လျှောက်တွင် မြန်မာနိုင်ငံ၌ ကူးစက်ပြန့်ပွားမှုကို အတော့်ကို ထိန်းချုပ်ထားနိုင်ခဲ့ပါသည်။ ရောဂါပိုး ကူးစက်ပျံ့နှံ့မှုအရှိန်သည်လည်း တဖြည်းဖြည်းချင်း နှေးကွေးလျော့ကျလာသည်ကို သတိပြုမိပါသည်။ ဖြစ်စအချိန်တွင် ကိုဗစ်ရောဂါကြောင့် တိမ်းပါးရသူ ခြောက်ဦးရှိခဲ့ပြီး ထို့နောက်ပိုင်းတွင် အသက်အန္တရာယ် ထိခိုက်သူဟူ၍ လုံးဝမရှိခဲ့။ ရောဂါပိုးရှိသူအရေအတွက်မှာလည်း တစ်စတစ်စ လျော့ကျလာခဲ့သည်ကို နေ့စဉ်သတင်းထုတ်ပြန်ချက်များအရ သိနေရပါသည်။

ပြည်ပနိုင်ငံများမှ ပြန်လည်ရောက်ရှိလာသော မြန်မာနိုင်ငံသားများနှင့် အကြောင်းအမျိုးမျိုးကြောင့် ပြည်ပမှ မဖြစ်မနေဝင်လာကြရသူများကို စနစ်တကျထိန်းသိမ်းရေးစခန်းများ ဖွင့်လှစ်ကာ စောင့်ကြည့်လူနာများအဖြစ် သတ်မှတ်၍ ဂရုတစိုက်ထားရှိခဲ့၏။ ထိုသို့ဝင်ရောက်လာသူများထဲက ရောဂါပိုး စစ်ဆေးတွေ့ရှိသူများ၏ စာရင်းများကိုလည်း နေ့စဉ်ထုတ်ပြန်ကြေညာပေးနေ၏။ ယင်းသို့ တရားဝင်သတင်းများကို နေ့စဉ်ထုတ်ပြန်ပေးနေမှုကြောင့် အများ ပြည်သူတို့ သတင်းမှန်များကို ပုံမှန်ရရှိနေပြီး နိုင်ငံအတွင်း ရောဂါပိုး ပျံ့နှံ့ကူးစက်မှုအခြေအနေကို နားလည်သိရှိနေကြရ၏။

ယခုအခါတွင်မူ ပြည်တွင်းကူးစက်မှုကို စတင်စစ်ဆေးတွေ့ရှိလာသည် ဖြစ်သောကြောင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက သတိပေးစာများ ထုတ်ပြန်ကြေညာလိုက်ခြင်းဖြစ်ပါသည်။ စစ်တွေမြို့ကို ပြည်သူတိုင်းက သတိထားကာ ဂရုစိုက်နေထိုင်ကြရမည့် အရေးကြီးအခြေအနေ ဖြစ်ကြောင်း သတင်းပေးပါသည်။

မြန်မာနိုင်ငံသည် လူထုကျန်းမာရေးစနစ် ပြည့်စုံကောင်းမွန်သည့် နိုင်ငံမဟုတ်၊ စီးပွားငွေကြေး တောင့်တင်းချမ်းသာသည့် နိုင်ငံလည်း မဟုတ်သည့်အတွက် ပို၍ သတိထားကြရန်လိုပါမည်။ လူတစ်ဦးချင်း အနေဖြင့် ကိုယ်တိုင်စည်းကမ်းချမှတ်ကာ အတတ်နိုင်ဆုံး အိမ်တွင်း နေထိုင်ကြရန် ကြိုးစားသင့်ပါသည်။ လူမှုရေးကိစ္စ၊ စီးပွားရေးကိစ္စ၊ မိသားစုများ၏ သမုဒ္ဒရာ ဝမ်းတစ်ထွာ ကိစ္စ အစစတို့ကြောင့် မဖြစ်မနေ မထွက်မဖြစ်ထွက်ကြရမည့် အကြောင်းများရှိပါကလည်း မျက်နှာဖုံး နှာခေါင်းစည်း စသည်တို့ဖြင့် အကာအကွယ်ယူရပါမည်။ အပြင်က ပြန်လာတိုင်း လက်ကို စနစ်တကျ ဆေးကြောခြင်း၊ ပြင်ပသွား အဝတ်အစားများကို လျှော်ဖွပ်ခြင်း၊ စွန့်ပစ်နှာခေါင်းစည်းများကို အမှိုက်ပုံး အတွင်းသို့ စနစ်တကျစွန့်ပစ်ခြင်းတို့ကို သတိထားဆောင်ရွက်ကြရပါမည်။

စိတ်ချအေးချမ်းသော အခြေအနေတစ်ခုသို့ မရောက်မချင်း သည်လိုပဲ သည်းညည်းခံကာ ဘဝများကို ဖြတ်သန်းကြရပါဦးမည်။ တစ်ကမ္ဘာလုံး အတိုင်းအတာနှင့် ဖြစ်ပွားနေသော ကပ်ရောဂါဖြစ်ပြီး များစွာသော နိုင်ငံများတွင် များပြားလွန်းလှသော ကူးစက်မှုများ ဖြစ်ပွားနေသည်ကို တွေ့မြင်ကြားသိနေရပါသည်။ မြန်မာနိုင်ငံက ထိန်းချုပ်နိုင်မှုရှိနေ၍ မနိုင်ရင်ကန်မဖြစ်ဘဲ ယခုကဲ့သို့ရပ်တည်နေ နိုင်သည်ကို အားသာချက်အဖြစ် မှတ်ယူကာ မပေါ့မဆသော သတိဖြင့် ဒုတိယလှိုင်းလာနိုင်ခြေ ရှိသည့် ကိုဗစ်ကပ်ရောဂါကို ကာကွယ်ကြပါစို့။ ။

## သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**နေပြည်တော် ဩဂုတ် ၂၁**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို နေပြည်တော် သတ္တသတ္တာဟစေတီတော် (သံဝေဇနိယလေးဌာန-ဖွား၊ ပွင့်၊ ဟော၊ စံ)၌ ယနေ့နံနက် ၉ နာရီတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်၊ တားဆီး၊ ကာကွယ်ရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ကျင်းပသည်။

ရှေးဦးစွာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက လင်းလွန်းပင်ကို သတ်မှတ်နေရာတွင် စိုက်ပျိုးပေးပြီး **(အောက်ပုံ)** အမြဲတမ်းအတွင်းဝန် ဦးထွန်းအုံ၊ သာသနာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦး၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဇာနည်ဝင်း၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူတို့က မဟော်ဂနီပင်နှင့် အင်ကြင်းပင်များကို သတ်မှတ်နေရာများတွင် စိုက်ပျိုးကြသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဝန်ထမ်းများ သစ်ပင်စိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှုအားပေးသည်။

၂၀၂၀ ပြည့်နှစ်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်တွင် လင်းလွန်းပင်၊ အင်ကြင်းပင်၊ ငုရွှေပင်၊ ငုစပ်ပင်၊ ကျွန်းပင်၊ ပျဉ်းကတိုးပင်၊ မဟော်ဂနီပင်၊ ပိတောက်ပင် စသည့် အပင်အမျိုးအစား ၁၂ မျိုးကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိတက် သပြေကုန်းဘဏ်ခွဲဖွင့်လှစ်

**နေပြည်တော် ဩဂုတ် ၂၁**

နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိတက် သပြေကုန်းဘဏ်ခွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော် ဇမ္ဗူသီရိမြို့နယ် သပြေကုန်းရပ်ကွက် သပြေကုန်းဈေးကုန်စိမ်းဈေးရှေ့ရှိ အဆိုပါဘဏ်ခွဲ၌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့်အညီ (Social Distancing) စနစ်ဖြင့် ကျင်းပသည်။

ဖွင့်ပွဲသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြို့တော်ဝန်၊ နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိတက် ဒါရိုက်တာအဖွဲ့နာယက ဒေါက်တာမျိုးအောင်၊ နေပြည်တော် ကောင်စီဝင် ဦးအောင်မြင့်ထွန်း၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိတက် ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ ဦးရဲမင်းဦး၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ကော်မတီဝင်များ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဘဏ်ဒါရိုက်တာ အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် နေပြည်တော် ဖွံ့ဖြိုးရေးဘဏ်လီမိတက်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နေပြည်တော် ကောင်စီဝင် ဦးအောင်မြင့်ထွန်း၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ နေပြည်တော် ဖွံ့ဖြိုးရေးဘဏ်လီမိတက် ဒါရိုက်တာ အဖွဲ့ဥက္ကဋ္ဌ ဦးရဲမင်းဦး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းသော်တို့က ဘဏ်ခွဲကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြို့တော်ဝန်၊ နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိတက် ဒါရိုက်တာအဖွဲ့နာယက ဒေါက်တာမျိုးအောင်က ဘဏ်ခွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးခဲ့ပြီး **(အောက်ပုံ)** အခမ်းအနားသို့ တက်ရောက်လာသည့် ဧည့်သည်တော်များက ဘဏ်ခွဲ ဆိုင်းဘုတ်ကို အမွှေးနံ့သာရည်များ ပက်ဖျန်း၍ ဘဏ်ခွဲ အဆောက်အအုံအတွင်း လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ ဘဏ်ခွဲသည် မူလက ဘဏ်ခွဲငယ်အဖြစ် ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပြီး ဘဏ်လုပ်ငန်း ဝန်ဆောင်မှုများ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်ရန်နှင့် ဘဏ်နှင့် ဆက်သွယ်သူ ပြည်သူများ လွယ်ကူအဆင်ပြေချောမွေ့စေရန်အတွက် ဘဏ်ခွဲအဖြစ် အဆင့်မြှင့်တင် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



## ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ ဇွန်လအထိ မြန်မာနိုင်ငံ၏ ပို့ကုန်၊ သွင်းကုန် အခြေအနေ

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ ဇွန်လအတွက် မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၈၅၀ ဒသမ ၇၄ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၇၀ ဒသမ ၅၉ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၂၂၁ ဒသမ ၃၃ သန်းဖြစ်သည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၁၃၂ ဒသမ ၄၇သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၇၅ ဒသမ ၁၅ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၄၀၇ ဒသမ ၆၂ သန်းဖြစ်သည်။ သို့ဖြစ်ပါ၍ ၂၀၁၉-၂၀၂၀ဘဏ္ဍာနှစ်၊ ဇွန်လအတွက် စုစုပေါင်း ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၂၆၂၈ ဒသမ ၉၅ သန်းဖြစ်ပြီး စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၁၈၆ ဒသမ ၂၉ သန်း ဖြစ်ပေါ်ခဲ့သည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ ဇွန်လအထိ မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၇၈၆၆ ဒသမ ၄၈သန်း၊ နယ်စပ်ပို့ကုန် တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၂၆၂ ဒသမ ၄၈ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၃၁၂၈ ဒသမ ၉၆ သန်းဖြစ်သည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၂၅၆၀ ဒသမ ၇၆ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၃၃၀ ဒသမ ၉၁ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၄၈၉၁ ဒသမ ၆၇ သန်းဖြစ်သည်။ သို့ဖြစ်ပါ၍ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ ဇွန်လအထိ စုစုပေါင်းကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၂၈၀၂၀ ဒသမ ၆၃သန်းဖြစ်ပြီး စုစုပေါင်း ကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၁၇၆၂ ဒသမ ၇၁ သန်း ဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ်တင်ပြသော ပို့ကုန်၊ သွင်းကုန် အခြေအနေ အစီရင်ခံစာအရ သိရှိရသည်။

**သတင်းစဉ်**

## မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

**နေပြည်တော် ဩဂုတ် ၂၁**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားအနည်းငယ်မှ အားအသင့် အတင့်ရှိမည်။

**မိုး/ဇလ**

# အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ၊ စတုတ္ထအစည်းအဝေး၊ တတိယနေ့တွင် ပြောကြားသည့် ကျေးဇူးတင်စကား

(၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၁ ရက်)

လေးစားအပ်ပါသော ညီလာခံသဘာပတိကြီးနဲ့တကွ သဘာပတိအဖွဲ့ဝင်များ၊ အစုအဖွဲ့အသီးသီးက ခေါင်းဆောင်များ၊ ညီလာခံကိုယ်စားလှယ်ကြီးများအားလုံး ကောင်းကျိုးလိုရာ ဆန္ဒအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။

ဒီကနေ့ ပြည်ထောင်စုသဘောတူစာချုပ်၊ အစိတ်အပိုင်း(၃)ကို လက်မှတ်ရေးထိုးနေကြတဲ့ မြင်ကွင်းကို ကြည့်နေသူများထဲမှာ အရင်ညီလာခံတွေ၊ အရင်က ဆွေးနွေးညှိနှိုင်းမှုတွေကို ပြန်လည်မြင်ယောင်နေသူတွေ ရှိပါလိမ့်မယ်။ ဒီ (၄) နှစ်ကျော်ကာလအတွင်းမှာ ကျွန်မတို့အားလုံး စိတ်ရောကိုယ်ပါ မြှုပ်နှံပြီးတော့ အကောင်းဆုံးဖြစ်အောင် ကြိုးစားအားထုတ်ခဲ့ကြပါတယ်။ (၂၁) ရာစုပင်လုံညီလာခံ၊ ဒုတိယအစည်းအဝေးကာလ၊ UPDJC အစည်းအဝေးမှာ အရေးကြီးတဲ့ သဘောတူညီချက်တွေ မရနိုင်တော့လို့ စိတ်ပျက်လက်ပျက် ဖြစ်သွားခဲ့ရတာ တိုင်းရင်းသားခေါင်းဆောင်တချို့ရဲ့ မျက်နှာတွေမှာ မြင်နိုင်ခဲ့ပါတယ်။ အဲဒီတုန်းက ကျွန်မက စိတ်မပျက်ကြဖို့၊ အားမကျဖို့နဲ့ နောက်ထပ်လာမယ့် ညီလာခံတွေမှာ ဆက်ပြီးကြိုးစားကြဖို့ အားပေးစကား ပြောခဲ့ပါတယ်။ ဖြစ်နိုင်ရင် သဘောတူညီချက်တွေ အများကြီး ပြီးမြောက်ရရှိအောင် ယူချင်ကြတာပေါ့။ ဒါပေမယ့် ဒီပြဿနာတွေဟာ လွတ်လပ်ရေးရပြီးတဲ့နောက် ကျွန်မတို့နိုင်ငံရဲ့ သက်တမ်းနဲ့အမျှ ဖြစ်ပွားခဲ့တဲ့ ပြဿနာတွေဆိုတာ သတိပြုကြစေလိုပါတယ်။ ဒါကြောင့် ကျေကျေလည်လည် ဖြစ်ဖို့ အချိန်ယူရသလို ကျေကျေနပ်နပ်လည်းဖြစ်ဖို့ အသေးစိတ်ဆွေးနွေးကြရပါတယ်။

## ထင်ထင်ရှားရှား မှတ်ကျောက်တင်

(၃) ရက်တာ ညီလာခံကာလဟာ တိုတောင်းတယ်ဆိုပေမယ့် ဒီကနေ့ လက်မှတ်ရေးထိုး စာချုပ်ချုပ်ဆိုခဲ့တဲ့ ပြည်ထောင်စုသဘောတူစာချုပ်၊ အစိတ်အပိုင်း (၃) ဟာ လွယ်လွယ်ကူကူ ရရှိလာခဲ့တာတော့ မဟုတ်ပါဘူး။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ တွေ့ကြုံရင်ဆိုင်ရမြဲဖြစ်တဲ့ အနိမ့်-အမြင့်၊ အတက်-အကျတွေ၊ တစ်ဖက်နဲ့တစ်ဖက် ကျေကျေလည်လည်ဖြစ်အောင် အချိန်ယူရတာတွေ၊ COVID-19 ကပ်ရောဂါ ကာကွယ်ထိန်းချုပ်တုံ့ပြန်ရေး ဆောင်ရွက်နေရတဲ့အချိန်လည်း ဖြစ်နေတာတွေကြားက ခက်ခက်ခဲခဲ အချိန်ယူကြိုးပမ်းခဲ့ပြီးတဲ့နောက် ရရှိလာခဲ့တဲ့ သဘောတူစာချုပ် ဖြစ်ပါတယ်။ ဒါဟာ ကျွန်မတို့ အစုအဖွဲ့တွေအားလုံး ပါဝင်ရေးဆွဲခဲ့တဲ့ (၂၁) ရာစုပင်လုံ နိုင်ငံရေးဆွေးနွေးပွဲလုပ်ငန်းစဉ်ရဲ့ အားကောင်းမှုကို သက်သေပြသနေသလို ဒီလုပ်ငန်းစဉ်မှာ ပါဝင်သူအားလုံးရဲ့ နိုင်ငံရေး စိတ်စေတနာ၊ စိတ်ပိုင်းဖြတ်မှုနဲ့ မဆုတ်မနစ် ကြိုးပမ်းမှုတို့ကို ထင်ထင်ရှားရှား မှတ်ကျောက်တင်လိုက်တာလည်း ဖြစ်ပါတယ်။

ဒီကနေ့ချုပ်ဆိုတဲ့ ပြည်ထောင်စုသဘောတူစာချုပ်၊ အစိတ်အပိုင်း (၃) ဟာ ပြီးခဲ့တဲ့ ပြည်ထောင်စုသဘောတူစာချုပ်တွေထက် ပိုမိုထူးခြား၊ ပိုမိုလေးနက်ပြီး ပိုမိုအနှစ်သာရပြည့်ဝတဲ့ စာချုပ်ဖြစ်ပါတယ်။ ဒီစာချုပ်ရဲ့ အပိုင်း(၁)မှာ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) နဲ့ ပတ်သက်တဲ့ နားလည်မှု ပြဿနာတွေ၊ NCA ကို အကောင်အထည်ဖော်ရာမှာ တွေ့ကြုံခဲ့ရတဲ့ အခက်အခဲတွေကို ဖြေရှင်းနိုင်မယ့် လမ်းကြောင်းတစ်ခု၊ တံခါးတစ်ချပ်ကို ဖွင့်လှစ်ပေးနိုင်ခဲ့ပါတယ်။

စာချုပ်ရဲ့ အပိုင်း (၂)၊ ၂၀၂၀ အလွန် အဆင့်လိုက် လုပ်ငန်းစဉ်တွေနဲ့ အဆင့်လိုက် အကောင်အထည်ဖော်မှုတွေဟာ အခြေခံမူတွေ သက်သက်ကိုပဲ ရှာဖွေနေတာမျိုး မဟုတ်တော့ဘဲ ပြည်ထောင်စုကြီးကို လက်တွေ့ကျကျ အဆင့်လိုက် ဖော်ဆောင်သွားမယ့်လုပ်ငန်းစဉ်တွေ ပါဝင်လာခဲ့ပါပြီ။ အဆင့်လိုက် ဆက်လက်ဆွေးနွေးညှိနှိုင်းကြတဲ့အခါ အရင်က အားလုံးသဘောတူ ရရှိခဲ့ပြီးဖြစ်တဲ့ အခြေခံမူ (၅၁) ချက်ကို အလိုက်သင့် ထည့်သွင်းအကောင်အထည်ဖော်သွားလို့ရပြီ ဖြစ်ပါတယ်။

စာချုပ်ရဲ့ အပိုင်း(၃)ဟာ ဘယ်လို ပြည်ထောင်စုမျိုး ဖြစ်ချင်သလဲဆိုတာကို အားလုံး မျှဝေလက်ခံတဲ့ အနာဂတ်မှာ အားလုံးမြင်ချင်၊ တွေ့ချင်၊ ပေါ်ပေါက်လာစေချင်တဲ့ ပြည်ထောင်စုကြီးရဲ့ ပုံသဏ္ဌာန်ကို လမ်းညွှန်အခြေခံမူတွေနဲ့ ပုံဖော်ထားတာပဲ ဖြစ်ပါတယ်။

ဒီကနေ့ ဒီအချိန်မှာ ကျွန်မတို့နိုင်ငံ၊ ကျွန်မတို့ ပြည်ထောင်စုကို ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုအဖြစ် တည်ဆောက်မယ်ဆိုတာဟာ အငြင်းပွားစရာ မရှိတော့ပါဘူး။ ဒီကနေ့ ချုပ်ဆိုတဲ့ ပြည်ထောင်စုသဘောတူစာချုပ်၊ အပိုင်း (၃) အရ ဘယ်လိုအဆင့်တွေ၊ ဘယ်လို အစီအစဉ်တွေနဲ့သွားမယ် ဆိုတာကိုလည်း သဘောတူညီချက် ရရှိလာခဲ့ပါပြီ။ ဒီတော့ ဘယ်အချိန်မှာ ဘယ်အခြေအနေ၊ ဘယ်အနေအထားတွေကို ရောက်အောင်သွားကြမလဲ ဆိုတဲ့ တိုးတက်မှုပြ မှတ်တိုင်တွေ ပါဝင်လာမယ့် အသေးစိတ် အစီအစဉ်ကိုပဲ ကျွန်မတို့ ဆက်လက်ညှိနှိုင်းကြရမှာပါ။

ငြိမ်းချမ်းတည်ငြိမ် တိုးတက်တဲ့ နိုင်ငံတွေမှာ သဘောကွဲမှုတွေ ရှိသော်လည်း ညီညွတ်မှုလည်းရှိပါတယ်။ သဘောထားတွေ ဘယ်လိုပဲ ကွဲကွဲ၊ ညီညွတ်ရေး တည်ဆောက်နိုင်ကြတဲ့ နိုင်ငံတိုင်းဟာ ငြိမ်းချမ်းတည်ငြိမ် တိုးတက်နေကြတာ တွေ့ရပါလိမ့်မယ်။ အမြင်မတူညီမှု၊ သဘောထား ကွဲလွဲမှုတွေကြားက အတူတကွ ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်နိုင်တာက ဘုံတူညီမှု ရှာဖွေနိုင်ခြင်းပဲ ဖြစ်ပါတယ်။ သဘောထားတွေ၊ ရှုမြင်ချက်တွေကတော့ ကွဲလွဲနေမှာ သဘာဝပါပဲ။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

> **“ဒီစာချုပ်ရဲ့ အပိုင်း(၁)မှာ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) နဲ့ ပတ်သက်တဲ့ နားလည်မှုပြဿနာတွေ၊ NCA ကို အကောင်အထည်ဖော်ရာမှာ တွေ့ကြုံခဲ့ရတဲ့ အခက်အခဲတွေကို ဖြေရှင်းနိုင်မယ့် လမ်းကြောင်းတစ်ခု၊ တံခါးတစ်ချပ်ကို ဖွင့်လှစ်ပေးနိုင်ခဲ့ပါတယ်။ဒီကနေ့ ချုပ်ဆိုတဲ့ ပြည်ထောင်စုသဘောတူစာချုပ်၊ အစိတ်အပိုင်း (၃) ဟာ ပြီးခဲ့တဲ့ ပြည်ထောင်စုသဘောတူစာချုပ်တွေထက် ပိုမိုထူးခြား၊ ပိုမိုလေးနက်ပြီး ပိုမိုအနှစ်သာရပြည့်ဝတဲ့ စာချုပ်ဖြစ်ပါတယ်”**

ကျွန်မတို့ ဖြေရှင်းနေရတဲ့ သဘောထားကွဲလွဲမှုတွေက နက်ရှိုင်းကျယ်ပြန့်သလို သမိုင်းနဲ့ချီပြီး အချိန်ကာလရှည်ကြာခဲ့လို့လည်း ဖြေရှင်းရခက်ခဲနေတာ အားလုံးအသိပဲဖြစ်ပါတယ်။ ဒါပေမယ့် ဒီညီလာခံကြီးမှာ သဘောထားကွဲလွဲမှုတွေကြားက ညီညွတ်ခြင်းတစ်ခုကို ရှာဖွေနိုင်ခဲ့ပါပြီ။ အဲဒါကတော့ ဒီကနေ့ လက်မှတ်ရေးထိုးချုပ်ဆိုခဲ့တဲ့ ပြည်ထောင်စုသဘောတူ စာချုပ်၊ အစိတ်အပိုင်း (၃) ပဲ ဖြစ်ပါတယ်။ ကွဲလွဲမှုတွေကြားက တူညီမှုကို ရှာဖွေနိုင်တာ၊ ဆန့်ကျင်ဘက်တွေကြားက ညီညွတ်မှုကို ရှာဖွေနိုင်တာ ဒီကနေ့ ကျွန်မတို့ရဲ့ (၂၁) ရာစု ပင်လုံညီလာခံပါ။ ဒါဟာလည်း ကျွန်မတို့ရဲ့ ညီလာခံကိုယ်စားလှယ်ကြီးတွေ ရှေ့မှောက်မှာ အစုအဖွဲ့ခေါင်းဆောင်တွေ၊ အသိသက်သေတွေ လက်မှတ်ရေးထိုးပြီး သမိုင်းတွင်စေခဲ့ပါပြီ။

## အတွေ့အကြုံတွေ အများကြီးရရှိ

ဒီကနေ့ ညီလာခံကြီးမှာ ကျွန်မအနေနဲ့ ပထမဆုံး အသိပေးပြောကြားလိုတာကတော့ “၂၀၂၀ အလွန် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ရေးဆိုင်ရာ အစီအစဉ်သစ်” ပဲ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ (၄)နှစ်ကျော်ကာလအတွင်းမှာ ငြိမ်းချမ်းရေးဆွေးနွေးမှု၊ နိုင်ငံရေးဆွေးနွေးမှု၊ အပစ်ရပ်ပူးတွဲစောင့်ကြည့်ရေး စတဲ့လုပ်ငန်းစဉ်တွေနဲ့ ပတ်သက်လို့ အတွေ့အကြုံတွေ အများကြီးရရှိခဲ့သလို အားသာချက်တွေ၊ အားနည်းချက်တွေကိုလည်း သိရှိလာခဲ့ကြပြီဖြစ်ပါတယ်။ ၂၀၂၀ အလွန်မှာ ရှေ့ဆက်ရမယ့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် (၃) ရပ်ကို ညီလာခံ ဖွင့်ပွဲအခမ်းအနားမှာ ထုတ်ဖော်ကြေညာခဲ့ပြီး ဖြစ်ပါတယ်။ ဒီလုပ်ငန်းစဉ် (၃) ရပ်ကို ထိထိရောက်ရောက် ဟန်ချက်ညီ ဖော်ဆောင်နိုင်မယ့် “၂၀၂၀ အလွန် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာ အစီအစဉ်သစ်” ကို အစုအဖွဲ့အသီးသီးရဲ့ ပြန်လည်သုံးသပ်ချက်၊ လုပ်ငန်းစဉ်တွေမှာ ပါဝင်နေသူတွေရဲ့ အကြံပြုချက်၊ လက်ရှိဖော်ဆောင်မှု အစီအစဉ်ပေါ် လေ့လာသုံးသပ်ချက်တွေကို အခြေခံပြီး ၂၀၂၀ အလွန်ကာလမှာ အရှိန်အဟုန်နဲ့ ဖော်ဆောင်နိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ဒီအစီအစဉ်သစ်ဟာ ဒီကနေ့ ချုပ်ဆိုလိုက်တဲ့ ပြည်ထောင်စုသဘောတူ စာချုပ်၊ အစိတ်အပိုင်း (၃) ကို ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ရပါမယ်။ ဒီအစီအစဉ်သစ်ဟာ NCA လမ်းကြောင်းအတိုင်း UPDJC နဲ့ JMC ယန္တရားတွေ ပိုမိုခိုင်မာအောင် အထောက်အကူပေးနိုင်ရမှာဖြစ်သလို NCA လက်မှတ်မထိုးရသေးတဲ့ အဖွဲ့အစည်းတွေ ပါဝင်လာနိုင်ရေးကို လမ်းဖွင့်ပေးနိုင်ရပါမယ်။ ဒီအစီအစဉ်သစ်ဟာ ဆွေးနွေးညှိနှိုင်းမှု အဆင့်ဆင့်မှာ ပါဝင်နေတဲ့ အစုအဖွဲ့အသီးသီးက ကိုယ်စားလှယ်တွေကို ပညာရပ်ဆိုင်ရာ အထောက်အကူတွေ ပြုပေးနိုင်ရမှာဖြစ်သလို ကျွန်မတို့နိုင်ငံရဲ့ နိုင်ငံရေး ပြဿနာတွေကို လက်တွေ့ကျကျ ဖြေရှင်းနိုင်မယ့် ရွေးချယ်စရာ နည်းလမ်းတွေ ရှာဖွေဖော်ထုတ်ပေးနိုင်ရမယ်။ ဒါဟာ ၂၀၂၀ အလွန် ကျွန်မတို့ ပထမဆုံး ဦးစားပေး လုပ်ဆောင်ရမယ့် လုပ်ငန်းတစ်ရပ် ဖြစ်ပါတယ်။

ဒုတိယ အချက်အနေနဲ့ ပြောကြားလိုတာကတော့ “ပြည်ထောင်စုသား အားလုံးက သဘောတူလက်ခံတဲ့ ပြည်ထောင်စုလက္ခဏာတစ်ရပ် တည်ဆောက်ရေး” ပဲ ဖြစ်ပါတယ်။

ဒီကနေ့ ချုပ်ဆိုခဲ့တဲ့ ပြည်ထောင်စုသဘောတူစာချုပ်၊ အစိတ်အပိုင်း(၃) ရဲ့ အပိုင်း(၁) ဖြစ်တဲ့ NCA အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင်သဘောတူညီချက်တွေထဲမှာ “ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးများ၏ နောက်ခံသမိုင်း၊ ရိုးရာယဉ်ကျေးမှု၊ စာပေ၊ ဘာသာစကားနှင့် အမျိုးသားလက္ခဏာများ မတူကွဲပြားမှုကို လက်ခံအသိအမှတ်ပြု၍ လူမျိုးပေါင်းစုံ၊ ဘာသာစကားပေါင်းစုံတို့ဖြင့် ပြည်ထောင်စုလက္ခဏာတစ်ရပ်ကို နိုင်ငံသားအားလုံး စုပေါင်းဖော်ဆောင်ရန်” ဆိုပြီး ပါရှိပါတယ်။

ဒီသဘောတူညီချက်ရဲ့ မှတ်ချက်ဖြစ်တဲ့ “ပြည်ထောင်စုလက္ခဏာဆိုသည်မှာ စည်းလုံးညီညွတ်သည့် တစ်ခုတည်းသော ပြည်ထောင်စုဖြစ်သည်” ဆိုတဲ့အချက်ဟာ အထူးပဲအရေးကြီးပါတယ်၊ စုပေါင်းဖော်ဆောင်ရမယ့် ပြည်ထောင်စုလက္ခဏာတစ်ရပ်ကို ၂၀၂၀ အလွန်ကာလမှာ ဦးစားပေး ကြိုးပမ်းဖော်ဆောင်သွားကြရမှာ ဖြစ်ပါတယ်။

တတိယအချက်အနေနဲ့ “စဉ်ဆက်မပြတ် တွေ့ဆုံဆွေးနွေးရေး လမ်းကြောင်းပေါ်မှာ ရှိနေရေး” ပဲ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့အတွေ့အကြုံတွေအရ NCA လက်မှတ်ရေးထိုးပြီးသော်လည်း အောက်ခြေဒေသအချို့မှာ ထိတွေ့မှုတွေ၊ တိုက်ပွဲတွေ ဖြစ်ပွားနေခဲ့တာတွေ ရှိပါတယ်။ တင်းမာမှုတွေ နှစ်ဖက်စလုံးမှာ ဖြစ်ပေါ်လာခဲ့ပါတယ်။ အလားတူပါပဲ။ နိုင်ငံရေးဆွေးနွေးပွဲတွေမှာ ရှေ့ကိုဆက်လို့ မရတော့ဘဲ ပိတ်ဆို့သွားတဲ့ အခြေအနေမှာ ဆွေးနွေးပွဲတွေနဲ့ ဝေးရာကို ထွက်သွားကြတာတွေလည်း ကြုံတွေ့ခဲ့ရပါတယ်။ ဒီလိုအခြေအနေမှာ ကျွန်မတို့အစိုးရအနေနဲ့ ထွက်သွားသူတွေဆီ ရောက်အောင်သွားပါတယ်။ မကျေနပ်ချက်တွေ၊ လိုလားချက်တွေကို သေသေချာချာ နားထောင်ပါတယ်။

## အောင်မြင်မှုကို ရရှိ

တွေ့ကြုံလာရတဲ့ အခက်အခဲတွေရဲ့ နောက်ကွယ်က ဇာစ်မြစ်အကြောင်းတရားတွေ၊ ဒီအကြောင်းတွေကို ဖြေရှင်းနိုင်မယ့် နည်းလမ်းတွေကို ကျွန်မတို့ ရှာရပါတယ်။ ပြီးရင် ပြန်ပြီးတော့ တွေ့ဆုံပြီး ဒီနည်းလမ်းဆိုရင် အဆင်ပြေမလား၊ ဒီလိုသွားရင် အဆင်ပြေမလား စသဖြင့် အလွတ်သဘောတွေ့ဆုံမှု၊ ဆွေးနွေးမှု၊ ညှိနှိုင်းမှုတွေနဲ့ ကြိမ်ဖန်များစွာ ပြုလုပ်ခဲ့ရတာ ဖြစ်ပါတယ်။ နောက်ဆုံး နှစ်ဦးနှစ်ဖက် ဆုံမှတ်တစ်ခု ရောက်ရှိ၊ ဘုံသဘောထားတူညီ ဆိုတော့မှ တရားဝင်အစည်းအဝေးတွေကို ပြန်ပြီး ခြေဦးလှည့်ရတာ ဖြစ်ပါတယ်။ ဒါဟာကျွန်မတို့အားလုံးအတွက် ကြီးမားတဲ့ အောင်မြင်မှုကို ရရှိစေခဲ့တဲ့ အတွေ့အကြုံပဲဖြစ်ပါတယ်။ ညီလာခံအလွန်မှာရော ၂၀၂၀ အလွန်မှာပါ ဘယ်လိုအခက်အခဲပဲ ကြုံရကြုံရ ကျွန်မတို့ အစုအဖွဲ့တွေကြားမှာ တွေ့ဆုံဆွေးနွေး အမြင်ချင်းဖလှယ်ပြီး အဖြေရှာဖွေတဲ့ လမ်းကြောင်းတွေကို ဆက်လက်ဆောင်ရွက်သွားဖို့ လိုအပ်မှာဖြစ်ကြောင်း အလေးအနက် တိုက်တွန်းပြောကြားလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ သဘာပတိကြီးနဲ့တကွ၊ သဘာပတိအဖွဲ့ဝင်တွေ၊ အစုအဖွဲ့ ခေါင်းဆောင်တွေနဲ့ ညီလာခံကိုယ်စားလှယ်တွေကို ကျွန်မအလေးအနက်ထားပြီး ကျေးဇူးတင်စကားပြောလိုပါတယ်။ အားလုံးသိကြတဲ့အတိုင်း COVID-19 ကာကွယ်ရေးကာလမှာ ကျင်းပပြုလုပ်ရတဲ့ ညီလာခံဖြစ်တဲ့အတွက် စည်းမျဉ်းစည်းကမ်းတွေလည်း များပါတယ်။ ဓာတ်ခွဲစစ်ဆေးမှုတွေလည်း ပြုလုပ်ရပါတယ်။ ဒီလို ကန့်သတ်ထားတဲ့ စည်းမျဉ်း စည်းကမ်းတွေကို အလေးအနက်ထား လိုက်နာပြီး ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြတဲ့အတွက် အားလုံးကို ကျေးဇူးတင်ပါတယ်။ အသိအမှတ်လည်း ပြုပါတယ်။

ကျွန်မတို့ရဲ့ ကိုယ်စားလှယ်တွေအားလုံး ဓာတ်ခွဲစစ်ဆေးချက် အဖြေအရ ရောဂါကူးစက်ခံရသူ တစ်ဦးမှ မရှိပါဘူး။ ဒါ့ကြောင့် ညီလာခံကိုလည်း စိတ်ဖြောင့်ဖြောင့်နဲ့ တက်နိုင်ခဲ့ကြတာ ဖြစ်ပါတယ်။ ဒါပေမယ့် COVID-19 ကပ်ရောဂါဟာ ပြီးပြီလို့ မပြောနိုင်သေးတဲ့အတွက် အထူးသတိထားကြဖို့၊ ကျန်းမာရေးဆိုင်ရာ စည်းကမ်းတွေကို လိုက်နာကြဖို့လည်း တိုက်တွန်း ပြောကြားလိုပါတယ်။

သဘာပတိကြီးနဲ့တကွ၊ သဘာပတိအဖွဲ့ဝင်များ၊ အစုအဖွဲ့ ခေါင်းဆောင်များနဲ့ ညီလာခံကိုယ်စားလှယ်များအားလုံး COVID-19 ရောဂါဘေးက ကင်းဝေးပြီး ကျန်းမာ၊ ချမ်းသာစွာနဲ့ အမျိုးသားပြန်လည်ရင်ကြားစေ့ရေး၊ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး ခရီးစဉ်မှာ လက်တွဲပူးပေါင်း ကြိုးပမ်းဆောင်ရွက်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်လိုက်ပါတယ်။


အားလုံးကို ကျေးဇူးတင်ပါတယ်။



အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေး ညီလာခံတတိယနေ့သို့ တက်ရောက်စဉ်။ သတင်းစဉ်

◆ *ရှေ့ဖုံးမှ*

မိမိတို့နိုင်ငံကို နယ်ချဲ့သမားနှင့် ဖက်ဆစ်များ လက်အောက်မှ လွတ်မြောက်ရန် တိုင်းရင်းသားလူမျိုးပေါင်းစုံတို့ စုပေါင်းပြီး တိုက်ပွဲဝင်လာခဲ့ကြပါကြောင်း၊ စုပေါင်းပြီး ပြည်ထောင်စုတစ်ခုတည်ထောင်ရန် အမျိုးမျိုးသော ကတိစကားများပေးကာ စုစည်းခဲ့ရပါကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်းသည် အခက်အခဲမျိုးစုံကြားမှ စစ်မှန်သည့် ပြည်ထောင်စုကို တည်ဆောက်ရန် ဦးဆောင်ကြိုးပမ်းလမ်းညွှန်ခဲ့ပါကြောင်း၊ သို့သော် လွတ်လပ်ရေးရလာသည့်အချိန်တွင် ဗိုလ်ချုပ်အောင်ဆန်းမရှိသည့်အတွက် ဗိုလ်ချုပ်ပေးခဲ့သည့် ကတိကဝတ်များ၊ လမ်းညွှန်ချက်များကို ပစ်ပယ်ထားပြီး အမည်ခံပြည်ထောင်စုကို ဖော်ဆောင်ခဲ့ပါကြောင်း၊ ပင်လုံကတိကဝတ်များမှာလည်း မျက်ကွယ်ပြုခြင်းခံခဲ့ရပါကြောင်း၊ မြန်မာမဟုတ်သည့် တိုင်းရင်းသားများက မျှော်လင့်ထားသည့် မူလအခွင့်အရေးများ မရသည့်အတွက် တင်ပြခဲ့ပါကြောင်း၊ မရသဖြင့် ဆန္ဒပြတောင်းဆိုခဲ့ကြပါကြောင်း၊ ယင်းအခြေအနေတွင် အာဏာပိုင်များက လက်နက်အင်အားသုံးပြီး အရေးယူလာသည့်အတွက် နောက်ဆုံး တိုင်းရင်းသားလူမျိုးပေါင်းစုံတို့ မလွဲမရှောင်သာ လက်နက်ကိုင်တိုက်ပွဲဝင်လာခဲ့ရခြင်းဖြစ်ကြောင်း။




ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ စတုတ္ထ အစည်းအဝေး ညီလာခံ တတိယနေ့ ဦးဆောင် သဘာပတိ နိုင်ဟံသာ အဖွင့်အမှာစကားပြောကြားစဉ်။ သတင်းစဉ်



ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး(ငြိမ်း) အဆိုပြုချက်တင်သွင်းစဉ်။



စောမြရာဇာလင်း အဆိုပြုချက်တင်သွင်းစဉ်။



စိုင်းကျော်ညွန့် အဆိုပြုချက်တင်သွင်းစဉ်။



နန်းစံဝင့်ခိုင် ထောက်ခံကြောင်း အဆိုတင်သွင်းစဉ်။



ဒေါ်ဇင်မာအောင် ထောက်ခံကြောင်း အဆိုတင်သွင်းစဉ်။



ဗိုလ်မှူးချုပ် ရဲရင့်ဝင်း ထောက်ခံကြောင်း အဆိုတင်သွင်းစဉ်။



နိုင်အောင်မငေး ထောက်ခံကြောင်း အဆိုတင်သွင်းစဉ်။



ဦးရွှေမင်း ထောက်ခံကြောင်း အဆိုတင်သွင်းစဉ်။

### လွတ်လပ်ခွင့်များရရှိရန်လိုအပ်

မိမိတို့ နှစ်ပေါင်း(၇၀)ကျော် တိုက်ပွဲဝင်ခဲ့ခြင်းသည် မှားယွင်းသည့် နိုင်ငံရေးစနစ်ကို ပြုပြင်ပြောင်းလဲရန်အတွက် ဖြစ်ပါကြောင်း၊ စစ်မှန်သည့် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးသည် နိုင်ငံတော်တည်ဆောက်ရေးပင် ဖြစ်ပါကြောင်း၊ ယင်းမှာ အမျိုးသားတန်းတူရေးအတွက် မလွဲမရှောင်သာ တောင်းဆိုတိုက်ပွဲဝင်ခဲ့ကြခြင်း ဖြစ်ပါကြောင်း၊ လက်နက်ကိုင်ပဋိပက္ခကို နှစ်ပေါင်းများစွာ အင်အားသုံးဖြေရှင်းခဲ့သော်လည်း ယနေ့အထိ လျော့ကျသွားခဲ့ခြင်းမရှိခဲ့ပါကြောင်း၊ ပြေလည်နိုင်သည့် အလားအလာလည်း မရှိပါကြောင်း၊ ထို့ကြောင့် မှန်ကန်သည့် နည်းနာအသစ်ဖြင့် ဖြေရှင်းသွားရန် လိုအပ်ပါကြောင်း၊ မိမိတို့နိုင်ငံသားအားလုံးသည် လူမျိုးမတူ၊ ကိုးကွယ်ယုံကြည်မှု ဘာသာ သာသနာမတူသော်လည်း လူသားအားလုံးပင် ဖြစ်ပါကြောင်း၊ တူညီသည့် လူသားအချင်းချင်း ချစ်ကြည်ညီညွတ်စွာ အတူတကွနေထိုင်သွားနိုင်ရန်နှင့် မတူညီသည့်လူမျိုး၊ မတူညီသည့် ကိုးကွယ်မှုများ အကြားတွင် တန်းတူညီမျှသည့် အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များရှိရန် လိုအပ်ပါကြောင်း၊ အုပ်စုတစ်ခုခုက အခြားအုပ်စုများအပေါ် လွှမ်းမိုးထားမည်၊ ခြယ်လှယ်နေမည်ဆိုပါက ညီညွတ်ရေးနှင့် ရေရှည်အတူတကွနေထိုင်သွားရန်ဖြစ်နိုင်မည် မဟုတ်ပါကြောင်း၊ မိမိတို့နိုင်ငံကို စတင်တည်ထောင်ခဲ့သူများ ကတိပေးထားသည့်အတိုင်း အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသည့် စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုကို ဖော်ဆောင် တည်ဆောက်သွားရမည် ဖြစ်ကြောင်း၊ ထို့ကြောင့် NCA တွင် ချမှတ်ထားသည့်အတိုင်း ဒီမိုကရေစီပြည်ထောင်စုကို မိမိတို့ ယုံကြည်မှုအပြည့်ဖြင့် အမြန်အကောင်အထည်ဖော်သွားကြရန် လိုပါကြောင်း၊ စစ်မှန်သည့် ဒီမိုကရေစီနှင့် စစ်မှန်သည့် ဖက်ဒရယ်စနစ်ကို ရှာဖွေဖော်ထုတ်နိုင်မှသာ ပြည်တွင်းငြိမ်းချမ်းရေး ရရှိမည်ဖြစ်ပါကြောင်း။

### မွေးရာပါအခွင့်အရေးများ

လူသားတိုင်းတွင် မိမိတို့လူမျိုး ပျောက်ကွယ်မသွားရေးအတွက် မိမိတို့၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှုနှင့် သမိုင်းအမွေအနှစ်များကို တန်ဖိုးထားထိန်းသိမ်းကြပါကြောင်း၊ ထိုသို့တန်ဖိုးထား ထိန်းသိမ်းနေခြင်းသည် မျိုးချစ်စိတ်ပင် ဖြစ်ပါကြောင်း၊ မိမိတို့လူမျိုးအတွက်ဆိုပါက အသက်ပေးပြီး ထိန်းသိမ်းကာကွယ် တိုက်ပွဲဝင်ကြခြင်းသည် လူမျိုးတိုင်း၏ ခံယူချက်ဖြစ်ပါကြောင်း၊ ထို့ကြောင့် တိုင်းရင်းသားညီညွတ်ရေးကို တည်ဆောက်ရာတွင် လူမျိုးတိုင်း၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှုနှင့် သမိုင်းအမွေအနှစ်များ ပျောက်ကွယ်မသွားရေးကို အလေးထားစီစဉ်ပေးရန် လိုပါကြောင်း၊ ယင်းအခွင့်အရေးများ အပြည့်အဝရှိမည်ဆိုလျှင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ခိုင်မာလာမည်ဖြစ်ပါကြောင်း၊ ယင်းမှာ မိမိတို့အားလုံး ကြိုးစားရှာဖွေဖော်ထုတ်နေသည့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် တိုက်ရိုက်ပတ်သက်နေပါကြောင်း၊ တစ်နည်းအားဖြင့် မိမိတို့တိုင်းရင်းသားများ၏ မွေးရာပါအခွင့်အရေးများလည်း ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံဖြင့် ဖွဲ့စည်းထားသည့် နိုင်ငံဖြစ်သည့်အတွက် လူမျိုးတိုင်း ရေရှည်တည်တံ့သွားနိုင်ရေးအတွက် အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသည့် စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုကိုအမြန်တည်ဆောက်ကြစေလိုပါကြောင်း။


### အဖြေရှာနိုင်မည်ဟု မျှော်လင့်

ယနေ့ချုပ်ဆိုခဲ့ကြသည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေးမှရရှိခဲ့သည့် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၃)၏ ဦးတည်ချက်သည် အနာဂတ်ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် အရေးကြီးသည့် အစပျိုးမှုတစ်ခုအဖြစ် မှတ်ယူပါကြောင်း၊ တစ်ချိန်တည်းတွင် ဆက်လက်ဆွေးနွေးရန် ကျန်ရှိနေခဲ့သည့် ပြည်နယ် ဖွဲ့စည်းပုံအခြေခံဥပဒေကိစ္စနှင့် လွှတ်တော်ပိုင်းဆိုင်ရာ ကဏ္ဍများကိုလည်း မိမိတို့အချင်းချင်း ရင်းနှီးပွင့်လင်းစွာ ဆက်လက်အဖြေရှာနိုင်မည်ဟု မျှော်လင့်ပါကြောင်း။

မိမိတို့၏ အနာဂတ် သားသမီး မြေးမြစ်များအတွက် ကောင်းမွန်အေးချမ်းသည့် အမွေအနှစ်များ ပေးကမ်းသွားနိုင်ရန် ဦးတည်ကြိုးပမ်းကြစေလိုပါကြောင်း၊ မိမိတို့ခေတ်တွင် ဖြစ်ပေါ်နေသည့် ပြဿနာများကို တာဝန်ယူဖြေရှင်းပြီး ငြိမ်းချမ်းဖွံ့ဖြိုးတိုးတက်သည့်ဖက်ဒရယ်ပြည်ထောင်စုကိုတည်ဆောက်သွားကြရန် ခေါင်းဆောင်ကိုယ်စားလှယ်များအားလုံးကို တိုက်တွန်းပါကြောင်း ပြောကြားသည်။

*စာမျက်နှာ ၅ သို့*

# ပြည်သူသာလျှင် အဓိက




ဒေါက်တာတင်မျိုးဝင်း
လက်မှတ်ရေးထိုးချုပ်ဆိုစဉ်။




ဒေါက်တာ မေဝင်းမြင့်
လက်မှတ်ရေးထိုးချုပ်ဆိုစဉ်။



ဒုတိယဗိုလ်ချုပ်ကြီး တင်မောင်ဝင်း
လက်မှတ်ရေးထိုးချုပ်ဆိုစဉ်။




ဒေါက်တာ ဆလိုင်း လျန်မှုန်းဆာခေါင်း
လက်မှတ်ရေးထိုးချုပ်ဆိုစဉ်။



ဦးသုဝေ
လက်မှတ်ရေးထိုးချုပ်ဆိုစဉ်။



ဦးထုံဖူးဒဂုဏ်
အသိသက်သေ လက်မှတ်ရေးထိုးစဉ်။



ဦးကျော်ဝင်း
အသိသက်သေ လက်မှတ်ရေးထိုးစဉ်။



ကျာရှာမွေ
အသိသက်သေ လက်မှတ်ရေးထိုးစဉ်။



ဒေါ်ခင်မမမျိုး
အသိသက်သေ လက်မှတ်ရေးထိုးစဉ်။



ဦးဇီခန်ရမ်
အသိသက်သေ လက်မှတ်ရေးထိုးစဉ်။



နန်းအေးအေးသွယ်
အသိသက်သေ လက်မှတ်ရေးထိုးစဉ်။

*စာမျက်နှာ ၄ မှ*

ထို့နောက် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၃)အဖြစ် ချုပ်ဆိုမည့် အဆိုပြုချက်များကို တင်သွင်းကြရာ အပိုင်း(၁) တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင်သဘောတူညီချက် အဆိုပြုချက်များကို တပ်မတော်အစုအဖွဲ့မှ UPDJC အတွင်းရေးမှူးများအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး(ငြိမ်း)က လည်းကောင်း၊ အပိုင်း(၂) ၂၀၂၀ ပြည့်နှစ်အလွန် အဆင့်လိုက် လုပ်ငန်းစဉ်များနှင့် အဆင့်လိုက် အကောင်အထည်ဖော်မှု(ဇယား ၁) အဆိုပြုချက်များကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအစုအဖွဲ့မှ UPDJC အတွင်းရေးမှူးများအဖွဲ့ဝင် စောမြရာဇာလင်းက လည်းကောင်း၊ အပိုင်း(၃) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာ လမ်းညွှန်အခြေခံမူ အဆိုပြုချက်များကို နိုင်ငံရေးပါတီများ အစုအဖွဲ့မှ UPDJC အတွင်းရေးမှူးများအဖွဲ့ဝင် စိုင်းကျော်ညွန့်က လည်းကောင်း ဖတ်ကြားတင်သွင်းကြသည်။

**ထောက်ခံကြောင်း အဆိုတင်သွင်း**

ယင်းနောက် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၃)အဖြစ် ချုပ်ဆိုမည့် အဆိုပြုချက်များကို အစိုးရအစုအဖွဲ့ကိုယ်စား မွန်ပြည်နယ်အစိုးရအဖွဲ့ ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး နန်းစံဝင့်ခိုင်၊ လွှတ်တော်အစုအဖွဲ့ကိုယ်စား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်မာအောင်၊ တပ်မတော်အစုအဖွဲ့ကိုယ်စား ဗိုလ်မှူးချုပ် ရဲရင့်ဝင်း၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအစုအဖွဲ့ကိုယ်စား မွန်ပြည်သစ်ပါတီ ဗဟိုအလုပ်အမှုဆောင် နိုင်အောင်မငေး၊ နိုင်ငံရေးပါတီများအစုအဖွဲ့ကိုယ်စား လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ)ဥက္ကဋ္ဌ ဦးရွှေမင်းတို့က ထောက်ခံကြောင်း အဆိုတင်သွင်းကြသည်။

**အတည်ပြုကြောင်း ကြေညာ**

ထို့နောက် ဦးဆောင်သဘာပတိ နိုင်ဟံသာက ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၃)အဖြစ် ချုပ်ဆိုမည့် အဆိုပြုချက်များကို တစ်ပေါင်းတစ်စည်းတည်း အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေးမှ အတည်ပြုထားသော သဘောတူညီချက်များကို အစိုးရအစုအဖွဲ့မှ ဒေါက်တာတင်မျိုးဝင်း၊ လွှတ်တော်အစုအဖွဲ့မှ ဒေါက်တာမေဝင်းမြင့်၊ တပ်မတော်အစုအဖွဲ့မှ ဒုတိယဗိုလ်ချုပ်ကြီး တင်မောင်ဝင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အစုအဖွဲ့မှ ဒေါက်တာ ဆလိုင်းလျန်မှုန်းဆာခေါင်းနှင့် နိုင်ငံရေးပါတီအစုအဖွဲ့မှ ဦးသုဝေတို့က ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၃)အဖြစ် လက်မှတ်ရေးထိုး ချုပ်ဆိုကြသည်။

**လက်မှတ်ရေးထိုး**

ထို့နောက် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၃)၌ အစိုးရအစုအဖွဲ့ အသိသက်သေအဖြစ် တိုင်းရင်းသားကိုယ်စားလှယ် ဦးထုံဖူးဒဂုဏ်နှင့် ပါဝင်သင့် ပါဝင်ထိုက်သူများကိုယ်စားလှယ် ဦးကျော်ဝင်းတို့က လည်းကောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအစုအဖွဲ့ အသိသက်သေအဖြစ် တိုင်းရင်းသားကိုယ်စားလှယ် ကျာရှာမွေနှင့် ပါဝင်သင့် ပါဝင်ထိုက်သူများကိုယ်စားလှယ် ဒေါ်ခင်မမမျိုးတို့က လည်းကောင်း၊ နိုင်ငံရေးပါတီအစုအဖွဲ့ အသိသက်သေအဖြစ် တိုင်းရင်းသားကိုယ်စားလှယ် ဦးဇီခန်ရမ်နှင့် ပါဝင်သင့် ပါဝင်ထိုက်သူများကိုယ်စားလှယ် နန်းအေးအေးသွယ်တို့က လည်းကောင်း လက်မှတ်ရေးထိုးကြသည်။

ယင်းနောက် အစိုးရအစုအဖွဲ့ ကိုယ်စားလှယ်ခေါင်းဆောင် ဒေါက်တာတင်မျိုးဝင်း၊ NCA-S EAO အစုအဖွဲ့ ကိုယ်စားလှယ်ခေါင်းဆောင် ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်းနှင့် နိုင်ငံရေးပါတီ အစုအဖွဲ့ ကိုယ်စားလှယ်ခေါင်းဆောင် ဦးသုဝေတို့က ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၃)ကို ဦးဆောင်သဘာပတိ နိုင်ဟံသာထံ အပ်နှံကြသည်။

ထို့နောက် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ကျေးဇူးတင်စကားပြောကြားသည်။

**(နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသည့် ကျေးဇူးတင်စကား အပြည့်အစုံကို စာမျက်နှာ ၃ တွင် သီးခြားဖော်ပြထားပါသည်။)**

ယင်းနောက် ညီလာခံသဘာပတိအဖွဲ့ဝင် ဒုတိယ ဗိုလ်ချုပ်ကြီး ရာပြည့်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ယနေ့သည် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၃) ချုပ်ဆိုနိုင်ခဲ့ပြီး မိမိတို့နိုင်ငံ ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် အလွန်ထူးခြားသည့် နေ့တစ်နေ့ ဖြစ်ပါကြောင်း၊ ယင်းအစိတ်အပိုင်း(၃)တွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို မည်သို့ ရှေ့ဆက်ဆောင်ရွက်သွားမည်ဆိုသည့် ရှေ့လုပ်ငန်းစဉ်များကိုသဘောတူနိုင်ခဲ့ပါကြောင်း၊ NCA ကို မည်သို့အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဆိုသည့် အချက်များနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုကို ပုံဖော်မည့် အဆင့်လိုက် လုပ်ငန်းစဉ်နှင့် အဆင့်လိုက် အကောင်အထည်ဖော်မှုများကို ၂၀၂၀ အလွန်တွင် ဆွေးနွေးညှိနှိုင်း ဆောင်ရွက်နိုင်မည့် အခင်းအကျင်းတစ်ခုကို နှစ်ဖက်အကြား ညှိနှိုင်းသဘောတူနိုင်ခဲ့ပါကြောင်း။

**အကြိမ်ကြိမ်ညှိနှိုင်းဆောင်ရွက်**

ထို့ပြင် အရေးပါသည့် ဖက်ဒရယ်လမ်းညွှန်အခြေခံမူ (၅)ချက်ကိုလည်း သဘောတူနိုင်ခဲ့ပါကြောင်း၊ ယင်းသဘောတူညီချက်များရရှိအောင် နှစ်ဖက်ဆွေးနွေးဖက်များ အချင်းချင်းအကြား နားလည်မှုရအောင် စိတ်ရှည်သည်းခံ၍ အကြိမ်ကြိမ်ညှိနှိုင်းဆောင်ရွက်ခဲ့ရပြီး အဖွဲ့အစည်းအတွင်းနှင့် မိမိတာဝန်ခံသည့် အဖွဲ့အစည်းများတွင်ရှိသည့် အကဲဆတ်သော အကြောင်းအရာများ၊ အကျိုးစီးပွားများကိုလည်း သတိထားညှိနှိုင်းခဲ့ရပါကြောင်း၊ ယင်းကိုကြည့်ခြင်းအားဖြင့် အကြိမ်ကြိမ်တွေ့ဆုံဆွေးနွေးခြင်းသည် နှစ်ဖက်အကြားတွင် အစိုင်အခဲဖြင့်တည်ရှိနေသည့် စိုးရိမ်မှုများ၊ မယုံကြည်မှုများကို လျှော့ချဖြေရှင်းနိုင်သည်ဟု ကောက်ချက်ဆွဲ၍ ရပါကြောင်း။

**ဆင်ခြင်တုံတရားနှင့် ဆောင်ရွက်**

ထို့ကြောင့် မည်ကဲ့သို့သော အကြောင်းအရာနှင့်မျှ ဆွေးနွေးပွဲမှ ထွက်ခွာမသွားသင့်ဘူးဆိုသည်ကို အကြံပြုလိုပါကြောင်း၊ မိမိအနေဖြင့် အချက်(၃)ချက် တင်ပြလိုပါကြောင်း၊ ပထမအချက်အနေဖြင့် ဆက်လက်ညှိနှိုင်းဆွေးနွေးရမည့်ကိစ္စရပ်များ ဖြစ်ပါကြောင်း၊ ဆက်လက်ညှိနှိုင်း ဆွေးနွေးရမည့်ကိစ္စရပ်များသည် မိမိတို့နိုင်ငံ ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် အလွန်အရေးပါပြီး စည်းလုံးညီညွတ်သည့် ပြည်ထောင်စုအဖြစ် ပုံဖော်နိုင်မည့် အခြေခံအကြောင်းတရားများစွာ ပါဝင်နေပါကြောင်း၊ ထိုသို့ ဆောင်ရွက်သည့်နေရာတွင် ကွဲပြားစေမည့် မျိုးစေ့များမပါရှိအောင်နှင့် လက်ရှိအနေအထားကို ကျော်လွန်ပြီး အနာဂတ်ကို မျှော်မှန်းကြည့်ရှုနိုင်သည့် ဆင်ခြင်တုံတရားနှင့် သတိထားဆောင်ရွက်ကြရန် တင်ပြလိုပါကြောင်း၊ အတိတ်က ကွဲပြားစေသည့်မျိုးစေ့များကြောင့် တိုင်းရင်းသားအချင်းချင်းအကြားတွင် မယုံကြည်မှုများ၊ လက်နက်ကိုင်ပဋိပက္ခများ၊ လက်နက်ကိုင်တောင်းဆိုမှုများ ယနေ့ထက်တိုင် ဖြစ်ပွားနေခြင်းသည် ပကတိအမှန်တရားပင် ဖြစ်ပါကြောင်း။

**ထိန်းသိမ်းရန်လိုအပ်**

ယင်းပဋိပက္ခများကြောင့် ဒေသခံပြည်သူလူထု၏ စားဝတ်နေရေး ခက်ခဲဒုက္ခရောက်ခဲ့ရပါကြောင်း၊ အနာဂတ်ကို ပုံဖော်မည့် တိုင်းရင်းသားလူငယ်များ၏ ပညာရေးမှာ များစွာနောက်ကျခဲ့ရပါကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်မှုများနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ခံစားနေရသည်ကို တွေ့ရပါကြောင်း၊ စည်းလုံးညီညွတ်သည့် ပြည်ထောင်စုဖြစ်ရန် အစိုးရအဆက်ဆက်သည် အခက်အခဲအမျိုးမျိုးကြားမှ ကြိုးစားပုံဖော်ခဲ့ကြပါကြောင်း၊ အပြည့်အစုံ ရုပ်လုံးမဖော်နိုင်သော်လည်း အချုပ်အခြာပိုင်ဆိုင်သည့် နိုင်ငံတစ်ခုအဖြစ် ယနေ့တိုင် ရပ်တည်နေနိုင်စေခဲ့ပါကြောင်း၊ ယခုအခြေအနေအဆင့်အတန်းမှ ကျဆင်းမသွားအောင် တိုင်းရင်းသားပြည်သူအားလုံးက သတိရှိရှိနှင့် ထိန်းသိမ်းရန်လိုအပ်ပြီး လက်ရှိတည်ရှိမှုကို ယိမ်းယိုင်သွားစေနိုင်သည့် ဟန်ချက်မညီသော ပြုပြင်ပြောင်းလဲမှုများကို သတိထားဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

*စာမျက်နှာ ၆ သို့*



ညီလာခံ သဘာပတိ အဖွဲ့ဝင် ဒုတိယ ဗိုလ်ချုပ်ကြီး ရာပြည့် နိဂုံးချုပ် အမှာစကား ပြောကြားစဉ်။



အစိုးရအစုအဖွဲ့ ကိုယ်စားလှယ်ခေါင်းဆောင် ဒေါက်တာတင်မျိုးဝင်း၊ NCA-S EAO အစုအဖွဲ့ ကိုယ်စားလှယ်ခေါင်းဆောင် ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်းနှင့် နိုင်ငံရေးပါတီ အစုအဖွဲ့ကိုယ်စားလှယ်ခေါင်းဆောင် ဦးသုဝေတို့က ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၃)ကို ဦးဆောင်သဘာပတိ နိုင်ဟံသာထံ အပ်နှံစဉ်။ သတင်းစဉ်

*စာမျက်နှာ ၅ မှ*

ဒုတိယအချက်အနေဖြင့် မိမိတို့နိုင်ငံ ပထဝီအနေအထားတည်ရှိမှုနှင့် ဆက်စပ်စီးဆင်းနေသည့် အကြောင်းအရာများ ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံသည် လူဦးရေများပြားသည့် နိုင်ငံကြီးများအကြားတွင် တည်ရှိနေပါကြောင်း၊ ထို့အတူ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည်လည်း ထိစပ်နေသည့် နယ်စပ်တစ်လျှောက်တွင် အခြေပြုနေကြပါကြောင်း၊ ထို့ကြောင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် နယ်မြေတည်တံ့မှု၊ အချုပ်အခြာအာဏာခိုင်မြဲမှုသည် အတိုင်းအတာတစ်ခုအထိ ဆက်စပ်ပတ်သက်နေသည့်အတွက် မသိလိုက်မသိဘာသာနှင့် အချုပ်အခြာအာဏာဆုံးရှုံးခြင်းမျိုး မဖြစ်ရအောင် သတိထားဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

**ပဋိညာဉ်ခံပြီးဖြစ်**

တတိယအချက်အနေဖြင့် မိမိတို့နိုင်ငံကို ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုအဖြစ် နိုင်ငံရေးဆွေးနွေးပွဲများ၏ သဘောတူညီချက်များအပေါ် မူတည်ပြီး တည်ဆောက်သွားမည်ဟု NCA တွင် ပဋိညာဉ်ခံပြီး ဖြစ်ပါကြောင်း။

သို့သော်လည်း NCA နှင့် ဆက်နွယ်နေသည့် ဆွေးနွေးပွဲများတွင် မပါဝင်သည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများသည် ဒီမိုကရေစီနှင့် ဖက်ဒရယ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်မှုတွင် အတူတကွ ပါဝင်ဆောင်ရွက်ရန်မည်သည့်အရာများ လိုအပ်နေသည်၊ တွေ့ဆုံဆွေးနွေးခြင်းဖြင့်သာ ပဋိပက္ခများကို ဖြေရှင်းနိုင်မည်ဆိုသည့် အယူအဆအရ မှန်ကန်သည့် သာဓကများ ရှိနေပါလျက် မည်သည့်အတွက်ကြောင့် လက်နက်ကိုင်တောင်းဆိုနေသည်ဆိုသည့် အခြေခံအကြောင်းတရားများကို ဖော်ထုတ်ပြီး ငြိမ်းချမ်းရေးဆွေးနွေးမှု အသိုင်းအဝိုင်းအတွင်းတွင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအားလုံး ပူးပေါင်းပါဝင်လာအောင် ကြိုးစားဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

**ဝိုင်းဝန်းညှိနှိုင်း ဆောင်ရွက်**

နိဂုံးချုပ်အနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို မည်သို့သော အကြောင်းတရားနှင့်မျှ ရပ်တန့်နှောင့်နှေးမှုမရှိအောင် ကြိုးစားဆောင်ရွက်ရန် အားလုံးတွင် တာဝန်ရှိသည်ဟု အလေးအနက်ခံယူပြီး အောင်မြင်ပြီးမြောက်အောင် ဝိုင်းဝန်းညှိနှိုင်း ဆောင်ရွက်ကြရန် မိမိတို့အားလုံးတွင် တူညီသောစိတ်ဆန္ဒရှိပြီး ဖြစ်ပါကြောင်း၊ လက်ရှိဖြစ်ပေါ်နေသည့် ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားနေသော ကာလအတွင်းတွင်လည်း တွေ့ဆုံဆွေးနွေးမှုများကို သတ်မှတ် စည်းကမ်းချက်များနှင့်အညီ စဉ်ဆက်မပြတ်ဆောင်ရွက်သွားရန် လိုအပ်ပြီး ၂၀၂၀ ရွေးကောက်ပွဲကြောင့် ဆွေးနွေးမှုများ ရပ်တန့်မသွားအောင် အချိန်ဇယားသတ်မှတ် ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း ပြောကြားပြီး ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစု ပင်လုံ စတုတ္ထအစည်းအဝေးကို အောင်မြင်စွာ ကျင်းပပြီးစီးသည်။ **သတင်းစဉ်**

# မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာရန်ပုံငွေ စီမံခန့်ခွဲရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဩဂုတ် ၂၁**

မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ရန်ပုံငွေ စီမံခန့်ခွဲရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**




အစည်းအဝေးတွင် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ရန်ပုံငွေစီမံခန့်ခွဲရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ (၁)၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ရန်ပုံငွေဖြင့် မသန်စွမ်းသူများ၏ ဘဝပိုမိုမြင့်မားတိုးတက်လာစေရေး၊ လူ့အဖွဲ့အစည်းအတွင်း အများနည်းတူ တန်းတူညီမျှ ပါဝင်ခွင့်ရရှိရေးနှင့် မသန်စွမ်းမှုအလိုက် လိုအပ်သောဝန်ဆောင်မှုများ ရရှိခံစားနိုင်ရေးအတွက် လက်တွေ့အကောင်အထည်ဖော်နိုင်ရန်အတွက် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ဥပဒေနှင့်အညီ ရန်ပုံငွေကို တည်ထောင်ခြင်းဖြစ်ကြောင်း၊ မသန်စွမ်းများအားထောက်ပံ့ပေးခြင်းအပြင် ရန်ပုံငွေအား ချေးငွေအဖြစ်ထုတ်ချေးရာတွင် ချေးငွေသက်တမ်း၊ အတိုးနှုန်းတို့ကို သတ်မှတ်ရန်လိုအပ်ကြောင်း၊ ရန်ပုံငွေတည်ထောင်ခြင်းကိုလည်း အများပြည်သူသို့အသိပေးရန် လိုအပ်ကြောင်း၊ လုပ်ငန်းအမျိုးအစားအလိုက် စိစစ်ဆောင်ရွက်သင့်ကြောင်း၊ မသန်စွမ်းသူအားလုံးပါဝင်နိုင်စေရန်နှင့် မူဝါဒတစ်ရပ်ရေးဆွဲဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။


ဆက်လက်၍ ဒုတိယဥက္ကဋ္ဌ (၂)၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်က Third Party ဖြင့် ဆောင်ရွက်ပါက တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ရန်လိုပါကြောင်း၊ ချေးငွေထုတ်ပေးခြင်းဖြစ်၍ ဥပဒေနှင့်အညီ စည်းကမ်းတကျဖြစ်စေရန် ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် သက်ဆိုင်ရာဌာနများ၏ အကူအညီလိုအပ်ပါကြောင်း၊ ချေးငွေထုတ်ပေးရာတွင် စံနှုန်းသတ်မှတ်ချက်များထားရှိရန် လိုပါကြောင်း၊ စောင့်ကြည့်စိစစ်ခြင်း၊ အာမခံပေးနိုင်မှုအခြေအနေ စသည်တို့ကို ထည့်သွင်းစဉ်းစားရန် လိုအပ်ပါကြောင်း၊ ရန်ပုံငွေအပေါ် ဆောင်ရွက်ရန်နည်းလမ်းများနှင့်စပ်လျဉ်း၍ တက်ရောက်လာသူများက ဝိုင်းဝန်းဆွေးနွေးအကြံပြုပေးစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ရန်ပုံငွေစီမံခန့်ခွဲရေးအဖွဲ့ အတွင်းရေးမှူး၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်ထွန်းက မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ရန်ပုံငွေတည်ထောင်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ရန်ပုံငွေစီမံခန့်ခွဲရေးအဖွဲ့ဝင်များက သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးကြကြောင်း သိရသည်။

**သတင်းစဉ်**

**နှစ်စဉ် အထူးကုန်စည်ခွန် ရငွေစာရင်း**
**၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် အောက်တိုဘာလမှ မတ်လအထိ**


(ကျပ်သန်းပေါင်း)




**ဇာစ်မြစ် ။ ပြည်တွင်းအခွန်များဦးစီးဌာန**
**ဗဟိုစာရင်းအင်းအဖွဲ့၊ သတင်းအချက်အလက်ယူနစ်မှစုစည်းတင်ပြပါသည်။**

**နှစ်စဉ် အောင်ဘာလေသိန်းဆုခွန် ရငွေစာရင်း**
**၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် အောက်တိုဘာလမှ မတ်လအထိ**

(ကျပ်သန်းပေါင်း)




**ဇာစ်မြစ် ။ ပြည်တွင်းအခွန်များဦးစီးဌာန**
**ဗဟိုစာရင်းအင်းအဖွဲ့၊ သတင်းအချက်အလက်ယူနစ်မှစုစည်းတင်ပြပါသည်။**

# ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၃)

## ပြည်ထောင်စုသဘောတူစာချုပ်
## အစိတ်အပိုင်း(၃)

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အား ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ရှေးရှု၍ လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် တရားမျှတမှုတို့ကို အခြေခံပြီး ပင်လုံစိတ်ဓာတ်နှင့်အညီ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ၊ အာမခံချက်များ အပြည့်အဝရှိသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကိုအခြေခံသည့်ပြည်ထောင်စုကိုနိုင်ငံရေးဆွေးနွေးပွဲရလဒ်များနှင့်အညီ တည်ဆောက်နိုင်ရေးအတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေးအား နေပြည်တော်၌ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ (၁၉) ရက်မှ (၂၁) ရက်အထိ ကျင်းပပြုလုပ်ခဲ့ပါသည်။

၂။ ဤညီလာခံကြီးတွင် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (Union Peace Dialogue Joint Committee – UPDJC) က အဆိုပြု တင်သွင်းလာသော အဆိုပြုချက်များအပေါ် ညှိနှိုင်းဆွေးနွေးပြီး ရရှိလာသည့် အဆိုပြုချက်များကို ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်းများအဖြစ် သဘောတူညီမှု ရရှိခဲ့ပါသည်။

၃။ ဤညီလာခံကြီးတွင် ချုပ်ဆိုသော ပြည်ထောင်စုသဘောတူစာချုပ်အစိတ်အပိုင်း(၃)တွင် အောက်ပါအတိုင်း သဘောတူညီချက် (၂၀) ချက်နှင့် ၂၀၂၀ အလွန် အဆင့်လိုက် လုပ်ငန်းစဉ်နှင့် အဆင့်လိုက် အကောင်အထည်ဖော်မှုများကို ရရှိခဲ့ပါသည်–

(က) အပိုင်း(၁)၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) အကောင်အထည်ဖော်မှုဆိုင်ရာမူဘောင်သဘောတူညီချက် (၁၅)ချက် (နောက်ဆက်တွဲ-က)

(ခ) အပိုင်း(၂)၊ ၂၀၂၀ အလွန် အဆင့်လိုက် လုပ်ငန်းစဉ်များနှင့် အဆင့်လိုက် အကောင်အထည်ဖော်မှုများ(ဇယား-၁) (နောက်ဆက်တွဲ-ခ)

(ဂ) အပိုင်း(၃)၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေးဆိုင်ရာ လမ်းညွှန်အခြေခံမူသဘောတူညီချက် (၅)ချက် (နောက်ဆက်တွဲ-ဂ)

၄။ အထက်ပါ သဘောတူညီချက်များကို တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်အပိုဒ် ၂၀(င)အရ ပြည်ထောင်စုသဘောတူစာချုပ်အစိတ်အပိုင်း(၃)အဖြစ် ဤပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေးတွင် အစုအဖွဲ့အသီးသီး၏ ခေါင်းဆောင်များနှင့် အသိသက်သေများက လက်မှတ်ရေးထိုးကြပါသည်။

---

ပြည်ထောင်စုသဘောတူစာချုပ်အစိတ်အပိုင်း(၃)၏ စာမျက်နှာ(၂)

၁။ ဒေါက်တာ တင်မျိုးဝင်း ------------------------------
အစိုးရအစုအဖွဲ့ကိုယ်စားလှယ်

၂။ ဒေါက်တာ မေဝင်းမြင့် ------------------------------
လွှတ်တော်အစုအဖွဲ့ကိုယ်စားလှယ်

၃။ ဒုတိယဗိုလ်ချုပ်ကြီး တင်မောင်ဝင်း ------------------------------
တပ်မတော်အစုအဖွဲ့ကိုယ်စားလှယ်

၄။ ဒေါက်တာ လျန်မှုန်းဆာခေါင်း ------------------------------
တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ
အစုအဖွဲ့ကိုယ်စားလှယ်

၅။ ဦးသုဝေ ------------------------------
နိုင်ငံရေးပါတီများအစုအဖွဲ့ကိုယ်စားလှယ်

---

ပြည်ထောင်စုသဘောတူစာချုပ်အစိတ်အပိုင်း(၃)၏ စာမျက်နှာ(၃)

### အသိသက်သေများ

(ဦးထုံဖူးဒဂုဏ်)
တိုင်းရင်းသားကိုယ်စားလှယ်
အစိုးရအစုအဖွဲ့

(ဦးကျော်ဝင်း)
ပါဝင်သင့်ပါဝင်ထိုက်သူများကိုယ်စားလှယ်
အစိုးရအစုအဖွဲ့

(ကျာရှာမွေ)
တိုင်းရင်းသားကိုယ်စားလှယ်
တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ
အစုအဖွဲ့

(ဒေါ်ခင်မမမျိုး)
ပါဝင်သင့်ပါဝင်ထိုက်သူများကိုယ်စားလှယ်
တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ
အစုအဖွဲ့

(ဦးဇီခန်ရှမ်)
တိုင်းရင်းသားကိုယ်စားလှယ်
နိုင်ငံရေးပါတီများအစုအဖွဲ့

(နန်းအေးအေးသွယ်)
ပါဝင်သင့်ပါဝင်ထိုက်သူများကိုယ်စားလှယ်
နိုင်ငံရေးပါတီများအစုအဖွဲ့

---

ပြည်ထောင်စုသဘောတူစာချုပ်အစိတ်အပိုင်း(၃)၏ နောက်ဆက်တွဲ(က)

### အပိုင်း(၁)

### တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (Nationwide Ceasefire Agreement-NCA) အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင်သဘောတူညီချက်

(၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၁ ရက်)

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အား ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ရှေးရှု၍ လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် တရားမျှတမှုတို့ကို အခြေခံပြီး ပင်လုံစိတ်ဓါတ်နှင့်အညီ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ အာမခံချက်များ အပြည့်အဝရှိသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်များနှင့်အညီ တည်ဆောက်သွားရန်။

၂။ ဤပြည်ထောင်စုအတွင်း နေထိုင်ကြသော နိုင်ငံသားအားလုံးကို လူမျိုးရေး၊ ဘာသာရေး၊ ယဉ်ကျေးမှုနှင့် လိင်ကွဲပြားမှုတို့ကြောင့် ခွဲခြားဆက်ဆံခြင်း မပြုဘဲ တန်းတူရည်တူ အခွင့်အရေး ရရှိစေရန်။

၃။ နိုင်ငံရေးကိစ္စအလို့ငှာ ဘာသာသာသနာကို အလွဲသုံးစား မပြုရန်၊ နိုင်ငံရေးနှင့် ဘာသာရေး ရောယှက်ခြင်းမရှိသည့် နိုင်ငံတော်ကို ထူထောင်ရန်။

၄။ ငြိမ်းချမ်းရေးဆွေးနွေးဘက်များအကြား ဝိဝါဒကွဲပြားမှုများကို ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိရန် စိတ်ရင်းစေတနာမှန်ဖြင့် အကျေအလည် ညှိနှိုင်းဖြေရှင်းဆောင်ရွက်ရန်။

၅။ ဤသဘောတူစာချုပ်တွင် ဖော်ပြပါရှိသည့် နှစ်ဖက်အပြန်အလှန်ထားရှိသော ကတိကဝတ်များကို စောင့်ထိန်းရန်၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ပွင့်လင်းမြင်သာခြင်း၊ တာဝန်ယူခြင်း၊ တာဝန်ခံခြင်းစသည့် နည်းလမ်းများဖြင့် အကောင်အထည်ဖော်ရန်၊ ဖြစ်ထွန်းလာမည့် တိုးတက်မှုများကို တစ်ဖက်နှင့်တစ်ဖက် အခွင့်အရေးမယူဘဲ သဘောတူစာချုပ်ပါ ကိစ္စရပ်များကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားရန်။

၆။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော ပြည်သူလူထု တစ်ရပ်လုံး၏ အသက်၊ အိုးအိမ်၊ စည်းစိမ်လုံခြုံရေးနှင့် ပြည်သူလူထု၏ ဘဝမြှင့်တင်ရေးကို ကြိုးပမ်းဆောင်ရွက်သွားရန်။

စာမျက်နှာ ၈ သို့

စာမျက်နှာ ၇ မှ

### ပြည်ထောင်စုသဘောတူစာချုပ်အစိတ်အပိုင်း(၃)၏ နောက်ဆက်တွဲ(က)အဆက်

၇။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) တွင် ပါရှိသည့် အချက်များအနက် အဓိပ္ပါယ်ဖွင့်ဆိုရန် လိုအပ်နေသောအချက်များကို ဖော်ထုတ်ပြီး သက်ဆိုင်သည့် အစုအဖွဲ့များအကြား ဘုံတူညီသော နားလည်မှုများ၊ ဖွင့်ဆိုချက်များ ရရှိစေရေး အကျေအလည် ဆွေးနွေး ညှိနှိုင်းဆောင်ရွက်သွားရန်။

၈။ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) ၊ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) တို့၏ အကောင်အထည်ဖော် ဆောင်ရွက်ချက်များကို သက်ဆိုင်ရာ ကော်မတီများအတွင်း ပြန်လည်ဆွေးနွေးပြီး ပိုမို ထိရောက်ခိုင်မာစေရေးအတွက် နှစ်ဖက် ညှိနှိုင်းသဘောတူညီချက်ဖြင့် လိုအပ်သလို ဆောင်ရွက်ရန်။

၉။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသား လူမျိုးများ၏ နောက်ခံသမိုင်း၊ ရိုးရာယဉ်ကျေးမှု၊ စာပေ၊ ဘာသာစကားနှင့် အမျိုးသား လက္ခဏာများ မတူကွဲပြားမှုကို လက်ခံအသိအမှတ်ပြု၍ လူမျိုးပေါင်းစုံ၊ ဘာသာစကား ပေါင်းစုံ တို့ဖြင့် ပြည်ထောင်စုလက္ခဏာတစ်ရပ်ကို နိုင်ငံသားအားလုံး စုပေါင်းဖော်ဆောင်ရန်။

**မှတ်ချက်။** ပြည်ထောင်စုလက္ခဏာ ဆိုသည်မှာ စည်းလုံးညီညွတ်သည့် တစ်ခုတည်းသော ပြည်ထောင်စု ဖြစ်သည်။

၁၀။ NCA ပါ နှစ်ဖက်တွေ့ဆုံဆွေးနွေးရန် လိုအပ်သည့်အချက်များကို နှစ်ဖက်တပ်များ တွေ့ဆုံ ဆွေးနွေး ညှိနှိုင်းသွားရန် သဘောတူသည်။

၁၁။ ရေရှည် တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေး ဖော်ဆောင်ပေးနိုင်ရေးအတွက် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသော ပြည်ထောင်စု တည်ဆောက်ရာတွင် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံမှ သဘောတူ ရရှိလာသည့် ၂၀၂၀ အလွန် အဆင့်လိုက် လုပ်ငန်းစဉ်များနှင့် အဆင့်လိုက် အကောင်အထည်ဖော်မှုများဖြင့် နှစ်ဖက်ဆွေးနွေး ညှိနှိုင်း ဆောင်ရွက်သွားရန် သဘောတူသည်။

၁၂။ (က) ပြည်ထောင်စုသဘောတူစာချုပ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးနှင့် ပြည်ထောင်စုသဘောတူစာချုပ်၏ မူလ သဘောတူညီချက်များ၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူ စာချုပ် (NCA) ပါ အခြေခံမူများ၊ ဦးတည်ချက်၊ ရည်ရွယ်ချက်များနှင့် သွေဖည်မှု မရှိစေရေးအတွက် အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် NCA-S EAO တို့မှ တာဝန်ခံမှု၊ တာဝန်ယူမှုရှိရှိဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားရန်နှင့် ပြည်ထောင်စုသဘောတူစာချုပ် အကောင်အထည်ဖော်ရေးဆိုင်ရာ ယန္တရား တစ်ရပ်ကို နှစ်ဖက် ညှိနှိုင်းသဘောတူညီမှုဖြင့် ဖွဲ့စည်းဆောင်ရွက်သွားရန်။

(ခ) ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိရန်အတွက် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ် တို့ကို အခြေခံသော ပြည်ထောင်စုတွင် လုံခြုံရေးဆိုင်ရာ ပြန်လည်ပေါင်းစည်းခြင်း (NCA အပိုဒ် ၃၀ နှင့်အညီ) ကိစ္စရပ်များ၊ လုပ်ငန်းစဉ်များကို ညှိနှိုင်းဆွေးနွေးခြင်းနှင့် နှစ်ဖက် သဘောတူညီသော ကြိုတင်ဆောင်ရွက်ဖွယ်ရာများကို လုပ်ဆောင်ခြင်းနှင့် လုံခြုံရေးဆိုင်ရာပြန်လည်ပေါင်းစည်းခြင်း လုပ်ငန်းစဉ်အတွက် ယန္တရားတစ်ရပ်ကို နှစ်ဖက် ညှိနှိုင်းသဘောတူညီမှုဖြင့် ဖွဲ့စည်း၍ အကောင်အထည်ဖော် ဆောင်ရွက် သွားရန် သဘောတူသည်။

(ဂ) ပြည်ထောင်စုသဘောတူစာချုပ်ကို အကောင်အထည်ဖော်ရာတွင် လုံခြုံရေး ဆိုင်ရာ ပြန်လည်ပေါင်းစည်းခြင်း လုပ်ငန်းစဉ်များ (NCA အပိုဒ် ၃၀ နှင့်အညီ) အကောင်အထည်ဖော် ဆောင်ရွက်ခြင်းကို ဟန်ချက်ညီ ဖော်ဆောင်သွားရန် သဘောတူသည်။

၁၃။ ပြည်ထောင်စုသဘောတူစာချုပ်ပါ အချက်များကို အကောင်အထည်ဖော်ရာတွင် လည်းကောင်း၊ လုံခြုံရေးဆိုင်ရာ ပြန်လည်ပေါင်းစည်းခြင်းလုပ်ငန်းစဉ်များကို အကောင်အထည် ဖော်ရာတွင်လည်းကောင်း တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) အပိုဒ် ၂၀ ပါ နိုင်ငံရေးလမ်းပြမြေပုံအတိုင်း ဆောင်ရွက်ရမည်။

၁၄။ NCA ပါ သဘောတူညီချက်များအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် NCA အရ တရားဝင်ဖွဲ့စည်းထားသော ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေးကော်မတီ အဆင့်ဆင့်နှင့် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီတို့၏ ပုံမှန် အစည်းအဝေး များကို သတ်မှတ်ချက်အတိုင်း ကျင်းပပြုလုပ်ပြီး နှစ်ဖက်သဘောတူညီချက်များဖြင့် အကောင် အထည်ဖော်ဆောင်ရွက်ရန်နှင့် Bilateral အစည်းအဝေးများကိုလည်း Parallel ပြုလုပ် ညှိနှိုင်း ဆွေးနွေးသွားရန် သဘောတူသည်။

၁၅။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံတွင် ရရှိသော သဘောတူညီချက် များကို အခြေခံ၍ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်အား UPDJC က လိုအပ်သလို ညှိနှိုင်း ပြင်ဆင်ရန် သဘောတူသည်။

### ပြည်ထောင်စုသဘောတူစာချုပ်အစိတ်အပိုင်း(၃)၏ နောက်ဆက်တွဲ(ခ)

## အပိုင်း(၂)
## ၂၀၂၀ အလွန်အဆင့်လိုက်လုပ်ငန်းစဉ်များနှင့် အဆင့်လိုက်အကောင်အထည်ဖော်မှုများ(ဇယား-၁)
## (၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၁ ရက်)

| ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေး | ဒီမိုကရေစီနှင့် ဖက်ဒရယ်ဆိုင်ရာများ | အကောင်အထည်ဖော်မှုအဆင့်များ | | |
|---|---|---|---|---|
| | | နိုင်ငံရေးအရ ချေစပ်ညှိနှိုင်းမှု | နည်းပညာဆိုင်ရာ ချေစပ်ညှိနှိုင်းမှု | အကောင်အထည်ဖော်မှု |
| (အဆင့်-၁) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုဆိုင်ရာ အခြေခံများ တည်ဆောက်ရေး | ၁။ ဖက်ဒရယ် တည်ဆောက်ရေး<br>၂။ အုပ်ချုပ်မှု ပြုပြင်ပြောင်းလဲရေး<br>၃။ စီးပွားရေးနှင့် ဖွံ့ဖြိုးရေး<br>၄။ ဘဏ္ဍာရေးဆိုင်ရာ လုပ်ပိုင်ခွင့်များ<br>၅။ မြေယာနှင့် သယံဇာတ<br>၆။ ဒီမိုကရေစီ တည်ဆောက်ရေး<br>၇။ လူမှုသဟဇာတ ဖြစ်ရေး<br>၈။ လုံခြုံရေးဆိုင်ရာ ပြန်လည်ပေါင်းစည်းရေး (NCA အပိုဒ် ၃၀ နှင့်အညီ) | | | |
| (အဆင့်-၂) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စု ဖော်ဆောင်ရေး | | | | |
| (အဆင့်-၃) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စု ခိုင်မာရေး | | | | |

### ပြည်ထောင်စုသဘောတူစာချုပ်အစိတ်အပိုင်း(၃)၏ နောက်ဆက်တွဲ(ဂ)

## အပိုင်း(၃)
## ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာ လမ်းညွှန်အခြေခံမူများ
## (၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၁ ရက်)

**နိဒါန်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အား ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ရှေးရှု၍ လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် တရားမျှတမှုတို့ကို အခြေခံပြီး ပင်လုံစိတ်ဓာတ်နှင့်အညီ ဒီမိုကရေစီရေး၊ အမျိုးသား တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ အာမခံချက်များ အပြည့်အဝရှိသော၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်များမှ ရရှိလာသော အောက်ပါ လမ်းညွှန်အခြေခံမူများနှင့်အညီ တည်ဆောက်သွားမည်ဖြစ်သည်။

၁။ နိုင်ငံတော်ကို ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုအဖြစ် ဖွဲ့စည်းရမည်။

၂။ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ်အကြားတွင်သော်လည်းကောင်း၊ တိုင်း ဒေသကြီး/ ပြည်နယ်အချင်းချင်းအကြားတွင်သော်လည်းကောင်း ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာ အငြင်းပွားမှုများကို ဖြေရှင်းရန်အတွက် သီးခြားလွတ်လပ်သော နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးကို ထူထောင်ထားရှိရမည်။

၃။ (က) ပြည်ထောင်စုနှင့်တိုင်းဒေသကြီး/ပြည်နယ်များအကြား ဖက်ဒရယ်စနစ်နှင့်အညီ အာဏာ ခွဲဝေမှု၊ သယံဇာတခွဲဝေမှု၊ အခွန်အကောက် ခွဲဝေမှုနှင့် ဘဏ္ဍာရေး ခွဲဝေမှု ရှိရမည်။

(ခ) နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မ(၃)ဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ် ရေးနှင့် တရားစီရင်ရေး အာဏာ (၃)ရပ်ကို ပြည်ထောင်စု၊ တိုင်းဒေသကြီး/ ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ ဒေသများသို့ ခွဲဝေအပ်နှင်းမည်။ ပြည်ထောင်စု၊ တိုင်းဒေသကြီး/ ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ ဒေသများအကြား ဥပဒေပြုရေးဆိုင်ရာ အာဏာများနှင့် ပူးတွဲအာဏာများကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေက ခွဲဝေ အပ်နှင်းပေးရမည်။

စာမျက်နှာ ၉ သို့

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေးနှင့် သက်ဆိုင်သည့် သတင်းစာရှင်းလင်းပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၂၁**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေးညီလာခံ တတိယနေ့ကို ယနေ့ နံနက်ပိုင်းက နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန – ၂ (MICC-2) တွင် ကျင်းပခဲ့ပြီး ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၃) ကို ချုပ်ဆိုနိုင်ခဲ့သည်။

အစည်းအဝေးအပြီးတွင် အစိုးရအစုအဖွဲ့မှ UPDJC အတွင်းရေးမှူးအဖွဲ့ဝင် ဦးဇော်ဌေး၊ နိုင်ငံရေးပါတီ အစုအဖွဲ့မှ UPDJC အတွင်းရေးမှူးအဖွဲ့ဝင် ဦးမြင့်စိုးနှင့် တိုင်းရင်းသားလက်နက်ကိုင်များ အစုအဖွဲ့မှ UPDJC အတွင်းရေးမှူးအဖွဲ့ဝင် နိုင်အောင်မငေးတို့က ညီလာခံနှင့်သက်ဆိုင်သည့် သတင်းစာရှင်းလင်းပွဲ ပြုလုပ်သည်။

**လမ်းညွှန်အခြေခံမူများ (၅) ချက်ရရှိ**

ယနေ့ကျင်းပသည့် ညီလာခံနှင့်စပ်လျဉ်း၍ UPDJC အတွင်းရေးမှူးအဖွဲ့ဝင် နိုင်အောင်မငေးက “ဒီနေ့ ညီလာခံ တတိယနေ့မှာ ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၃) ကို အောင်မြင်စွာ ချုပ်ဆိုနိုင်ခဲ့တယ်။ အပိုင်းတစ်က တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (National Ceasefire Agreement – NCA) အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင်သဘောတူညီချက်မှာ (၁၅) ချက်ရှိတယ်။ အပိုင်းနှစ်မှာဆိုရင် ၂၀၂၀ အလွန် အဆင့်လိုက်လုပ်ငန်းစဉ်များနှင့် အဆင့်လိုက် အကောင်အထည်ဖော်မှုများမှာ ဇယား(၁) ကို ရရှိတယ်။ အပိုင်းသုံးမှာဆိုရင် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာ လမ်းညွှန်အခြေခံမူများ (၅) ချက်ရရှိပါတယ်” ဟု ပြောကြားသည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲတွင် UPDJC အတွင်းရေးမှူးအဖွဲ့ဝင် ဦးဇော်ဌေးက အစိုးရအနေဖြင့် ဆက်လက်အကောင်အထည်ဖော်သွားမည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်ပတ်သက်၍ “အစိုးရပိုင်းအနေနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် (၃) ရပ်ကို ဖော်ဆောင်ပါမယ်။ ညီလာခံဖွင့်ပွဲမှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ထုတ်ဖော်ပြောထားတာ ရှိပါတယ်။ ပထမလုပ်ငန်းစဉ်ကတော့ Ceasefire (အပစ်အခတ်ရပ်စဲရေး)မှာ နံပါတ်(၁)ကတော့ NCA လက်မှတ်မထိုးတဲ့ အဖွဲ့တွေနဲ့ Ceasefire Agreement (အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်) တွေရအောင်လုပ်မယ်။ ပြီးရင် NCA စာချုပ်ပါ နိုင်ငံရေးစားပွဲဝိုင်းကို ရအောင်လုပ်မယ်။ နံပါတ်(၂) အချက်ကတော့ ကျွန်တော်တို့ NCA လက်မှတ်ထိုးပြီးသားအဖွဲ့တွေနဲ့ Ceasefire ပိုပြီး ခိုင်မာအောင် လုပ်မယ်။ နောက် Ceasefire Monitoring (အပစ်အခတ်ရပ်စဲရေး စောင့်ကြည့်လေ့လာခြင်း) ကို ခိုင်မာအောင် လုပ်မယ်။ Bilateral တွေ သွားမယ်။ NCA အခန်း (၃)၊ အခန်း(၄) ဒီကိစ္စတွေကို ခိုင်မာအောင်လုပ်မယ်။ နံပါတ်(၃)အချက်က လွှတ်တော်ဘက်က ဥပဒေပြဋ္ဌာန်းတာတွေ၊ အစိုးရပိုင်းက အမျိုးသားတန်းတူရေး၊ တိုင်းရင်းသားအခွင့်အရေးမြှင့်တင်ရေးကိစ္စတွေကို ဟန်ချက်ညီ ဖော်ဆောင်မယ်။ ဒါက ပထမလုပ်ငန်းစဉ် ဖြစ်ပါတယ်။



ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေးနှင့် သက်ဆိုင်သည့် သတင်းစာရှင်းလင်းပွဲကျင်းပစဉ်။ သတင်းစဉ်

**ချိတ်ဆက်ဆောင်ရွက်**

“ဒုတိယလုပ်ငန်းစဉ်ကတော့ ပြည်ထောင်စုသဘောတူစာချုပ်အစိတ်အပိုင်း (၃) (Union Accord Part-3) မှာ ဆက်လက်ဆွေးနွေးဖို့အရာတွေ ကျန်ရှိပါတယ်။ အပိုင်း (၃) မှာ ပါရှိတဲ့ လမ်းညွှန်အခြေခံမူထဲမှာရှိတဲ့ ပြည်နယ်ဖွဲ့စည်းပုံရေးဆွဲရေးကိစ္စတွေ ဆက်ပြီး ဆွေးနွေးရမှာဖြစ်ပါတယ်။ နောက်အချက်ကတော့ လွှတ်တော်တွေရဲ့အခန်းကဏ္ဍနဲ့ အခွင့်အာဏာကိစ္စ ဆက်ဆွေးနွေးရမှာ ဖြစ်ပါတယ်။ နံပါတ်(၂) အချက်က နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်ကို ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၃) နဲ့ အညီ ဆက်ပြီးတော့ ပြင်ဆင်သွားဖို့၊ နံပါတ်(၃) အချက်က ပြည်ထောင်စုသဘောတူ စာချုပ်အကောင်အထည်ဖော်တဲ့ ယန္တရားနဲ့ လုံခြုံရေးဆိုင်ရာ ပြန်လည်ပေါင်းစည်းခြင်း အကောင်အထည်ဖော်တဲ့ ယန္တရားကို ဟန်ချက်ညီ ဆောင်ရွက်ဖို့ဆိုတာ ဒုတိယလုပ်ငန်းစဉ်မှာ ပါပါတယ်။

“တတိယလုပ်ငန်းစဉ်ကတော့ ပထမလုပ်ငန်းစဉ်နဲ့ ဒုတိယလုပ်ငန်းစဉ်မှာပါဝင်တဲ့ အချက်တွေကို ဆောင်ရွက်တဲ့အခါ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနဲ့ ချိတ်ဆက်ပြီး ဆောင်ရွက်တဲ့ လုပ်ငန်းစဉ်ဖြစ်ပါတယ်။ ဆက်ပြီးတော့ ဆွေးနွေးတဲ့အခါ ဇယား(၂) ကို ကျွန်တော်တို့က ရပြီဆိုရင် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနဲ့ ပြည်နယ်တွေရဲ့ ကိုယ်ပိုင် Constitution တွေ ရေးဆွဲရေးကို ကျွန်တော်တို့ ဆောင်ရွက်မှာ ဖြစ်ပါတယ်။ အဲဒီလို ညှိနှိုင်းတဲ့အခါ ဒီကနေ့ မိန့်ခွန်းမှာပါတဲ့အတိုင်း ဥပမာ – နိုင်ငံရေးပိုင်းမှာ ဘယ်အချက်ကို ရောက်ပြီဆိုရင် လုံခြုံရေးဆိုင်ရာ ပြန်လည်ပေါင်းစည်းမှုက ဘယ်အခြေအနေ လုပ်ရမယ်ဆိုတာမျိုး နိုင်ငံရေးနဲ့ လုံခြုံရေးကို သတ်မှတ်ပြီး ဆောင်ရွက်သွားဖို့ ရှိပါတယ်” ဟု ဖြေကြားသည်။

အစိုးရနှင့် NCA-S EAO ကိုယ်စားလှယ်များသည် လာမည့် စက်တင်ဘာလနှင့် အောက်တိုဘာလတို့တွင် JMC-U အစည်းအဝေး၊ JMC-S အစည်းအဝေးများ ကျင်းပသွားမည်ဖြစ်ပြီး နှစ်ဖက်ဆွေးနွေးရန် ကျန်ရှိနေသည်များကိုလည်း ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**နှစ်ဖက်ပြန်ဆွေးနွေးဖို့ ရှိ**

“ကျွန်တော်တို့နဲ့ NCA လက်မှတ်ထိုးထားတဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေကြားမှာ ဘာတွေဆက်လုပ်မှာလဲဆိုတဲ့ သဘောတူညီချက်တွေ ရှိတယ်။ ဥပမာအားဖြင့် စက်တင်ဘာလ ဒုတိယပတ်ဆိုရင် ကျွန်တော်တို့ JMC-U အစည်းအဝေးတွေ ခေါ်ယူဖို့ ရှိပါတယ်။ စက်တင်ဘာလ နောက်ဆုံးပတ်ဆိုရင် JMC-S အစည်းအဝေးတွေ ခေါ်ယူဖို့ ရှိပါတယ်။ စက်တင်ဘာလ နောက်ဆုံးပတ်နဲ့ အောက်တိုဘာ လဆန်းပိုင်းမှာတော့ ကျွန်တော်တို့ နှစ်ဖက်အလုပ်အဖွဲ့တွေကြားမှာ ဆွေးနွေးဖို့ ကျန်ရှိနေတာတွေကို ဆက်လက်ဆွေးနွေးဖို့ပါ။ နောက်တစ်ချက်ကတော့ မူဘောင်အရ လုပ်ထားတဲ့ Dialogue Structure ပုံစံကို နှစ်ဖက်ပြန်ဆွေးနွေးဖို့ ရှိပါတယ်။ တစ်ဖက်ကတော့ နိုင်ငံရေးပါတီများ အစုအဖွဲ့ဖြစ်ပါတယ်။ အခုက ရွေးကောက်ပွဲရှိနေတော့ နိုဝင်ဘာရွေးကောက်ပွဲ ပြီးတဲ့အချိန်လောက်တော့ ပြန်လည်တွေ့ဆုံဖို့ အချိန်ရပါတယ်။ အဲဒီအချိန်ဆို EAO တွေနဲ့ ကျွန်တော်တို့က တော်တော်များများ တွေ့ပြီး ဖြစ်နေလောက်ပါပြီ” ဟု ဦးဇော်ဌေးက ပြောသည်။

ရခိုင်ပြည်နယ်၊ စစ်တွေမြို့တွင် ဩဂုတ်လ ၁၆ ရက်နေ့က စတင်၍ ကိုဗစ်-၁၉ Positive လူနာတွေ့ရှိခဲ့ပြီး ယနေ့တွင် ၁၉ ဦးအထိရှိလာပြီဖြစ်သည်။

အဆိုပါကိစ္စရပ်နှင့်ပတ်သက်၍ ဦးဇော်ဌေးက “ရခိုင်ပြည်နယ် စစ်တွေမှာ ဩဂုတ် ၁၆ ရက်နေ့ကစပြီး ကိုဗစ်-၁၉ ပိုးတွေ့သူ ၁ ဦးရှိတယ်။ ၁၉ ရက်နေ့မှာ ၃ ယောက်တွေ့တယ်။ ၂၀ ရက်နေ့ မနက်မှာ ၂ ယောက်တွေ့တယ်။ ညမှာ ၃ ယောက်တွေ့တယ်။ ဒီမနက်မှာ ၁၀ ဦး တွေ့တယ်။ စုစုပေါင်း ပိုးတွေ့တာ ၁၉ ဦးရှိပါပြီ။ အဓိကပြောချင်တာက AA အပါအဝင် ပါဝင်ပတ်သက်တဲ့ အဖွဲ့အစည်းတွေအနေနဲ့ ကပ်ရောဂါကျရောက်တဲ့ အချိန်ဖြစ်လာပြီ။ ရခိုင်ပြည်နယ်ကို ကျွန်တော်တို့က တော်တော်လေးကို စိုးရိမ်ပါတယ်။ အစိုးရအနေနဲ့ အလေးထားပြီး လုပ်နေတယ်။ ဖြစ်နိုင်ခြေရှိတဲ့ ဆက်စပ်မှုတွေကိုလည်း အထူးကြပ်မတ်ပြီး ဆောင်ရွက်နေပါတယ်။ အင်ဒိုနီးရှားမှာ ဆူနာမီဖြစ်တော့ လူအများကြီး ထိခိုက်ဆုံးရှုံးရတယ်။ အဲဒီမှာ ငြိမ်းချမ်းရေးအတွက် ပြန်လည်သင့်မြတ်ရေး ရတယ်။ တစ်ခါတည်းပေါင်းစည်းရေးပါ ရောက်သွားတဲ့ သဘောရှိတယ်။ ရခိုင်ပြည်နယ်မှာ မောင်တောဘက်မှာ အရင်တွေ့ခဲ့တာပါပေါင်းရင် Positive က ၃၅ ယောက်ရှိနေပြီ။ ပြည်နယ်မှာရှိတဲ့ တိုင်းရင်းသားပြည်သူတွေအကျိုးအတွက် ဒီကာလမှာ အကြမ်းဖက်တိုက်ခိုက်တာတွေ၊ ချောင်းမြောင်းတိုက်ခိုက် ဖမ်းဆီးတာတွေလုပ်ရင် လူမဆန်တဲ့ လုပ်ရပ်ဖြစ်မယ်။ မလုပ်ဖို့ အလေးအနက်ပြောချင်တယ်” ဟု ပြောကြားသည်။

ရခိုင်ပြည်နယ်တွင် ကိုဗစ် – ၁၉ နှင့် ပတ်သက်၍ ဆောင်ရွက်သွားမည့်အခြေအနေနှင့်ပတ်သက်၍ ဦးဇော်ဌေးက “ရခိုင်ပြည်နယ်၊ စစ်တွေမှာ ကိုဗစ်-၁၉ စတွေ့တဲ့ အမျိုးသမီးကနေ စပြီး ကျွန်တော်တို့ ကွင်းဆက်တွေ လိုက်နေတယ်။ စစ်တွေဘက်က အချို့နေရာတွေမှာ ငါးဖမ်းစက်လှေထွက်တာရှိတယ်။ နေ့စဉ်ထွက်တယ်၊ ပြန်ဝင်လာတယ်။ အဲဒီလိုလူတွေက အများကြီးရှိတယ်။ နောက်တစ်ချက်က အချို့ INGO က အဖွဲ့အစည်းတွေ ထောက်ပံ့ကူညီတာတွေရှိတယ်။ အဝင်အထွက်ရှိတဲ့သူတွေ အားလုံးလည်း အခု Quarantine လုပ်ထားတာရှိတယ်။ Outbreak မဖြစ်အောင် ကျွန်တော်တို့ လုပ်နေတယ်။ စည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်တွေ ပိုပြီးတော့ လုပ်နေတယ်” ဟု ဖြေကြားသည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဖော်ဆောင်ရာတွင် AAအဖွဲ့နှင့်ပတ်သက်၍ ဦးဇော်ဌေး က “ AA ကို အကြမ်းဖက်အဖွဲ့အဖြစ် မကြေညာခင်ကတည်းက ကမ်းလှမ်းခဲ့တာ ဘာလဲဆိုတော့ Official Meeting မတွေ့ချင်ရင်လည်း အလွတ်တွေ့ကြမယ်ဆိုပြီး ကမ်းလှမ်းခဲ့တာ ရှိတယ်။ သို့သော် အကြောင်းပြန်မလာဘူး။ သူက ဘာပြဿနာဖြစ်နေလဲဆိုတော့ ခေါင်းတွဲနောက်က နောက်တွဲဖြစ်နေတယ်။ သုံးတွဲ၊ လေးတွဲ အတွဲမပျက် သွားနေတဲ့အတွက် သူနဲ့စကားပြောဖို့က အခွင့်မသာဘူး။ အလားတူ သူတို့ကို အကြမ်းဖက်အဖွဲ့ မကြေညာခင်တုန်းက ကျွန်တော်တို့နဲ့ အလွတ်သဘော တော်တော်ပြောပါတယ်။ သို့သော် သူတို့ကိုယ်တိုင်က ဆန္ဒမရှိဘူး။ အခုက အကြမ်းဖက်အဖွဲ့ ဖြစ်သွားပြီး၊ ခေါင်းတွဲကလည်း ချိတ်ထားသေးတဲ့အတွက် ကွက်ပြီး သီးသန့်ဆွေးနွေးရတဲ့အခါမှာ ကာယကံရှင် အဖွဲ့အစည်းရဲ့ ရပ်တည်ချက်နဲ့ သူတို့ရဲ့ လိုလားချက်က အရေးကြီးတယ်” ဟု ဖြေကြားခဲ့သည်။

**ရဲခေါင်ညွန့်**
**ခတ်ပုံ-ဖိုးထောင်**

---

*စာမျက်နှာ ၈ မှ*

**ပြည်ထောင်စုသဘောတူစာချုပ်အစိတ်အပိုင်း(၃)၏ နောက်ဆက်တွဲ(ဂ)အဆက်**

(ဂ) ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ်များသည် ခွဲဝေထားသော ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာများကို ကျင့်သုံးပိုင်ခွင့် ရှိရမည်။

၄။ တိုင်းဒေသကြီး/ ပြည်နယ်အားလုံးသည် အချင်းချင်း လေးစားမှုရှိပြီး အခွင့်အာဏာ တန်းတူရှိရမည်။

၅။ နိုင်ငံသားတိုင်းအတွက် မူလအခွင့်အရေးများ(Fundamental Rights)နှင့် တာဝန်များကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်း ရေးဆွဲပြဋ္ဌာန်းရမည်။ နိုင်ငံသားတိုင်းသည် ဥပဒေအရာတွင် တန်းတူညီမျှ အခွင့်အရေး ရှိရမည်ဖြစ်ပြီး ဥပဒေ၏ အကာအကွယ်ကိုလည်း တန်းတူညီမျှစွာ ရယူပိုင်ခွင့်ရှိရမည်။ တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှု၊ စာပေ၊ ဘာသာစကား၊ ကိုးကွယ်ယုံကြည်မှုနှင့် ဓလေ့ထုံးတမ်း စသည့် အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန်အတွက် ဥပဒေ ပြဋ္ဌာန်းပေးရမည်။

**မှတ်ချက်။** တိုင်းဒေသကြီး/ ပြည်နယ်များသည် အခွင့်အာဏာ တန်းတူရှိရမည်။ အမည်နာမ သတ်မှတ်ချက်နှင့်ပတ်သက်၍ နောင်တွင် ဆက်လက်ဆွေးနွေးမည်။

---

## ရေကြောင်းသတိပေးကြေညာချက်

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော POSCO INTERNATIONAL Corporation(Myanmar E&P) သည် ကမ်းလွန်လုပ်ကွက်အမှတ် A-1 ရှိ SHWE Phase 2 Development Project Area တွင် Drilling Campaign လုပ်ငန်းများအား Semi-Submersible Drilling Rig “ OCEAN MONARCH ” ဖြင့် တူးဖော်ရေးလုပ်ငန်းဆောင်ရွက်မည့် ဧရိယာများဖြစ်သော Point Aမြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၅၅ မိနစ် ၅၃ . ၇၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၁၈ မိနစ် ၅၁ . ၈၉ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၅၆ မိနစ် ၁၄ . ၂၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၇ မိနစ် ၄၉ . ၁၆ စက္ကန့်၊ Point C မြောက်လတ္တီ တွဒ် ၁၉ ဒီဂရီ ၃၁ မိနစ် ၃၇ . ၀၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၁၈ မိနစ် ၅၃ . ၉၇ စက္ကန့်နှင့် Point D မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၂ မိနစ် ၀၇ . ၀၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၈ မိနစ် ၂၁ . ၁၂ စက္ကန့်တို့ တွင် ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ (၁၅) ရက်နေ့မှ ၂၀၂၁ခုနှစ်၊ ဒီဇင်ဘာလ (၁) ရက်နေ့အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက်အမှတ် A-1 ရှိ SHWE Phase 2 Development Project Area တွင် Drilling Campaign လုပ်ငန်းများအား Semi-Submersible Drilling Rig “OCEAN MONARCH ” ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါ တွင်းတူးဖော်မည့် တည်နေရာဧရိယာများမှ (၄) ကီလိုမီတာ ပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများချထားခြင်းမပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

**ငါးလုပ်ငန်းဦးစီးဌာန**

# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ ကျင်းပ




နေပြည်တော် ဩဂုတ် ၂၁

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသော နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို ဥပဒေကြမ်း ပူးပေါင်းကော်မတီအတွင်းရေးမှူး ဒေါက်တာ မြတ်ဉာဏစိုးက ဖတ်ကြား တင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက ဦးတီခွန်မြတ် က လွှတ်တော် နှစ်ရပ်သဘောကွဲလွဲသည့်အချက်များနှင့် တိုက်ရိုက်သက်ဆိုင်သည့် ပြင်ဆင်ချက် အဆို တင်သွင်းဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည် ပေးပို့လာသော တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက် ရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုးက တစ်ပိုဒ်ချင်းစီအလိုက် အဆိုပြုတင်ပြ၍ ပြည်ထောင်စုလွှတ်တော် နာယက က လွှတ်တော်၏ သဘောထားရယူ အတည်ပြုသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် နာယက က အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်များကို လွှတ်တော်က ဆုံးဖြတ်ထားသည့်အတိုင်း ပြင်ဆင်ပြီး ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၉ နှင့်အညီ နိုင်ငံတော်သမ္မတထံသို့ ပြန်လည်ပေးပို့သွားမည် ဖြစ်ကြောင်း အသိပေးကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့ လာသော အမျိုးသားစာကြည့်တိုက်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ပူးပေါင်းကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုး က ဥပဒေကြမ်း၏ အပိုဒ် ၁၅ ခြေဆင်း၊ အပိုဒ်ခွဲ (ခ)နှင့် (ဂ)တို့ကို အဆိုပြုတင်ပြ၍ ပြည်ထောင်စု လွှတ်တော် နာယက က လွှတ်တော်၏ သဘောထားရယူအတည်ပြုသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက က အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်များကို လွှတ်တော်က ဆုံးဖြတ်ထားသည့်အတိုင်း ပြင်ဆင်ပြီး ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၉ နှင့်အညီ နိုင်ငံတော်သမ္မတထံသို့ ပြန်လည်ပေးပို့သွားမည် ဖြစ်ကြောင်း အသိပေးကြေညာသည်။

ဆက်လက်၍ ၂၀၂၀ - ၂၀၂၁ခု၊ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေကြမ်း နှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့နှင့် စပ်လျဉ်း၍ ပူးပေါင်းကော်မတီများ၏ သုံးသပ်ချက်အစီရင်ခံစာပါ မူနှင့်အခြေခံသဘော အကြောင်းအရာများနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ မူနှင့်အခြေခံသဘော ဆွေးနွေးခြင်းများအပေါ် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ပြန်လည် ရှင်းလင်းဆွေးနွေးကြသည်။

## လမ်းတည်ဆောက်ရေးရန်ပုံငွေအတွက် သွယ်ဝိုက်ခွန်ရရှိရေး အကောင်အထည် ဖော်သင့်ကြောင်း ထောက်ပြဆွေးနွေး

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က လမ်းဦးစီးဌာနအနေဖြင့် B.O.T မူဘောင်များ ပြန်လည်သုံးသပ်သင့်ကြောင်းနှင့် လမ်းတည်ဆောက်ရေးရန်ပုံငွေအတွက် သွယ်ဝိုက်ခွန်ရရှိရေး အကောင်အထည် ဖော်သင့်ကြောင်း ထောက်ပြဆွေးနွေးခဲ့ခြင်းနှင့် ပတ်သက်၍ B.O.T ပဋိညာဉ် စာချုပ်ကို နိုင်ငံတကာတွင် ကျင့်သုံးနေသည့် စည်းကမ်းသတ်မှတ်ချက်နှင့် နှိုင်းယှဉ်ပြီး ပြင်ဆင်ဖြည့်စွက်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြင်ဆင်ချက် (မူကြမ်း)ကိုလည်း ပြည်သူ့လွှတ်တော်၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီနှင့် အမျိုးသားလွှတ်တော်၊ ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာကော်မတီတို့ထံ ရှင်းလင်းတင်ပြခဲ့ပြီး လွှတ်တော်ဆွေးနွေးမှုများအရ ပြည်ထောင်စုအစိုးရအဖွဲ့၊ စီးပွားရေးရာ ကော်မတီသို့ တင်ပြထားပြီးဖြစ်ပါကြောင်း၊ လုပ်ထုံးလုပ်နည်းအဆင့်ဆင့် အတည်ပြုချက်ရရှိပါက လမ်း၊ တံတားအခွန်ရငွေနှင့် ပြင်ဆင်ထိန်းသိမ်းခြင်း အခွန်ရငွေများ တိုးလာမည်ဖြစ်ပါကြောင်း။

Fuel Tax ကောက်ပြီးဆောင်ရွက်ရန် ထောက်ပြအကြံပြုချက်နှင့် ပတ်သက်၍ ဂျပန်နိုင်ငံတွင် (၁၅ ရာခိုင်နှုန်း)၊ အင်္ဂလန်နိုင်ငံတွင် (၂၀ရာခိုင်နှုန်း)၊ အမေရိကန်နိုင်ငံတွင် (၂၀ ရာခိုင်နှုန်း) ကောက်ခံရငွေကို လမ်း၊ တံတား ပြင်ဆင် ထိန်းသိမ်းခြင်း ရန်ပုံငွေစာရင်းသို့ တိုက်ရိုက်ထည့်ပြီး ဆောင်ရွက်ကြပါကြောင်း၊ မြန်မာနိုင်ငံတွင် Fuel Tax ကို လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနနှင့် Vehicle Tax ကို ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတို့၏ အစီအစဉ်ဖြင့် ကောက်ခံပြီး နိုင်ငံဘဏ္ဍာရငွေစာရင်းသို့ တိုက်ရိုက် ဝင်သွားခြင်းဖြစ်ပါကြောင်း။

၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့နှင့်စပ်လျဉ်း၍ ပူးပေါင်းကော်မတီ များ၏ အစီရင်ခံစာပါ သုံးသပ်အကြံပြုချက်များ၊ သဘောထားမှတ်ချက်များကို အလေးထား လိုက်နာဆောင်ရွက်သွားမည်ဖြစ်ပြီး လွှတ်တော်ကိုယ်စားလှယ် များ၏ အကြံပြုဆွေးနွေး ထောက်ပြမှုများကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြား သည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော် က လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာ၌ နိုင်ငံတော် ဘဏ္ဍာငွေ ဘတ်ဂျက်ကျခံ သုံးစွဲမှုအပိုင်းတွင် အစိုးရအသုံးစရိတ် စုစုပေါင်း ပမာဏ၏ (၃ ဒသမ ၃၆ ရာခိုင်နှုန်း)သာ သုံးစွဲနိုင်ပါကြောင်း၊ ဒေသတွင်းနိုင်ငံ အစိုးရများ၏ လယ်ယာကဏ္ဍအတွက် ကျခံသုံးစွဲမှုများကို လေ့လာကြည့်ပါက မလေးရှားနိုင်ငံတွင် ( ၇ ရာခိုင်နှုန်း)၊ ဖိလစ်ပိုင်နိုင်ငံတွင် (၉ ဒသမ ၁၇ ရာခိုင်နှုန်း) နှင့် ထိုင်းနိုင်ငံတွင် (၁၆ ဒသမ ၁၅ ရာခိုင်နှုန်း) သုံးစွဲကြသည်ကို တွေ့မြင်ရပါ ကြောင်း၊ တစ်ဖက်တွင်လည်း လယ်ယာကုန်ထုတ်လုပ်မှုအပိုင်း၊ သီးနှံစိုက်ပျိုး ထုတ်လုပ်ရေး၌ သော့ချက်တစ်ခုဖြစ်သည့် စိုက်ပျိုးရေရရှိရေးအပိုင်းတွင် ဘဏ္ဍာငွေသုံးစွဲနိုင်မှုအပေါ် အခြေခံပြီး ဆောင်ရွက်နေရသည့် အနေအထားဖြစ် သည့်အတွက် မိမိတို့နိုင်ငံတွင် စုစုပေါင်း အသားတင်စိုက်ပျိုး ဧရိယာ၏ (၁၄ ရာခိုင်နှုန်း) ကိုသာ စိုက်ပျိုးရေပေးဝေဆောင်ရွက်နိုင်သည့် အနေအထားဖြစ် ပါကြောင်း၊ ယင်းပမာဏသည် ဒေသတွင်း နိုင်ငံများနှင့် နှိုင်းယှဉ်ပါက နည်းပါးနေ သေးပါကြောင်း။

## အဆင့်မီ ဓာတ်ခွဲခန်းနှင့် အသုံးအဆောင်ပစ္စည်းများ ဖြည့်တင်းရေးစသည့် လုပ်ငန်းများသည်လည်း လယ်ယာကဏ္ဍအတွက် အရေးကြီးသည့် လုပ်ငန်းစဉ်တစ်ခုဖြစ်

ထို့အတူ လယ်ယာကဏ္ဍတွင် စက်စွမ်းအား တိုးမြှင့်အသုံးချရေးနှင့် စိုက်ပျိုး မွေးမြူရေးဆိုင်ရာ သုတေသနလုပ်ငန်းများ တိုးတက်ဆောင်ရွက်နိုင်ရေးတို့ တွင် လိုအပ်သည့် အဆင့်မီ ဓာတ်ခွဲခန်းနှင့် အသုံးအဆောင်ပစ္စည်းများ ဖြည့်တင်း ရေးစသည့် လုပ်ငန်းများသည်လည်း လယ်ယာကဏ္ဍအတွက် အရေးကြီးသည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ပါကြောင်း၊ ဘဏ္ဍာငွေ ချင့်ချိန်သုံးစွဲနေရမှုများကြောင့် အတိုင်းအတာ တစ်ရပ်အထိသာ ဖြည့်ဆည်းဆောင်ရွက်နိုင်သေးခြင်း ဖြစ်ပါ ကြောင်း၊ ထို့ကြောင့် နိုင်ငံ၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အရှိန်အဟုန် ဖြင့် ဆောင်ရွက်နိုင်ရန် ဘဏ္ဍာငွေကြေး တိုးမြှင့်သုံးစွဲရင်းနှီးမြှုပ်နှံနိုင်ရန် အတွက် လိုအပ်ချက်တစ်ရပ်ရှိနေသေးပါကြောင်း။

ထို့ပြင် လယ်ယာကဏ္ဍ တိုးတက်ဖွံ့ဖြိုးရေး အလေးပေးဆောင်ရွက်ရန် လွှတ်တော်ကိုယ်စားလှယ်များ၏ အကြံပြုဆွေးနွေးချက်များအပေါ်တွင် လည်း အလေးထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့် လယ်ယာကဏ္ဍတွင် တိုးတက်ရင်းနှီးမြှုပ်နှံ ဆောင်ရွက်လာနိုင်မှုနှင့်အတူ မိမိတို့ ဝန်ကြီးဌာနအနေဖြင့် လယ်ယာကဏ္ဍကြီးနှင့် ယင်းအပေါ်အမှီပြုနေကြသည့် ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများကို အောင်မြင်စွာ စီမံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

## ဂျာမနီ နိုင်ငံ KfW ချေးငွေနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြ

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးခင်မောင်ဝင်း က ဂျာမနီ နိုင်ငံ KfW ချေးငွေနှင့်စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းတင်ပြသွားမည် ဖြစ်ပါ ကြောင်း၊ ယင်းချေးငွေဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီး၊ လွိုင်လင်၊ လင်းခေးခရိုင်များအတွင်းရှိ ကျေးရွာများ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ချေးငွေ ယူရို ၂၃ ဒသမ ၈၈၃ သန်းနှင့် ထောက်ပံ့ငွေ ၆ ဒသမ ၅၃၅ သန်း စုစုပေါင်း ယူရို ၃၀ ဒသမ ၄၁၈ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် စီမံကိန်း ဖြစ်ပါကြောင်း၊ စီမံကိန်းကာလအနေဖြင့် ၂၀၁၈ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ ဖြစ်ပါ ကြောင်း၊ ဆောင်ရွက်မည့်လုပ်ငန်းများမှာ ၆၆ ကေဗွီ ခွဲရုံ ငါးရုံ (၈၀ အမ်ဗွီအေ)၊ ၃၃ ကေဗွီ ခွဲရုံ လေးရုံ (၄၀ အမ်ဗွီအေ)၊ ၃၃/၀ ဒသမ ၄ ကေဗွီ ထရန်စဖော်မာ နှစ်လုံး၊ (၀ ဒသမ ၂၁ အမ်ဗွီအေ)၊ ၁၁/၀ ဒသမ ၄ ကေဗွီ ထရန်စဖော်မာ ၄၇၃ လုံး (၄၅ ဒသမ ၉ အမ်ဗွီအေ)၊ ၆၆ ကေဗွီ လိုင်း(၅၈ ဒသမ ၅)မိုင်၊ ၃၃ ကေဗွီ လိုင်း (၂၂ ဒသမ ၉၈)မိုင်၊ ၁၁ ကေဗွီ လိုင်း (၅၆၁ ဒသမ ၃၃)မိုင် တည်ဆောက်မည့် လုပ်ငန်းများ ဖြစ်ပါကြောင်း။

လုပ်ငန်းဆောင်ရွက်မှုအနေဖြင့် လက်ရှိအချိန်တွင် Bidding Document ပြုစုခြင်းအတွက် ၉၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ Concrete Pole ဝယ်ယူနိုင်ရန် ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလအတွင်း တင်ဒါစတင်ခေါ်ယူ သွားမည်ဖြစ်ပြီး ကျန် Package များကို ဆက်လက်တင်ဒါခေါ်ယူဆောင်ရွက် သွားမည်ဖြစ်ပါကြောင်းနှင့် စီမံကိန်းကာလအတွင်း ပြီးစီးနိုင်ရေး ကြိုးပမ်းဆောင် ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း က ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ အမျိုးသား စီမံကိန်းရေးဆွဲသည့် အချိန်တွင် ကမ္ဘာ တစ်ဝန်းကြုံတွေ့ရသည့် ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပေါ်နေမှု အခြေအနေကိုပါ ထည့်သွင်းတွက်ချက်ပြီး စီမံကိန်းကို ခန့်မှန်းရေးဆွဲထားခြင်း ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ အတွက် Economic Recovery Plan ကို လည်း ရေးဆွဲလျက်ရှိပါကြောင်း၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် အမျိုးသား စီမံကိန်း ဥပဒေကြမ်းကို အတည်ပြုပြီးသည့်အခါ စီမံကိန်းအကောင်အထည်ဖော်မှုများ ကို သက်ဆိုင်ရာဌာနများသို့ ပေါင်းစပ်ညှိနှိုင်း၍ ကြပ်မတ်ကွပ်ကဲဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း။

အစီရင်ခံစာတွင် ဖော်ပြထားသည့် "၂၀၂၀-၂၀၂၁ ခု ၊ ဘဏ္ဍာရေးနှစ်အရ အသုံး ခန့်မှန်းခြေငွေစာရင်းတွင် ပြည်ပအကူအညီရငွေနှင့် ပြည်ပချေးငွေများ အပါအဝင် ရငွေ၊သုံးငွေများကို ရည်မှန်းချက်အတိုင်း ပြည့်မီကျော်လွန်အောင် ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ကြောင်း သဘောထားမှတ်ချက်နှင့် ပတ်သက်၍ ၂၀၂၀-၂၀၂၁၊ ဘဏ္ဍာရေးနှစ်တွင် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အတွက် အသုံးစရိတ်များ ဆက်လက်သုံးစွဲရမည်ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ကြောင့် လူမှုစီးပွားရေးဆိုင်ရာ ထိခိုက်မှုများကို ကုစားနိုင်ရန် ကိုဗစ်-၁၉ Economic Relief Plan (CERP) ကို ဆက်လက်အကောင်အထည်ဖော်ရမည် ဖြစ်ပါကြောင်း။

ထို့ကြောင့် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ (IMF) ထံမှ Rapid Credit Facility (RCF) နှင့် Rapid Financing Instrument (RFI) ချေးငွေ အမေရိကန်ဒေါ်လာသန်း ၇၀၀ ကို ရယူခဲ့ရာ ပထမအရစ် အမေရိကန်ဒေါ်လာသန်း ၃၅၀ ကို ၂၀၂၀ ဇူလိုင်လက ရယူခဲ့ပြီး ၂၀၂၀-၂၀၂၁ အတွင်း ဒုတိယအရစ် ဆက်လက်ရယူရန် စီစဉ်ထားပါကြောင်း၊ ထို့ပြင် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) ထံမှချေးငွေဂျပန် ယန်း ဘီလီယံ ၃၀၊ အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ထံမှ ချေးငွေ အမေရိကန်ဒေါ်လာသန်း ၂၅၀ ရယူရေး တို့ကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြီးဖြစ်သဖြင့် အဆိုပါချေးငွေများ ကိုလည်း ၂၀၂၀-၂၀၂၁ အတွင်း လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ထုတ်ယူ သုံးစွဲသွားနိုင်မည် ဖြစ်ပါကြောင်း။

## ရငွေ၊ သုံးငွေများကို ရည်မှန်းချက်အတိုင်း ပြည့်မီအောင် ကြိုးပမ်းဆောင်ရွက်ရမည်

ဂျီ ၂၀ နိုင်ငံများ၏ ကြွေးမြီရွှေ့ဆိုင်းမှုအစီအစဉ်အရ ၂၀၂၀-၂၀၂၁ တွင် ကြွေးမြီပေးဆပ်ခွင့် ရွှေ့ဆိုင်းနိုင်သည့် ငွေကျပ် ၈၂ ဘီလီယံခန့်ကို သုံးစွဲနိုင်မည် ဖြစ်ပြီး ကမ္ဘာ့ဘဏ်စီမံကိန်းများမှလည်း အရေးပေါ်ကဏ္ဍသို့ လွှဲပြောင်းထုတ်ယူ နိုင်မည့် ချေးငွေများကို ထုတ်ယူသုံးစွဲနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ရငွေ၊ သုံးငွေများကို ရည်မှန်းချက်အတိုင်း ပြည့်မီအောင် ကြိုးပမ်းဆောင်ရွက်ရမည် ဖြစ်ပါကြောင်းနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်း ကော်မတီတို့၏ သဘောထားမှတ်ချက်များနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ဆောင်ရွက် ရန် လိုအပ်သည့်အချက်များကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းကိစ္စတို့နှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာ မြင့်ထွေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် ဖုန်းမြတ် တို့က ဆက်လက်ရှင်းလင်းဆွေးနွေးကြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၇) ကြိမ်မြောက် ပုံမှန် အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို ဩဂုတ် ၂၄ ရက်တွင် ဆက်လက်ကျင်းပ သွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ အေးအေးသန့်**

# စတုတ္ထအကြိမ် မဏ္ဍိုင် (၄) ရပ် အလုပ်ရုံဆွေးနွေးပွဲကျင်းပ





ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် စတုတ္ထအကြိမ် မဏ္ဍိုင် (၄) ရပ် အလုပ်ရုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

**နေပြည်တော် ဩဂုတ် ၂၁**

ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး မဏ္ဍိုင် (၃) ရပ်နှင့် စတုတ္ထမဏ္ဍိုင်ဖြစ်သည့် သတင်းမီဒီယာတို့အကြား ဟန်ချက်ညီ ပူးပေါင်းဆောင်ရွက်မှု တိုးတက်စေရန်နှင့် ပြည်သူများအား တိကျခိုင်မာသည့် သတင်းအချက်အလက်များ ပေးနိုင်ရန်တို့အတွက် စတုတ္ထအကြိမ် မဏ္ဍိုင် (၄) ရပ် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲသို့ ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာစံရွှေဝင်းနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးမဏ္ဍိုင် (၃) ရပ်မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဟံသာဝတီ ဦးအုန်းကြိုင်၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာမျိုးသန့်တင်နှင့် ကောင်စီဝင်များ၊ မြန်မာနိုင်ငံသတင်းစာဆရာအသင်း၊ မြန်မာစာနယ်ဇင်းသမဂ္ဂ၊ မြန်မာဂျာနယ်လစ်ကွန်ရက်၊ နိုင်ငံတကာ မြန်မာသတင်းအဖွဲ့နှင့် မြန်မာအမျိုးသမီး သတင်းစာဆရာများအဖွဲ့တို့မှ သတင်းမီဒီယာသမားများ တက်ရောက်ကြသည်။

## ဆွေးနွေးပွဲမှ ရလဒ်များ

အလုပ်ရုံ ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် က စတုတ္ထအကြိမ်မဏ္ဍိုင် (၄) ရပ် အလုပ်ရုံဆွေးနွေးပွဲကို နိုင်ငံသားများ၏ သတင်းသိပိုင်ခွင့်ကို ဖြည့်ဆည်းရန်၊ သတင်းမီဒီယာသမားများ၏ ရပိုင်ခွင့် နှင့် လွတ်လပ်ခွင့်များ အပြည့်အဝရရှိ စေရန်အတွက် အုပ်ချုပ်ရေးမဏ္ဍိုင်၊ ဥပဒေပြုရေး မဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်တို့နှင့် သတင်းမီဒီယာများအကြား တွေ့ဆုံဆွေးနွေး အဖြေရှာရန်၊ မဏ္ဍိုင်တစ်ရပ်ချင်းစီ၏ လုပ်ငန်းသဘာဝနှင့် သတင်းမီဒီယာလုပ်ငန်း သဘာဝတို့ကို အချင်းချင်း အပြန်အလှန် အသိအမှတ်ပြုလက်ခံကာ ပူးပေါင်းညှိနှိုင်းခြင်းဖြင့် ပိုမိုပွင့်လင်းမြင်သာမှုရှိသည့် ပြည်သူ့အကျိုးပြု အစိုးရစနစ် (Good Governance) ပေါ်ထွန်းရေးအတွက် အထောက်အကူပြုရန်နှင့် တတိယအကြိမ် မဏ္ဍိုင် (၄) ရပ် အလုပ်ရုံဆွေးနွေးပွဲမှ ရလဒ်များအား ပြန်လည်သုံးသပ်ရန်ဟူသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်း ဖြစ်ပါကြောင်း။

## သတင်းမီဒီယာ၏ အခန်းကဏ္ဍ

ဒီမိုကရေစီ နိုင်ငံတစ်ခုတွင် သတင်းမီဒီယာ၏ အခန်းကဏ္ဍသည် အရေးကြီးပါကြောင်း၊ စစ်မှန်သည့် ဒီမိုကရေစီနိုင်ငံတစ်ခုတွင် အများပြည်သူသည် တိုင်းပြည်၏ အခြေအနေ၊ အကြောင်းအရာများ၊ သတင်းအချက်အလက်များကို သိရှိရမည်ဖြစ်ပါကြောင်း၊ ပြည်သူသိသင့် သိထိုက်သည့် အချက်အလက်များကို ပြည့်ပြည့်ဝဝ သိရှိရန်အတွက် သတင်းမီဒီယာများကို အားကိုးရမည်ဖြစ်ပြီး သတင်းမီဒီယာသည် အများပြည်သူ သိရှိအောင် လုပ်ဆောင်ရမည်ဖြစ်ပါကြောင်း။

ယနေ့ဆွေးနွေးပွဲတွင် မူလချမှတ်ထားသည့် ရည်ရွယ်ချက်များကို အခြေခံ၍ ကြိုတင်ညှိနှိုင်း အစည်းအဝေးများတွင် ဆွေးနွေးခဲ့ကြသည့် အချက်များ၊ မဏ္ဍိုင် (၃) ရပ်နှင့် ဆွေးနွေးပွဲမှ ပေါ်ပေါက်ခဲ့သည့် အချက် ၆ ချက်၊ သတင်းမီဒီယာများနှင့် ကြိုတင်ညှိနှိုင်း အစည်းအဝေးမှ အချက် ၈ ချက်၊ တတိယအကြိမ် မဏ္ဍိုင် (၄) ရပ်ဆွေးနွေးပွဲမှ ရရှိခဲ့သည့် ရလဒ် ၁၃ ချက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုများကို ဆွေးနွေးသွားကြရန်ရှိပါကြောင်း၊ ယနေ့ဆွေးနွေးပွဲမှ ကောင်းမွန်သော အကျိုးရလဒ်များ ထွက်ပေါ်စေရန်နှင့် ပါဝင်သည့် မဏ္ဍိုင်အချင်းချင်းအကြား နားလည်သိရှိမှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးတက်စေရန် ရလဒ်ကောင်းများ ထွက်ပေါ်စေပြီး အဆိုပါရလဒ်များမှ ဆက်လက်၍ မိမိတို့နိုင်ငံတွင် ကောင်းမွန်သည့် အုပ်ချုပ်ရေးစနစ်ဖြစ်ပေါ်ရန် ဒီမိုကရေစီစနစ် ထွန်းကားရေးအတွက် အထောက်အကူပြုနိုင်စေရန် ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

## ကောင်းမြတ်သည့် လက္ခဏာများ

ထို့နောက် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဟံသာဝတီ ဦးအုန်းကြိုင်က မဏ္ဍိုင် (၄) ရပ် အလုပ်ရုံ ဆွေးနွေးပွဲများသည် ဒီမိုကရေစီနိုင်ငံတစ်ခု၏ ကောင်းမြတ်သည့် လက္ခဏာများ ဖြစ်ပါကြောင်း၊ တစ်နည်းအားဖြင့် နိုင်ငံတိုးတက်ရန် လမ်းကြောင်းခင်းခြင်းလည်း ဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ အချုပ်အခြာအာဏာသည် ပြည်သူတွင် တည်ပါကြောင်း။

မဏ္ဍိုင် (၃) ရပ်သည် အပြန်အလှန် ထိန်းကျောင်းသည့်စနစ်ကို ဖွဲ့စည်းပုံ အခြေခံဥပဒေက တာဝန်ပေးအပ်ထားပါကြောင်း၊ အဆိုပါမဏ္ဍိုင်များကဲ့သို့ မင်းတုန်းမင်းလက်ထက် ကုန်းဘောင်ခေတ် နှောင်းပိုင်းတွင် သတင်းမီဒီယာသမားများကို ပြည်ကြီးပခုံး၊ ပြည့်မျက်လုံးအဖြစ်နှင့် တာဝန်သတ်မှတ်ပိုင်းခြား ပေးထားခဲ့ပါကြောင်း၊ ယနေ့ခေတ်တွင် သတင်းမီဒီယာသမားများသည် ပြည်သူများ သတင်းအမှန်ရရှိရေးအတွက် အဆိုပါတာဝန်များကို ထမ်းဆောင်နေကြပါကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက မီဒီယာသမားများ အပါအဝင် ပြည်သူများ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုရေးသားပိုင်ခွင့်ကို ဘေးအန္တရာယ်ကင်းရှင်းစွာ ခံစားနိုင်ရန်အတွက် မီဒီယာကျင့်ဝတ်၊ ဒစ်ဂျစ်တယ်မီဒီယာပညာ၊ သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှု စသည်တို့ကို နိုင်ငံ့ဝန်ထမ်းများ အပါအဝင် ပြည်သူအားလုံးက မြှင့်တင်ပေးနိုင်အောင် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ နိုင်ငံတကာဖြစ်ရပ်များကို လေ့လာကြည့်ပါက မီဒီယာများ မမှန်မကန် ရေးသားဖော်ပြမှုကြောင့် ပြည်တွင်းစစ်မီးတောက်ခဲ့ရသည်များ ရှိသကဲ့သို့၊ နိုင်ငံတစ်ခု၏ လွတ်လပ်မျှတသည့် ရွေးကောက်ပွဲကို ပြည်ပ အဖျက်အမှောင့်များက လူသုံးများသော အွန်လိုင်းမီဒီယာများမှ တစ်ဆင့် ဝင်နှောက်ခဲ့ကြသည်ကိုလည်း ကြားဖူးကြမည်ဖြစ်ပါကြောင်း။

## တိကျမှန်ကန်သော သတင်းအချက်အလက်

ထိုပြဿနာများကို ဟန့်တားကာကွယ်ရန် အကောင်းဆုံးနည်းလမ်းမှာ တိကျမှန်ကန်သော သတင်းအချက်အလက်များသည် တာဝန်ယူမှု တာဝန်ခံမှုရှိသည့် သတင်းအရင်းအမြစ်များမှ အချိန်နှင့်တစ်ပြေးညီ စီးဆင်းနေရန် ဖြစ်ပါကြောင်း၊ ယင်းတာဝန်ကြီးကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် အရေးအကြီးဆုံးမှာ မိမိတို့မဏ္ဍိုင် (၄) ရပ် အကြား အပြန်အလှန် နားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုရှိရန် ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ ဒေါက်တာစံရွှေဝင်းက မိမိအနေဖြင့် တတိယအကြိမ် မဏ္ဍိုင် (၄) ရပ် ဆွေးနွေးပွဲတွင်လည်း ပါဝင်ခဲ့ပါကြောင်း၊ တတိယအကြိမ် ဆွေးနွေးပွဲကို ပြန်လည်လေ့လာရာတွင် အကြောင်းအရာ ၆ ခုကို အဓိကထား ဆွေးနွေးခဲ့ပါကြောင်း၊ ပထမအချက်အနေဖြင့် သတင်းသမားများအား အသိအမှတ်ပြုမှု၊ သတင်းဌာနများ ကိုယ်စားပြုမှုနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ပါကြောင်း၊ ဒုတိယအချက်အနေဖြင့် ဌာန၊ အဖွဲ့အစည်းများ၏ တာဝန်ခံ ဆောင်ရွက်မှုများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြပါကြောင်း၊ တတိယအချက်အနေဖြင့် Capacity Building and Development နှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြပါကြောင်း၊ စတုတ္ထအချက်အနေဖြင့် ကျင့်ဝတ်နှင့် ပတ်သက်၍ ဆွေးနွေးခဲ့ပါကြောင်း၊ ပဉ္စမအချက်အနေဖြင့် ထားရှိရမည့် သဘောထားများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြပြီး နောက်ဆုံးအချက်အနေဖြင့် သတင်းမီဒီယာဘက်လိုက်မှု ကင်းရှင်းရေးနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြပါကြောင်း။

ထိုအကြောင်းအရာ ၆ ခုအပေါ် မူတည်ဆွေးနွေးခဲ့ကြပြီး တိုးတက်မှုများရှိမည်ဟု ထင်မြင်မိပါကြောင်း၊ ယနေ့ဆွေးနွေးပွဲတွင်လည်း ထိုအကြောင်းအရာ ၆ ခုအနက်မှ အချို့အကြောင်းအရာများကို ဆက်လက်ဆွေးနွေးမည့် အခြေအနေကိုလည်း တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် ဆွေးနွေးမှုအပြီးတွင် မိမိတို့ဆောင်ရွက်ရမည့် ကိစ္စရပ်များကို ပြည့်ပြည့်စုံစုံ မျှမျှတတ အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ရဦးမည်ဆိုသည့် အခြေအနေတစ်ခုကို တွေ့မြင်ရပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးညိုထွန်းက တရားရုံးအဆင့်ဆင့်ရှိ သတင်းပြန်ကြားရေးအဖွဲ့များ၊ တရားရုံး သတင်းပြန်ကြားရေး အရာရှိများနှင့် သတင်းမီဒီယာများ တွေ့ဆုံခဲ့မှုမှတ်တမ်းများကို ပြန်ကြည့်မည်ဆိုပါက ၂၀၁၉ ခုနှစ်အတွင်း အကြိမ် ၂၁၀ ရှိခဲ့ပြီး ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလမှ ယခုအချိန်အထိ အကြိမ်ပေါင်း ၁၇၃ ကြိမ် ရှိပါကြောင်း၊ ထို့အပြင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေဖြင့် ရာဇဝတ်အကြောင်း သိကောင်းစရာ၊ တရားမအကြောင်း သိကောင်းစရာ၊ စာချုန်တော်အကြောင်း သိကောင်းစရာ၊ သင့်အတွက် တရားရုံးဟူသည့် လက်ကမ်းစာစောင် ၄ မျိုးရိုက်နှိပ်ပြီး တရားရုံးများမှတစ်ဆင့် အများပြည်သူသို့ ဖြန့်ဝေပေးနိုင်ခဲ့ပါကြောင်း၊ ယင်းစာစောင် ၄ မျိုးထဲမှ ၃ မျိုးကို My Justice နှင့် ပူးပေါင်းပြီး ကချင်၊ ကယား၊ ပိုးကရင်၊ စကောကရင်၊ မွန်၊ ရှမ်းနှင့် ပအိုဝ်းဘာသာစကားများဖြင့် ပြန်ဆိုပြီး သက်ဆိုင်ရာဒေသများသို့ တရားရုံးများမှတစ်ဆင့် ဖြန့်ဝေနိုင်ခဲ့ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့ အတွင်းရေးမှူး ဗိုလ်မှူးချုပ် ရဲရင့်အောင်က နေ့စဉ် ပြည်တွင်း၊ ပြည်ပ မီဒီယာအဖွဲ့များက တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့ထံ ဖုန်းဖြင့် မေးမြန်းလျက်ရှိရာ သတင်းမှန်ကန်မှု ရှိ/ မရှိ စိစစ်၍ ပြန်လည် ရှင်းလင်းဖြေကြားပေးလျက်ရှိပါကြောင်း၊ သတင်းမီဒီယာသမားများ ခွဲခြားဆက်ဆံမှုမရှိ တန်းတူသတင်း ရယူနိုင်အောင်

*စာမျက်နှာ ၁၂ သို့*



ဒုတိယဝန်ကြီး ဦးအောင်လှထွန်း



ဟံသာဝတီ ဦးအုန်းကြိုင်



ဒေါက်တာစံရွှေဝင်း



ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးညိုထွန်း



ဗိုလ်မှူးချုပ် ရဲရင့်အောင်

# အိတ်ချ်ပီဗွီကာကွယ်ဆေးကို ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်တွင် စတင်ထည့်သွင်းထိုးနှံခြင်း ဗဟိုအဆင့် အသိပေးဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် ဩဂုတ် ၂၁

**ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်တွင် အိတ်ချ်ပီဗွီကာကွယ်ဆေး စတင်ထိုးနှံခြင်းလုပ်ငန်း ဗဟိုအဆင့် အသိပေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (အောက်ပုံ)




ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက မြန်မာနိုင်ငံ၏ ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်း အစီအစဉ်တွင် ၁၃ ခု မြောက် ကာကွယ်ဆေး အဖြစ် "သားအိမ်ခေါင်းကင်ဆာရောဂါကို ကာကွယ်ပေးသည့် အိတ်ချ်ပီဗွီ (HPV) ကာကွယ်ဆေး"ကို ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၂၀ ရက်တွင် စတင်ထည့်သွင်း ထိုးနှံနိုင်တော့မည်ဖြစ်သည့်အတွက် ဝန်ကြီးဌာနအနေဖြင့် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုအနေဖြင့် ကမ္ဘာပေါ်တွင် ၁၀၈ နိုင်ငံမြောက်အဖြစ် အိတ်ချ်ပီဗွီကာကွယ်ဆေးကို ထည့်သွင်းထိုးနှံနိုင်ရန် ထောက်ပံ့ကူညီမှုပေးခဲ့သော Gavi, the vaccine alliance အဖွဲ့ကို ကျေးဇူးတင်ပါကြောင်း၊ Gavi အဖွဲ့သည် ယခု အိတ်ချ်ပီဗီ (HPV) ကာကွယ်ဆေးထိုးနှံရေး လုပ်ငန်းတွင်သာမက မြန်မာနိုင်ငံ၏ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းစီမံချက်နှင့်ပတ်သက်သော လုပ်ငန်းအမျိုးမျိုးတွင် အဓိကကူညီနေသည့်အဖွဲ့ ဖြစ်ပါကြောင်း။

## ထိရောက်စွာ ကာကွယ်ပေးနိုင်မည်

အိတ်ချ်ပီဗွီကာကွယ်ဆေးထိုးနှံရန်အတွက် နည်းပညာဆိုင်ရာ အကြံပြုချက်များ ပံ့ပိုးပေးအပ်ခဲ့သော အမျိုးသားအဆင့်ကာကွယ်ဆေးထိုးလုပ်ငန်းဆိုင်ရာ နည်းပညာအကြံပေးအဖွဲ့ (NITAG) ကိုလည်း ကျေးဇူးတင်ရှိပါကြောင်း၊ အိတ်ချ်ပီဗွီကာကွယ်ဆေး တစ်ကြိမ်စာအတွက် အမေရိကန် ဒေါ်လာ ၄ ဒသမ ၅ ဒေါ်လာ ကုန်ကျပြီး နှစ်ကြိမ်ထိုးနှံရမည်ဖြစ်သည့်အတွက် မိန်းကလေးငယ်တစ်ဦးအတွက် ၉ ဒေါ်လာ ကုန်ကျပါကြောင်း၊ သားအိမ်ခေါင်း ကင်ဆာသည် မြန်မာနိုင်ငံ၏ အမျိုးသမီးများတွင်ဖြစ်ပွားသော ကင်ဆာအမျိုးအစားအားလုံး၏ ၂၃ ဒသမ ၅ ရာခိုင်နှုန်းရှိပြီး အသက် ၁၅ နှစ်မှ ၄၉ နှစ် အမျိုးသမီးများတွင် အဖြစ်အများဆုံး ဖြစ်ပါကြောင်း၊ ယခု အိတ်ချ်ပီဗွီကာကွယ်ဆေးကို ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်တွင်ထည့်သွင်း၍ အသက် ၉ နှစ်မှ ၁၀ နှစ်အရွယ်ရှိ မိန်းကလေးများကို ထိုးနှံပေးသွားမည်ဖြစ်ပြီး တစ်နိုင်ငံလုံးရှိ ရည်မှန်း မိန်းကလေးငယ်ဦးရေ ၄၆၄၀၀၀ ကျော် ရှိပါကြောင်း၊ အသက် ၉ နှစ်မှ ၁၀ နှစ် အတွင်း အိတ်ချ်ပီဗွီပိုး စတင်ကူးစက်နိုင်သည့် အခွင့်အလမ်းမရှိမီအချိန်တွင် ကာကွယ်ဆေးထိုးပေးခြင်းဖြင့် သားအိမ်ခေါင်းကင်ဆာကို ထိရောက်စွာ ကာကွယ်ပေးနိုင်မည် ဖြစ်ပါကြောင်း။

## လေးမျိုးစပ် ကာကွယ်ဆေး

မြန်မာနိုင်ငံတွင် ယခုထိုးနှံပေးမည့် အိတ်ချ်ပီဗွီကာကွယ်ဆေးသည် အိတ်ချ်ပီဗွီ ဗိုင်းရပ်စ်ပိုးအမျိုးအစား လေးမျိုးကို ကာကွယ်ပေးနိုင်သော လေးမျိုးစပ် ကာကွယ်ဆေးဖြစ်သည့်အပြင် ထိရောက်၍ ဘေးထွက်ဆိုးကျိုးအလွန်နည်းပါးသည့် ကာကွယ်ဆေးဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် ကူးစက်ဖြစ်ပွားနေသော ဗိုင်းရပ်စ်ပိုးများ၏အများစုသည် မည်သည့်အမျိုးအစားများဖြစ်ကြောင်းကိုလည်း အသုံးချသုတေသနပြုလုပ် လေ့လာသွားရမည်ဖြစ်ပါကြောင်း၊ ပြည်သူ့ကျန်းမာရေး နိယာမသဘောတရားတွင် ပဏာမအဆင့် ကာကွယ်ခြင်း၊ ဒုတိယအဆင့် ကာကွယ်ခြင်းနှင့် တတိယအဆင့် ကာကွယ်ခြင်းဟူ၍ အဆင့် (၃)ဆင့်ရှိပြီး ပဏာမအဆင့် ကာကွယ်ခြင်းသည် အထူးအရေးကြီးပါကြောင်း၊ ကမ္ဘာ့နိုင်ငံများအားလုံးတွင် အိတ်ချ်ပီဗွီကာကွယ်ဆေးကို ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းတွင် ထည့်သွင်းထိုးနှံနိုင်ခြင်းမရှိသေးသည့် အခြေအနေ၌ မြန်မာနိုင်ငံ၌ ယခုကဲ့သို့ ထိုးနှံရန်ဆုံးဖြတ်ခဲ့ခြင်းမှာ ရောဂါမဖြစ်ပွားမီ အသက်ငယ်ရွယ်စဉ်ကာလ၌ ကာကွယ်ဆေးထိုးနှံပေးခြင်းသည် ပဏာမအဆင့် ကာကွယ်ခြင်းဖြစ်ပြီး အထိရောက်ဆုံး ဖြစ်ပါကြောင်း။

မိမိတို့ ယခုအစိုးရလက်ထက်တွင် ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်၌ ပြင်းထန်အဆုတ်ရောင်ကာကွယ်ဆေး (ပီစီဗွီ)၊ ဂျပန်ဦးနှောက်အမြှေးရောင် ကာကွယ်ဆေး၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ဆေး(ရိုတာ)နှင့် စက်တင်ဘာလတွင် စတင်ထိုးနှံမည့် သားအိမ်ခေါင်းကာကွယ်ဆေးအပါအဝင် ကာကွယ်ဆေးအသစ် လေးမျိုးကို ထည့်သွင်းထိုးနှံ တိုက်ကျွေးနိုင်ခဲ့ပါကြောင်း၊ ကာကွယ်ဆေးထိုးလုပ်ငန်းများဆောင်ရွက်ရာတွင် ကျန်းမာရေး အသိပညာပေးခြင်း၊ အာဟာရဖွံ့ဖြိုးမှု၊ မျိုးဆက်ပွားကျန်းမာရေး စသည့်လုပ်ငန်းများကိုလည်း ပေါင်းစပ်တွဲဖက်ဆောင်ရွက်သွားပါက ပိုမိုအကျိုးရှိမည်ဖြစ်ပါကြောင်း၊ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းစီမံချက်မှ တာဝန်ရှိသူများအနေဖြင့် ကာကွယ်ဆေးများ အာနိသင်အပြည့်အဝရှိရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ အအေးလမ်းကြောင်း သိုလှောင်ထားရှိ ထိုးနှံနိုင်ရေး၊ ခက်ခဲဒေသအပါအဝင် နေရာဒေသအားလုံးမှ အသက် ၉ နှစ်မှ ၁၀ နှစ်အရွယ် မိန်းကလေးများအားလုံး ရရှိထိုးနှံပေးနိုင်ရေးအတွက် ဘက်စုံထောင့်စုံမှသုံးသပ်ကာ တိုင်းဒေသကြီး / ပြည်နယ် ဦးစီးမှူးများ၏ ဦးဆောင်မှုဖြင့် ဒေသအခြေအနေနှင့် ကိုက်ညီစွာဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

## အိတ်ချ်ပီဗွီ ကာကွယ်ဆေးထိုးနှံရေး ဆွေးနွေး

ဆက်လက်၍ UNICEF အဖွဲ့၏ မြန်မာနိုင်ငံဌာနေကိုယ်စားလှယ် Ms. June Kunugi က ယခုကဲ့သို့ ကုန်ကျစရိတ်ကြီးသော အိတ်ချ်ပီဗွီကာကွယ်ဆေးကို မြန်မာနိုင်ငံတွင် ထိုးနှံပေးရန်အတွက် ဆုံးဖြတ်ခဲ့သည့် မြန်မာနိုင်ငံအစိုးရနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတို့အား ချီးကျူးဂုဏ်ပြုပါကြောင်း၊ အိတ်ချ်ပီဗွီကာကွယ်ဆေးထိုးနှံပေးခြင်း မြန်မာနိုင်ငံ၏ အမျိုးသမီးများတွင် ပိုမိုလုပကျန်းမာသော အနာဂတ်များကို ရရှိစေမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သန္တာလွင်၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ မြန်မာနိုင်ငံဌာနေ ကိုယ်စားလှယ် Dr. Stephan Paul Jost နှင့် ပြည်သူ့လွှတ်တော်၊ ကျန်းမာရေးနှင့် အားကစား ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာစံရွှေဝင်းတို့က အိတ်ချ်ပီဗွီ ကာကွယ်ဆေးထိုးနှံရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ထို့နောက် အသိပေးဆွေးနွေးပွဲသို့ အစည်းအဝေးခန်းမှသော်လည်းကောင်း၊ Video conferencing ဖြင့်သော်လည်းကောင်း တက်ရောက်လာကြသည့် တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများ၊ နီးနွယ်ဌာနများနှင့် မိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများက ဆွေးနွေးမေးမြန်းကြသည်။

အိတ်ချ်ပီဗွီကာကွယ်ဆေးကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ပုံမှန်ကာကွယ်ဆေးထိုး အစီအစဉ်တွင်ထည့်သွင်း၍ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလမှစတင်ကာ အခမဲ့ထိုးနှံပေးသွားမည် ဖြစ်ပါသည်။ အသက် ၉ နှစ်မှ ၁၀ နှစ်အထိ မိန်းကလေးငယ်တိုင်းအား တစ်ကြိမ်နှင့် တစ်ကြိမ် ၁၂ လ ခြားပြီး နှစ်ကြိမ် ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

---

*စာမျက်နှာ ၁၁ မှ*

တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲကို လစဉ်ကျင်းပပြုလုပ်ပေးလျက်ရှိပြီး သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်လာသော သတင်းမီဒီယာသမားများကို အနီးကပ်လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့ပြီး သတင်းမီဒီယာသမားများ၏ သိရှိလိုသည့် မေးခွန်းများကိုလည်း ပြန်လည်ဖြေကြားပေးလျက်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီတို့မှ တာဝန်ရှိသူများက သတင်းမီဒီယာသမားများအနေဖြင့် မဏ္ဍိုင် (၃) ရပ်တွင် သတင်းရယူခြင်းနှင့် သတင်းသမားများ ဘေးကင်းလုံခြုံရေးဆိုင်ရာများကို ဆွေးနွေးကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံသတင်းစာဆရာအသင်း၊ မြန်မာစာနယ်ဇင်းသမဂ္ဂ၊ မြန်မာဂျာနယ်လစ်ကွန်ရက်၊ နိုင်ငံတကာ မြန်မာသတင်းအဖွဲ့နှင့် မြန်မာအမျိုးသမီးသတင်းစာဆရာများအဖွဲ့တို့မှ တာဝန်ရှိသူများက မေးမြန်းဆွေးနွေးကြပြီး မဏ္ဍိုင် (၃) ရပ်မှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် စတုတ္ထအကြိမ် မဏ္ဍိုင် (၄) ရပ် အလုပ်ရုံဆွေးနွေးပွဲ၏ ဆွေးနွေးပွဲရလဒ်များကို တက်ရောက်လာကြသူများက အတည်ပြုဆုံးဖြတ်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ယနေ့ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲ၌ မဏ္ဍိုင် (၄) ရပ်ကြား သတင်းရယူခြင်းဆိုင်ရာ ကိစ္စနှင့် ပတ်သက်၍ သတင်းမီဒီယာကျင့်ဝတ်ကို အခြေခံသော၊ အပြန်အလှန်လေးစားမှုကို အခြေခံသော၊ ခွဲခြားမှုမရှိသော ဆက်ဆံရေး အခြေအနေမျိုးကို ပိုမိုကောင်းမွန်အောင် တည်ဆောက်ရန်၊ သတင်းသမားများ သတင်းရယူရာတွင် တွေ့ကြုံရသည့် အခက်အခဲများ ဖြေရှင်းဆောင်ရွက်နိုင်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာနအပါအဝင် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးပွဲများကို ဆက်လက်ဆောင်ရွက်ရန်၊ မဏ္ဍိုင်(၄)ရပ် အလုပ်ရုံဆွေးနွေးပွဲများတွင် ဆုံးဖြတ်ခဲ့သော ဆုံးဖြတ်ချက်များနှင့် ပတ်သက်၍ သက်ဆိုင်ရာအလိုက် တစိုက်မတ်မတ် အကောင်အထည်ဖော် ဆောင်ရွက်သွားရန်၊ သတင်းဌာနများ၏ Website များအနေဖြင့် တည်ဆဲဥပဒေနှင့်အညီ တာဝန်ယူမှု၊ တာဝန်ခံမှုရှိပါက ပိတ်ပင်မှုမခံရစေရေး ဆောင်ရွက်ပေးရန်၊ တိုင်းဒေသကြီး/ ပြည်နယ်များတွင် သတင်းရယူရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ဌာနဆိုင်ရာများနှင့် မီဒီယာများအကြား အဆင်ပြေချောမွေ့မှု ရှိစေရေး လိုအပ်သလို ပေါင်းစပ်ညှိနှိုင်းပေးရန်၊ သတင်းရေးသား တင်ဆက်မှုများနှင့် ပတ်သက်၍ ကျေနပ်မှုမရှိပါက သတင်းမီဒီယာဥပဒေ ပုဒ်မ ၂၁ နှင့်အညီ ရှေးဦးစွာ အရေးယူတိုင်ကြားနိုင်ရေး ဆောင်ရွက်ရန်၊ သတင်းမီဒီယာဆိုင်ရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် သတင်းမီဒီယာဆိုင်ရာ မဏ္ဍိုင် (၄) ရပ် ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ (သို့မဟုတ်) ကော်မတီဖွဲ့စည်းနိုင်ရေး ဆောင်ရွက်ရန်၊ သတင်းမီဒီယာသမားများ အသိအမှတ်ပြုလက်မှတ် ထုတ်ပေးရေးအတွက် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက သက်ဆိုင်ရာ သတင်းမီဒီယာ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ရန်၊ သက်ဆိုင်ရာ ဌာနဆိုင်ရာ အဖွဲ့အစည်းများက အရေးကြီး၊ အရေးပေါ်အခြေအနေများတွင် သတင်းထုတ်ပြန်ချက်များကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးရန်နှင့် ဖြေကြားပေးရန်၊ အွန်လိုင်းမီဒီယာ စနစ်တကျဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်သူအားလုံးနှင့် ချိတ်ဆက် ညှိနှိုင်းဆောင်ရွက်ရန် ဟူသည့် အချက် ၁၀ ချက်ကို အတည်ပြုခဲ့ကြသည်။

မဏ္ဍိုင် (၄) ရပ်အလုပ်ရုံဆွေးနွေးပွဲများကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်တွင် ပထမအကြိမ်၊ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၂၁ ရက်တွင် ဒုတိယအကြိမ်နှင့် ၂၀၁၉ ခုနှစ် ဧပြီ ၃၀ ရက်တွင် တတိယအကြိမ် ကျင်းပခဲ့သည်။

**သတင်းစဉ်**

---

❍ *ကျော့ဖုံးမှ*

ရနောင်းမြို့တွင် ပိတ်မိနေခဲ့ကြသူများဖြစ်ပြီး မြန်မာနိုင်ငံအတွင်း အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်တွင် ပညာသင်ကြားနိုင်ရန် တနင်္သာရီတိုင်းဒေသကြီး မြန်မာရွှေ့ပြောင်းအလုပ်သမားများ စိစစ်လက်ခံရေးနှင့် နေရပ်ပြန်လည်ပို့ဆောင်ရေးကော်မတီ၏ ကြီးကြပ်ညှိနှိုင်းမှု၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ အလုပ်သမားသံရုံး၏ အကူအညီဖြင့် အုပ်ထိန်းသူများနှင့်အတူ ပြန်လည်ဝင်ရောက်လာကြသူများဖြစ်ကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသည့် မိသားစုဝင်များအား ကော့သောင်းခရိုင်နှင့် မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာများနှင့် NGO အဖွဲ့အစည်းများက ရောဂါ သံသယရှိသူများနှင့် ကူးစက်ခံရသူများ ပါဝင်လာခြင်း ရှိ မရှိ၊ မြန်မာနိုင်ငံသားမဟုတ်သူများ ပါဝင်လာခြင်း ရှိ မရှိ စစ်ဆေးလက်ခံခဲ့ကြပြီး ကော့သောင်းမြို့ ပုလုံးတုံတုံးကျေးရွာရှိ သဘာဝဘေး အရေးပေါ်ခိုလှုံရာ အဆောက်အအုံတွင် အသွားအလာ ကန့်သတ်စောင့်ကြည့်ခြင်း ၂၁ ရက်နှင့် နေအိမ်၌ အသွားအလာကန့်သတ်စောင့်ကြည့်ခြင်း ၇ ရက် ထားရှိစောင့်ကြည့်ကာ ၎င်းတို့၏ နှာခေါင်းတို့ဖတ် နမူနာများအား အမျိုးသားကျန်းမာရေးဌာနသို့ပေးပို့ပြီး ဓာတ်ခွဲစစ်ဆေးသွားမည် ဖြစ်ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

---

❒ *ကျော့ဖုံးမှ*

ကစားသမားများ ပုံမှန်ခြေစွမ်းပြသထားနိုင်သည့်အတွက် ပွဲမှာ အကြိတ်အနယ် ရှိလာမည်မှာ မလွဲပေ။

ပီအက်စ်ဂျီအသင်းနှင့် ဘိုင်ယန်မြူးနစ်အသင်းတို့ ၂၀၁၈ ခုနှစ် အင်တာနေရှင်နယ် ချန်ပီယံဖလားပြိုင်ပွဲတွင် နောက်ဆုံးအကြိမ် ဆုံတွေ့ထားပြီး ဘိုင်ယန်မြူးနစ်အသင်းက သုံးဂိုးပြတ်ဖြင့် ပီအက်စ်ဂျီအသင်းကို အနိုင်ရရှိထားသည်။ ထို့အပြင် ၂၀၁၇ ခုနှစ် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ယင်းနှစ်သင်းထိပ်တိုက် နှစ်ကြိမ်ဆုံတွေ့ထားရာ တစ်ကြိမ်စီ အနိုင်ရရှိထားသည်။

ပီအက်စ်ဂျီအသင်းသည် ယခုနှစ်တွင် လီဂူးဝမ်း အမှတ်ပေးဖလား၊ ပြင်သစ်ဖလားနှင့် ပြင်သစ်လိဂ် ဖလားတို့ကို ဆွတ်ခူးရရှိထားသည့်အပြင် ချန်ပီယံလိဂ်ဖလား ဆွတ်ခူးရန်လည်း လက်တစ်ကမ်းအလိုသို့ ရောက်ရှိလာသည့်အသင်း ဖြစ်သည်။

ဘိုင်ယန်မြူးနစ်အသင်းကလည်း ၂၀၁၂-၂၀၁၃ ခုနှစ်တွင် ချန်ပီယံလိဂ်ဖလားကို ရရှိခဲ့ပြီးနောက်ပိုင်း အောင်မြင်မှုနှင့် ဝေးကွာနေသည့်အတွက် ဖလားဆွတ်ခူးရန် အသေအချာ ပြင်ဆင်လာမည်မှာ မလွဲပေ။ ထို့ကြောင့် ယင်းနှစ်သင်း ချန်ပီယံလိဂ်ဖိုင်နယ်တွင် ထိပ်တိုက်တွေ့ဆုံမှုမှာ ပြိုင်ဆိုင်မှု ပြင်းထန်လာဖွယ်ရှိနေသည့်အတွက် ကြည့်ရှုသူပရိသတ် အကြိုက်တွေ့စေမည်မှာ မလွဲပေ။ တစ်နည်းအားဖြင့် ဂျာမန်လူမျိုး နည်းပြနှစ်ဦး ချန်ပီယံလိဂ် ဗိုလ်လုပွဲတွင် ထိပ်တိုက်ဆုံတွေ့နေမှုကလည်း ကြည့်ရှုသူပရိသတ်ကို ဆွဲဆောင်နိုင်မည်မှာ မလွဲပေ။

**အောင်ဇော်**

# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ၂၀၂၀ ပြည့်နှစ် ဇွန်လနှင့် ဇူလိုင်လတို့တွင် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းဆောင်ရွက်မှု

**နေပြည်တော် ဩဂုတ် ၂၁**

၁။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ စိစစ်ကာ ဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ ၂၀၂၀ ပြည့်နှစ် ဇွန်လအတွင်း ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်း အပါအဝင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၂၃၃ ဒသမ ၇၃၁ သန်း၊ ၂၀၂၀ပြည့်နှစ် ဇူလိုင်လအတွင်း ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်း အပါအဝင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၆၄၁ ဒသမ ၈၀၂ သန်း ခွင့်ပြုဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

၃။ ၂၀၂၀ ပြည့်နှစ် ဇွန်လနှင့် ဇူလိုင်လအတွင်း ခွင့်ပြုခဲ့သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | ကဏ္ဍ | ဇွန်လ | | ဇူလိုင်လ | |
|---|---|---|---|---|---|
| | | လုပ်ငန်းခုရေ | မတည်ငွေရင်းပမာဏ US$(သန်း) | လုပ်ငန်းခုရေ | မတည်ငွေရင်းပမာဏ US$ (သန်း) |
| (က) | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ကဏ္ဍ | - | ၂၆.၀၀၀ * | - | ၂၀.၀၀၀ * |
| (ခ) | စက်မှုကဏ္ဍ | ၁၅ | ၁၈၈.၃၃၉ | ၁၆ | ၇၉.၇၁၈ |
| (ဂ) | လျှပ်စစ်ဓာတ်အားကဏ္ဍ | - | - | ၁ | ၀.၄၅၀ |
| (ဃ) | ဟိုတယ်နှင့် ခရီးသွားကဏ္ဍ | - | ၅.၈၈၁ * | ၂ | ၃.၆၈၃ |
| (င) | မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ | - | - | ၁ | ၁၁၆.၁၂၁ |
| (စ) | အခြားဝန်ဆောင်မှုကဏ္ဍ | ၃ | ၁၃.၅၁၁ * | ၁ | ၁၈၃.၃၀၀ * |
| (ဆ) | သတ္တုတွင်းကဏ္ဍ | - | - | - | ၃.၈၀၀ * |
| (ဇ) | လယ်ယာကဏ္ဍ | - | - | ၁ | ၄.၁၃၀ |
| (ဈ) | စက်မှုဇုန်တည်ဆောက်မှု ကဏ္ဍ | - | - | ၁ | ၂၃၀.၆၀၀ |
| | စုစုပေါင်း | ၁၈ | ၂၃၃.၇၃၁ | ၂၃ | ၆၄၁.၈၀၂ |

***ရင်းနှီးမြှုပ်နှံမှုပမာဏများ၌ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ထားသည့် ပမာဏများ ထည့်သွင်းဖော်ပြထားခြင်း ဖြစ်ပါသည်။**

၄။ ၂၀၂၀ ပြည့်နှစ် ဇွန်လအတွင်း ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းအပါအဝင် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုး ကျပ် ၉၇၃၃၉ ဒသမ ၇၃၀ သန်းနှင့် ၂၀၂၀ ပြည့်နှစ် ဇူလိုင်လအတွင်း ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းအပါအဝင် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုးကျပ် ၁၄၈၇၂၇ ဒသမ ၃၁၀ သန်း ခွင့်ပြုဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

၅။ ၂၀၂၀ ပြည့်နှစ် ဇွန်လနှင့်ဇူလိုင်လအတွင်း ခွင့်ပြုခဲ့သည့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ကဏ္ဍ | ဇွန်လ | | ဇူလိုင်လ | |
|---|---|---|---|---|---|
| | | လုပ်ငန်းခုရေ | မတည်ငွေရင်းပမာဏ ကျပ် (သန်း) | လုပ်ငန်းခုရေ | မတည်ငွေရင်းပမာဏ ကျပ် (သန်း) |
| (က) | အိမ်ရာအဆောက်အဦကဏ္ဍ | - | - | ၁ | ၃၄,၁၁၈.၆၃၄ * |
| (ခ) | စက်မှုကဏ္ဍ | ၉ | ၄၁,၆၁၆.၁၈၇ * | ၆ | ၂၉,၀၆၃.၂၁၈ * |
| (ဂ) | ဟိုတယ်နှင့် ခရီးသွားကဏ္ဍ | ၁ | ၂,၄၉၉.၂၇၂ | ၅ | ၆၄,၃၃၈.၆၅၅ |
| (ဃ) | ဆောက်လုပ်ရေးကဏ္ဍ | - | - | - | ၂,၃၅၂.၀၀၀ * |
| (င) | လျှပ်စစ်ဓါတ်အားကဏ္ဍ | ၂ | ၁၁,၉၅၆.၉၆၀ | - | - |
| (စ) | လယ်ယာကဏ္ဍ | ၁ | ၉၆၅.၀၉၀ | - | - |
| (ဆ) | အခြားဝန်ဆောင်မှုကဏ္ဍ | ၄ | ၄၀,၃၀၂.၂၂၁ | ၄ | ၉,၇၇၀.၉၇၈ |
| (ဇ) | ရေနံနှင့် သဘာဝဓါတ်ငွေ့ကဏ္ဍ | - | - | ၁ | ၉,၀၈၃.၈၂၅ |
| | စုစုပေါင်း | ၁၇ | ၉၇,၃၃၉.၇၃၀ | ၁၇ | ၁၄၈,၇၂၇.၃၁၀ |

***ရင်းနှီးမြှုပ်နှံမှုပမာဏများ၌ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ထားသည့် ပမာဏများ ထည့်သွင်းဖော်ပြထားခြင်း ဖြစ်ပါသည်။**

၆။ ၂၀၂၀ ပြည့်နှစ် ဇွန်လနှင့် ဇူလိုင်လအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၏ ကဏ္ဍအလိုက် ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ တိုးချဲ့ဖန်တီးနိုင်မှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ကဏ္ဍ | ပြည်တွင်းလုပ်သားများအတွက်အလုပ်အကိုင် အခွင့်အလမ်းတိုးချဲ့ဖန်တီးနိုင်မှု (ဦးရေ) | |
|---|---|---|---|
| | | ဇွန်လ | ဇူလိုင်လ |
| (က) | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍ | ၁၁၀ | - |
| (ခ) | စက်မှုကဏ္ဍ | ၈,၉၆၅ * | ၁၀,၃၄၀ |
| (ဂ) | လျှပ်စစ်ဓာတ်အားကဏ္ဍ | - | ၁၆ |
| (ဃ) | ဟိုတယ်နှင့် ခရီးသွားကဏ္ဍ | - | ၃၇ |
| (င) | မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ | - | ၁,၀၆၂ * |
| (စ) | အခြားဝန်ဆောင်မှုကဏ္ဍ | ၂၉၁ | ၁,၇၃၀ |
| (ဆ) | လယ်ယာကဏ္ဍ | - | ၁၈ |
| (ဇ) | စက်မှုဇုန်တည်ဆောက်မှုကဏ္ဍ | - | ၁၅၉ |
| | စုစုပေါင်း | ၉,၃၆၆ | ၁၃,၃၆၂ |

***လုပ်သားအင်အား တိုးမြှင့်ခန့်ထားခြင်းအပါအဝင် ဖြစ်ပါသည်။**

၇။ ၂၀၂၀ ပြည့်နှစ် ဇွန်လနှင့် ဇူလိုင်လအတွင်း မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုတွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၏ ကဏ္ဍအလိုက် ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ တိုးချဲ့ဖန်တီးနိုင်မှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ကဏ္ဍ | ပြည်တွင်းလုပ်သားများအတွက်အလုပ်အကိုင် အခွင့်အလမ်းတိုးချဲ့ဖန်တီးနိုင်မှု (ဦးရေ) | |
|---|---|---|---|
| | | ဇွန်လ | ဇူလိုင်လ |
| (က) | အိမ်ရာအဆောက်အဦကဏ္ဍ | - | ၁၁၁ |
| (ခ) | စက်မှုကဏ္ဍ | ၄,၀၉၁ | ၆၆၆ * |
| (ဂ) | ဟိုတယ်နှင့် ခရီးသွားကဏ္ဍ | ၈၇ | ၄၂၁ |
| (ဃ) | လျှပ်စစ်ဓါတ်အားကဏ္ဍ | ၇၃၀ | - |
| (င) | လယ်ယာကဏ္ဍ | ၁၁၇ | - |
| (စ) | အခြားဝန်ဆောင်မှုကဏ္ဍ | ၈၁၇ | ၃၂၆ |
| (ဆ) | ရေနံနှင့် သဘာဝဓါတ်ငွေ့ကဏ္ဍ | - | ၆၂ |
| | စုစုပေါင်း | ၅,၈၄၂ | ၁,၅၈၆ |

***လုပ်သားအင်အား တိုးမြှင့်ခန့်ထားခြင်းအပါအဝင်ဖြစ်ပါသည်။**

# အကျဉ်းထောင်၊ အချုပ်ထောင်၊ အကျဉ်းစခန်း၊ ရဲစခန်း၊ တရားရုံးနှင့် ဆေးရုံအချုပ်ခန်းတို့ကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၂၁**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့်နှင့် ဦးကျော်စိုးတို့ အဖွဲ့သည် ဩဂုတ် ၁၉ ရက်တွင် မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ အချုပ်ထောင်၊ ရဲစခန်း၊ တရားရုံး၊ ဆေးရုံ အချုပ်ခန်းများကို လည်းကောင်း၊ ဩဂုတ် ၂၀ ရက်တွင် ကရင်ပြည်နယ် ဘားအံမြို့ရှိ အကျဉ်းထောင်၊ လက္ခဏ စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်း၊ တရားရုံး၊ ဆေးရုံ အချုပ်ခန်းများကို လည်းကောင်း၊ ယနေ့တွင် ဘားအံမြို့မရဲစခန်း အချုပ်ခန်းနှင့် မာလာဖူး ကုန်ထုတ်စခန်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။



ကြည့်ရှုစစ်ဆေးရာတွင် ကော်မရှင် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ အကျဉ်းသားများကို အုပ်စုလိုက်ခွဲ၍ တွေ့ဆုံကာ အကျဉ်းသားတစ်ဦး၏ အနိမ့်ဆုံးရရှိရမည့် အခွင့်အရေးများဖြစ်သော ထောင်ဝင်စာ တွေ့ဆုံရာတွင် အခက်အခဲ ရှိ၊ မရှိ၊ ရသင့်ရထိုက်သော အသုံးအဆောင် ပစ္စည်းများရရှိခြင်း ရှိ၊ မရှိ၊ ကျန်းမာရေး စောင့်ရှောက်မှု ရှိ၊ မရှိ၊ အကျဉ်းထောင်အတွင်း ညှဉ်းပန်းနှိပ်စက်မှု ရှိ၊ မရှိနှင့် နေထိုင်စားသောက်မှု အခြေအနေများစသည့် အခြေခံ လူ့အခွင့်အရေး အခြေအနေများကို မေးမြန်းမှတ်တမ်းတင်ခြင်း၊ တစ်ဦးချင်း တွေ့ဆုံလိုသူ အကျဉ်းသား၊ အကျဉ်းသူ၊ အချုပ်သား၊ အချုပ်သူများနှင့် တွေ့ဆုံကာ မှတ်တမ်းတင်ခဲ့ကြသည်။

အကျဉ်းထောင်၊ အချုပ်ထောင်၊ အကျဉ်းစခန်းများကို ဝင်ရောက်ကာ အကျဉ်းသား အိပ်ဆောင်များ၊ တိုက်ခန်းများ၊ ဆေးရုံဆောင်များ၊ စားဖိုကြီး၊ သောက်ရေနှင့် သုံးရေကန်များ၊ မိလ္လာများနှင့် လတ်တလော ဖြစ်ပွားလျက်ရှိသော ကိုဗစ်- ၁၉ ရောဂါကာကွယ်ရေးနှင့် ပတ်သက်၍ ဆောင်ရွက်ထားရှိမှုကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။ **(ဝဲပုံ)**

ကြည့်ရှု စစ်ဆေးရေးအဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်များကို လိုအပ်သလို အရေးယူ ဆောင်ရွက် ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများသို့ ပေးပို့ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့် ရှိမည်

**နေပြည်တော် ဩဂုတ် ၂၁**

ဘင်္ဂလား ပင်လယ်အော် အခြေအနေမှာ ကပ္ပလီ ပင်လယ်ပြင်နှင့် ဘင်္ဂလား ပင်လယ်အော်တို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့် အတင့် ရှိနေသည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအသင့်အတင့် ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် ငါးပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ရုရှားအတိုက်အခံခေါင်းဆောင် နာဗယ်နီတွင် အဆိပ်မိသည့် သဲလွန်စမတွေ့ဟု ရုရှားဆရာဝန်များပြော



အွမ့်မြို့ဆေးရုံမှ ဆရာဝန် မူရာဟော့စကီ သတင်းမီဒီယာများကို ရှင်းလင်းပြောကြားနေစဉ်။

မော်စကို ဩဂုတ် ၂၁

**ရုရှားအတိုက်အခံခေါင်းဆောင် အလက်ဇီနာဗယ်နီတွင် အဆိပ်သင့်သည့် သဲလွန်စမတွေ့ရှိရဟု ၎င်းကို ကုသပေးသည့် ဆရာဝန်များက ဩဂုတ် ၂၁ ရက်တွင် ပြောကြားသည်။**

၎င်း၏လက်ထောက်များက နာဗယ်နီကို ကုသမှုပြုလုပ်ပေးနိုင်ရေးအတွက် ဂျာမနီသို့ ခေါ်ဆောင်သွားနိုင်ရေး တောင်းဆိုခဲ့သော်လည်း အာဏာပိုင်များက ပယ်ချခဲ့ရာ အသက်အန္တရာယ်ရှိနိုင်သည်ဟု ပြောဆိုခဲ့ကြသည်။

**မေ့မြောလျက်ရှိ**

အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးနှင့် ရှေ့နေဟောင်းတစ်ဦးဖြစ်သူ အသက် ၄၄ နှစ်အရွယ် နာဗယ်နီသည် ရုရှားသမ္မတ ဗလာဒီမာပူတင်ကို ပြင်းပြင်းထန်ထန်ဝေဖန်သူလည်း ဖြစ်သည်။

၎င်းမှာ ယခုအခါ ဆိုက်ဘေးရီးယားဒေသ အွမ့်မြို့၌ အထူးကြပ်မတ်ကုသဆောင်တွင် ကုသမှုခံယူနေပြီး မေ့မြောလျက်ရှိသည်။

**အဆိပ်မိသည့်သဲလွန်စမတွေ့**

၎င်း၏ လက်ထောက်များကမူ နာဗယ်နီသည် အဆိပ်ခပ်ခံရခြင်းဖြစ်ပြီး လေဆိပ်ရှိ ကော်ဖီဆိုင်တွင် ၎င်းသောက်မည့် လက်ဖက်ရည်ခွက်အတွင်းသို့ အဆိပ်ခပ်ခံရခြင်းဖြစ်ကြောင်း တထစ်ချပြောဆိုနေကြသည်။

အွမ့်ဆေးရုံတွင် ၎င်းကို ကုသပေးနေသည့် ဆရာဝန်များကမူ စမ်းသပ်မှုပြုလုပ်ပြီးနောက် အဆိပ်မိသည့် သဲလွန်စမတွေ့ရှိရဟု ပြောကြားခဲ့ကြသည်။ ထို့ပြင် ဂျာမနီသို့ ပို့ဆောင်ပေးမည့် လေယာဉ်ရောက်ရှိလာသော်လည်း နာဗယ်နီ၏ လက်ရှိအခြေအနေမှာ ရွှေ့ပြောင်းမှုပြုလုပ်ရန် မသင့်လျော်သေးကြောင်း ဆရာဝန်များက ပြောသည်။

**အဆိပ်သင့်ခြင်းဟု မယူဆ**

ဆီးနှင့်သွေးကိုဆေးစစ်ကြည့်ရာတွင် အဆိပ် မတွေ့ရှိရကြောင်း ဒုတိယဆေးရုံအုပ်ကြီး အနာတိုလီ ကာလင်ချင်ကိုက သတင်းထောက်များကို ပြောသည်။ လူနာမှာ အဆိပ်သင့်ခြင်းဖြစ်သည်ဟု မယူဆကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**

## ဗိုင်းရပ်စ်ကူးစက်မှုမြင့်သည့်နေရာမှ ပြန်လာသူများ စစ်ဆေးမှုလုပ်ကိုလုပ်ရမည်ဟု ဂျာမနီဝန်ကြီးချုပ်ပြောကြား

ဘာလင် ဩဂုတ် ၂၁

ဂျာမနီနိုင်ငံတွင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ် -၁၉ အသစ်ထပ်မံဖြစ်ပွားသည့် အတည်ပြုလူနာပေါင်း ၁၇၀၇ ဦး ရှိခဲ့ကြောင်းနှင့် အဆိုပါပမာဏသည် ဧပြီလမှစကာ တစ်နေ့တာအတွင်း အမြင့်ဆုံးပမာဏဖြစ်ကြောင်း တရားဝင်စာရင်းများတွင် ဩဂုတ် ၂၀ ရက်က ဖော်ပြလိုက်သည်။

ဂျာမနီနိုင်ငံသည် အခြားအိမ်နီးချင်း ဥရောပနိုင်ငံများထက် ကိုဗစ် - ၁၉ ကို အထူးသတိထား စောင့်ကြည့်လျက်ရှိသော်လည်း နွေရာသီ အပန်းဖြေအားလပ်ရက်များအတွင်း ကိုဗစ်-၁၉ အတည်ပြုလူနာ အရေအတွက် ရုတ်တရက် တိုးလာခဲ့သည်။

ကိုဗစ် -၁၉ တိုးလာခြင်းကြောင့် အပန်းဖြေအားလပ်ရက် ပြန်လာသူများ၊ ပါတီများ၊ မိသားစုတွေ့ဆုံပွဲများအပေါ် ပြစ်တင်မှုများ ပြုလုပ်ခဲ့ကြသည်။

ကိုဗစ် - ၁၉ ကူးစက်ဖြစ်ပွားမှုနှင့်ပတ်သက်ပြီး ရောဘတ်ကော့ချ်အဖွဲ့အစည်းမှရရှိသော နောက်ဆုံးအချက်အလက်များအရ ကိုဗစ် -၁၉ စတင်ဖြစ်ပွားသည့်အချိန်မှစ၍ ယခုအချိန် အထိ နိုင်ငံအတွင်း ကူးစက်ခံရသူပေါင်း ၂၂၈၆၂၁ ဦးအထိ ရောက်ရှိလာခဲ့ကြောင်း သိရသည်။

ဂျာမနီနိုင်ငံတွင် နေ့စဉ် ကိုဗစ်- ၁၉ ထပ်မံကူးစက်ခံရမှု မှတ်တမ်းတင်ထားမှုများအရ ဧပြီလအစောပိုင်းက ကိုဗစ်-၁၉ ကူးစက်ခံရသူ ၆၀၀၀ ကျော် အထိရှိခဲ့ကြောင်း သိရသည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ကြောင့် သေဆုံးခဲ့သူ ၁၀ ဦးနှင့် အတူ စုစုပေါင်းသေဆုံးသူ ၉၂၅၃ ဦး ရှိခဲ့သည်။ ကိုဗစ်-၁၉ ကူးစက်မှုတိုးလာမှုနှင့် ရင်ဆိုင်ရမှုနှင့်အတူ ဂျာမနီနိုင်ငံတွင် ယခုလအစောပိုင်းက ကူးစက်မှုမြင့်မားသော နေရာများမှ ပြန်လည်ရောက်လာသူများကို ကိုဗစ်- ၁၉ စစ်ဆေးမှု အခမဲ့ပြုလုပ်ပေးရန် အမိန့်တစ်ရပ် ထုတ်ပြန်ခဲ့သည်။

ဂျာမနီဝန်ကြီးချုပ် အင်ဂျလာ မာကယ်က ကိုဗစ် -၁၉ နှင့် ပတ်သက်ပြီး တားမြစ်မှုများကို ထပ်မံအလျှော့ပေးမှုများ ထပ်မလုပ်ရန် ဩဂုတ် ၁၈ ရက်က သတိပေးခဲ့သည်။

ဂျာမနီဝန်ကြီးချုပ်က ပြည်သူများအား တစ်ကိုယ်ရေသန့်ရှင်းရေး နည်းလမ်းများကို လိုက်နာကြရန်နှင့် ကိုဗစ် - ၁၉ ကူးစက်မှု မြင့်မားသည့်နေရာများမှ ပြန်လည်ရောက်ရှိလာသူများအား ကိုဗစ်-၁၉ ခွဲခြားစောင့်ကြည့်မှုများကို ရွေးချယ်စရာတစ်ခုအနေဖြင့်မဟုတ်ဘဲ လုပ်ကိုလုပ်ရမည့် စည်းမျဉ်းတစ်ခုအဖြစ် လိုက်နာလုပ်ဆောင်ကြရန် တိုက်တွန်းထားသည်။

**အေအက်ဖ်ပီ**

## ဘေရွတ်ဆိပ်ကမ်းပေါက်ကွဲပြီးနောက် လက်ဘနွန်ပြည်သူများ အသွားအလာကန့်သတ်မှုနှင့် ထပ်မံကြုံတွေ့နေရ

ဘေရွတ် ဩဂုတ် ၂၁

ဘေရွတ်ဆိပ်ကမ်း ပေါက်ကွဲမှုကြောက်မက်ဖွယ် ဖြစ်ပွားပြီးနောက် လူနေအဆောက်အအုံများနှင့် စီးပွားရေးများ ပျက်စီးခဲ့သည့် လက်ဘနွန်နိုင်ငံတွင် ယခုတစ်ခါ ကိုဗစ်-၁၉ ကြောင့် အသွားအလာ ကန့်သတ်ပိတ်ဆို့မှုများကို ချမှတ်လိုက်ပြီဖြစ်ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြလိုက်သည်။

နေ့စဉ် ထပ်မံကူးစက်ဖြစ်ပွားနေသည့် ကိုဗစ်-၁၉ အတည်ပြုလူနာများ တိုးလာမှုက ၁၀၉၅၂ ဦးအထိ ရောက်ရှိလာပြီး သေဆုံးသူ ၁၁၃ ဦး ရှိလာပြီးနောက် ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားမှုကို တားဆီးရန် လက်ဘနွန်နိုင်ငံတွင် တစ်စိတ်တစ်ပိုင်း အသွားအလာ ကန့်သတ်ပိတ်ဆို့မှုများကို ဩဂုတ် ၂၁ ရက်မှစကာ သီတင်းပတ်နှစ်ပတ်ကြာသည်အထိ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

ဘေရွတ်ဆိပ်ကမ်း ပေါက်ကွဲမှုကြောင့် လူပေါင်း ၁၈၁ ဦး သေဆုံးပြီးနောက် ထောင်ပေါင်းများစွာ ဒဏ်ရာရရှိခဲ့ပြီး အပျက်အစီးများလည်း တောင်ပုံရာပုံ ဖြစ်ခဲ့သည်။

စီးပွားရေးအရ နိုင်ငံကို အသွားအလာ ကန့်သတ်ပိတ်ဆို့လိုက်ခြင်းမှာ မကောင်းကြောင်းနှင့် လူများက ရောင်းချင်ဝယ်ချင်ကြောင်း၊ သို့သော်လည်း ဖျားနာပြီး ဆေးရုံတင်ရသည် ထက်စာလျှင် အနည်းငယ်ဆုံးရှုံးသွားခြင်းက အဆင် ပြေမည်ထင်ကြောင်း လက်ဘနွန်မိခင်တစ်ဦးက ပြောကြားလိုက်သည်။

ဆေးရုံများတွင် နေရာလွတ်မရှိတော့ကြောင်း၊ လူများ ရုတ်တရက် ဖျားနာလာကြပြီဆိုလျှင် ၎င်းတို့ကို ဘယ်နေရာတွင် ထားမလဲဟုဆိုကာ ၎င်းက မေးခွန်းထုတ်လိုက်သည်။

ကျန်းမာရေး အာဏာပိုင်များကလည်း နောက်ထပ် ကိုဗစ်- ၁၉ တိုးလာမည့်အရေးကို စိုးရိမ်လျက်ရှိသည်။ ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ပေါက်ကွဲမှုနှင့် နီးကပ်လျက်ရှိသည့် ဆေးရုံများ ပျက်စီးသွားခဲ့သဖြင့် အခြေအနေမှာ စိုးရိမ်ဖွယ်ကောင်းသည်။

အသွားအလာကန့်သတ်ပိတ်ဆို့မှုတွင် ည ၆ နာရီမှ မနက် ၆ နာရီအထိ အပြင်မထွက်ရအမိန့်လည်း ချမှတ်ထားကြောင်း သိရသည်။ သို့သော်လည်း အဆိုပါအမိန့်သည် ကယ်ဆယ်ရေးလုပ်ငန်းများအတွက် သက်ရောက်မှုရှိမည်မဟုတ်ပေ။ ဩဂုတ် ၂၁ ရက်မှစကာ အိမ်တွင်း၌သာ နေထိုင်ရန် ဆုံးဖြတ်ချက်သည် မတ်လအလယ်လောက်ကတည်းမှစကာ နောက်ဆုံးချမှတ်ခဲ့သည့် ဆုံးဖြတ်ချက် ဖြစ်ကောင်း ဖြစ်နိုင်သည်။ **အေအက်ဖ်ပီ**

## အမေရိကန် သမ္မတထရမ့်၏ အကြံပေးအရာရှိဟောင်း လိမ်လည်မှုဖြင့် တရားစွဲဆိုခံရ

ဝါရှင်တန် ဩဂုတ် ၂၁

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ အကြံပေးအရာရှိဟောင်း ဖြစ်သူ စတိဗ်ဘန်နွန်ကို အမေရိကန်ပြည်ထောင်စု ရှေ့နေရုံးချုပ်က တရားစွဲဆိုထားကြောင်း သိရသည်။

မက္ကဆီကိုနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် နယ်စပ်တွင် တံတိုင်းတည်ဆောက်ရန် ရန်ပုံငွေရှာဖွေခြင်းအစီအစဉ်နှင့်ပတ်သက်ပြီး လိမ်လည်မှုများ ပြုလုပ်ခဲ့သည်ဟုစွပ်စွဲကာ တရားစွဲဆိုခဲ့ခြင်း ဖြစ်သည်။ အပြစ်မရှိကြောင်း အသနားခံပြီးနောက် ဒေါ်လာငါးသန်းဖြင့် အာမခံရကာပြန်လွတ်လာခဲ့သည်။ တံတိုင်းဆောက်ရန်ဟု အကြောင်းပြကာ ရန်ပုံငွေရှာဖွေပြီး အလှူရှင် ထောင်ပေါင်းများစွာကို လိမ်လည်ခဲ့သည်ဟု ဘန်နွန်အပါအဝင် အခြားသုံးဦးကို ရှေ့နေများက စွပ်စွဲထားသည်။ အဆိုပါ ရန်ပုံငွေများထဲမှ ဒေါ်လာတစ်သန်းကို ဘန်နွန်က လက်ခံခဲ့သည်ဟုလည်း စွပ်စွဲထားသည်။

ယင်းငွေများကို ဘန်နွန်က ကိုယ်ကျိုးစီးပွားအတွက် အသုံးချခဲ့သည်ဟု ယူဆရသည်။ ဘန်နွန်သည် ဒေါ်နယ်ထရမ့် ၂၀၁၆ ရွေးကောက်ပွဲတွင် အနိုင်ရရေးအတွက် အဓိကပါဝင်လှုပ်ရှားပေးခဲ့သူဖြစ်ပြီး နောက်ပိုင်းတွင်လည်း အိမ်ဖြူတော်တွင် အကြံပေးအရာရှိအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။ ၎င်းအဖမ်းခံရပြီးနောက် သမ္မတထရမ့်က အဆိုပါ စီမံကိန်းနှင့်ပတ်သက်ပြီး မည်သည့်အကြောင်းအရာကိုမျှ မသိရှိရကြောင်း ပြောကြားခဲ့သည်။

**အင်န်အီတီချ်ကေ**



အကြံပေးအရာရှိဟောင်း စတိဗ်ဘန်နွန်။

## ထိုင်းနိုင်ငံတွင် ကိုဗစ် - ၁၉ နှင့်ပတ်သက်ပြီး အရေးပေါ်စည်းမျဉ်းထုတ်ပြန်မှုကို အချိန်တိုးချဲ့

ဘန်ကောက် ဩဂုတ် ၂၁

ထိုင်းနိုင်ငံ ကိုဗစ် - ၁၉အခြေအနေများဆိုင်ရာ စီမံခန့်ခွဲမှုစင်တာ (CCSA)က ကိုဗစ် -၁၉အတွက် အရေးပေါ်စည်းမျဉ်းထုတ်ပြန်မှုကို စက်တင်ဘာ ၃၀ ရက်အထိ တိုးမြှင့်သတ်မှတ်လိုက်ကြောင်း ဩဂုတ် ၂၁ ရက်တွင် ကြေညာခဲ့သည်။

အရေးပေါ်စည်းမျဉ်းအမိန့် ချမှတ်မှုကိုစက်တင်ဘာ ၃၀ ရက်ထက်တိုးမြှင့်လိုက်ပြီး ငါးလဆက်တိုက် အမိန့်ချမှတ်မှုဖြစ်ကြောင်း CCSA မှ ပြောရေးဆိုခွင့်ရှိသူ တဝီဆင်းဗီဆာနုယိုသင်က ပြောသည်။

ကပ်ရောဂါကို ထိန်းချုပ်နိုင်ရေးအတွက် အရေးပေါ်စည်းမျဉ်းချမှတ်မှုမှာ အရေးပါသည်ဟု ဆုံးဖြတ်ထားကြောင်း၊ ကပ်ရောဂါကာကွယ်ရေးအတွက် ကန့်သတ်ချက်များအောက်ရှိ အချို့သောအချက်များကို ဖြေလျှော့ထားခဲ့ပြီးဖြစ်ကြောင်း၊ ကျောင်းများ၊ ပြည်သူ့သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ ကဇာတ်ရုံများအတွင်း ပရိသတ်များ ကြည့်ရှုခွင့်နှင့် ဖျော်ဖြေရေးလုပ်ငန်းများကို လူမှုဝေးကွာပုံစံနှင့် တစ်စိတ်တစ်ပိုင်း ပြန်ဖွင့်ပေးခြင်းကို ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံတွင် ဩဂုတ် ၂၁ ရက်အထိ ကိုဗစ်-၁၉ ကူးစက်ခံရသူ ၃၃၉၀ ရှိပြီး သေဆုံးသူ ၅၈ ဦးရှိသည်။ ပြန်လည်ကျန်းမာလာသူ အရေအတွက်မှာ ၃၂၁၉ ဦး ရှိသည့်အတွက် ၉၈ ရာခိုင်နှုန်းပြန်လည်ကျန်းမာလာခြင်းဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

## အိန္ဒိယနိုင်ငံ ဓာတ်အားပေးစက်ရုံကြောင့် မီးလောင်မှုအတွင်း လူကိုးဦး ပိတ်မိနေ

နယူးဒေလီ ဩဂုတ် ၂၁

အိန္ဒိယနိုင်ငံတောင်ပိုင်း တယ်လန်ဂါနာပြည်နယ် ရေအားလျှပ်စစ်စက်ရုံတစ်ခုအတွင်း မီးလောင်မှုဖြစ်ပွားစဉ် လူကိုးဦးထက်မနည်းပိတ်မိနေခဲ့ကြောင်း အာဏာပိုင်များက ဩဂုတ် ၂၁ ရက်တွင် ပြောသည်။

ဩဂုတ် ၂၀ ရက်ညပိုင်းက ဆရီဆီလမ်ရေအားလျှပ်စစ်စက်ရုံမှ လျှပ်စစ်ထုတ်ပေးသည့် လိုဏ်ခေါင်းတွင် မီးလောင်မှုဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ ဌာနခွဲအင်ဂျင်နီယာတစ်ဦး၊ လက်ထောက်အင်ဂျင်နီယာလေးဦး၊ အငယ်တန်းအင်ဂျင်နီယာနှစ်ဦးနှင့် အခြားအလုပ်သမားနှစ်ဦးတို့မှာ မီးလောင်မှုအတွင်း ပိတ်မိခဲ့သည်။

မီးလောင်မှုဖြစ်ပွားစဉ်အတွင်း စက်ရုံအတွင်း၌ အလုပ်သမား ၃၀ ရှိနေခဲ့ပြီး ခြောက်ဦးကို လိုဏ်ခေါင်းအတွင်းမှ ကယ်တင်နိုင်ခဲ့ကာ ၁၅ ဦးကို အရေးပေါ်ထွက်ပေါက်မှတစ်ဆင့် ကယ်ထုတ်နိုင်ခဲ့သည်။

ထို့နောက် ကယ်ဆယ်ရေးများလုပ်ဆောင်ရန် အမျိုးသားသဘာဝဘေး ပြန်လည်တုံ့ပြန်ရေးအဖွဲ့ကို စေလွှတ်ခဲ့သည်။ အပြီးသတ်မီးငြိမ်းပြီးမှသာ ပျက်စီးဆုံးရှုံးမှုများကို တွက်ချက်နိုင်မည်ဖြစ်ပြီး ယခုအချိန်တွင် ပိတ်မိနေသော အလုပ်သမားများကို ကယ်တင်နိုင်ရေးအတွက်သာ လုပ်ဆောင်နေရကြောင်း အရာရှိတစ်ဦးက ပြောသည်။

**ဆင်ဟွာ**

## အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

- မဲစာရင်းတွင် မိမိအမည်ပါရှိမှသာ မဲပေးခွင့်ရရှိနိုင်မည်။
- ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းရရှိရန်အတွက် အိမ်ထောင်စုတစ်ခုလျှင် အနည်းဆုံး တစ်ဦး မပျက်မကွက် လာရောက်ကြည့်ရှု စစ်ဆေးခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်သွားကြရန်။
- မဲပေးခွင့် မဆုံးရှုံးစေရန် ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းများ ဆောင်ရွက်ကြရန်။

**ရွေးကောက်ပွဲ ကျင်းပရန်**
**၇၈**
**ရက်သာ**
**လိုတော့သည်။**

## ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို ကျန်းမာရေးစံသတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်နိုင်ရေး သရုပ်ပြမဲရုံ ခင်းကျင်းပြသ

နေပြည်တော် ဩဂုတ် ၂၁

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကာလအတွင်း ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကျန်းမာရေး ဆိုင်ရာစံသတ်မှတ်ချက် (Standard Operating Procedure – SOP) နှင့်အညီ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်နေရာများအတွက် ဆန္ဒမဲပေးခြင်းဆိုင်ရာ လက်တွေ့သရုပ်ပြခြင်းကို ယနေ့မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး၌ ကျင်းပသည်။

အဆိုပါ သရုပ်ပြပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါက်တာ မြလေးစိန်နှင့် တာဝန်ရှိသူများ၊ ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ တာဝန်ရှိသူများက သရုပ်ပြမဲရုံ ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့ပြီး ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးအတွက် ကျန်းမာရေးဆိုင်ရာစံသတ်မှတ်ချက် (Standard Operating Procedure – SOP) နှင့်အညီ မဲဆန္ဒရှင်များအား Mask တပ်ဆင်စေခြင်း၊ Mask မပါရှိသူ များအား Mask ထုတ်ပေးခြင်း၊ Hand Gel ဖြင့် လက်သန့်စင်ခြင်း၊ မဲဆန္ဒရှင်များ သတ်မှတ် Social Distancing (တစ်ဦးနှင့်တစ်ဦး ၆ ပေအကွာ) နှင့်အညီ တန်းစီစေခြင်း၊ မဲရုံအဝင်တွင် မဲဆန္ဒရှင်တစ်ဦးချင်းအား အပူချိန်တိုင်းတာခြင်း၊ အပူချိန်မြင့်မားသည့် မဲဆန္ဒရှင်များအား သီးသန့်အစီအစဉ်ဖြင့် မဲပေးစေခြင်း စသည့်လုပ်ငန်းစဉ်တို့ကို ကော်မရှင်ရုံးမှ ဝန်ထမ်းများက သရုပ်ပြဆောင်ရွက်ခဲ့ကြသည်။ **(အပေါ်ပုံ)**



ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် တက်ရောက်လာကြသူများက လိုအပ်သည်များကို အကြံပြုဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

---

**သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၉ (ဓ) အရ သူတစ်ပါးအယောင်ဆောင်၍ ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်ကို လာရောက်တောင်းဆိုခြင်း သို့မဟုတ် ဆန္ဒမဲပေးခြင်း မပြုရ။ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံရနိုင်သည်။**

## ဆန္ဒမဲပေးပိုင်ခွင့် မရှိသူတွေက ဘယ်သူတွေလဲ

- ➢ သာသနာ့ဝန်ထမ်း၊
- ➢ ထောင်ဒဏ်ကျခံနေရသူ၊
- ➢ စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်းခံရသူ၊
- ➢ လူမွဲအဖြစ် ဆုံးဖြတ်ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့်မရသေးသူ၊
- ➢ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာဥပဒေအရ တားမြစ်ခြင်းခံရသူ၊
- ➢ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားအဖြစ် ခံယူထားသူတို့ဖြစ်သည်။

## ပြည်တွင်းရှိ သက်ဆိုင်ရာမဲဆန္ဒနယ် ပြင်ပရောက် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးခြင်း

- ✤ သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မိမိတို့ဌာနတည်ရှိရာ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် ဆက်သွယ်၍ ပုံစံ (၁၅) များကို တောင်းခံသွားရန်၊
- ✤ သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မဲဆန္ဒရှင်များက ဖြည့်သွင်းပြီးသည့် ပုံစံ (၁၅) များကို သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၂၆-၈-၂၀၂၀ ရက် အရောက်ပေးပို့သွားရန်၊
- ✤ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသည် ကြိုတင်ဆန္ဒမဲ လက်မှတ်နှင့် စာအိတ်များကို သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများသို့ ၇-၁၀-၂၀၂၀ ရက် အရောက်ပေးပို့ရန်၊
- ✤ သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများတွင် ၈-၁၀-၂၀၂၀ ရက်မှ ၂၁-၁၀-၂၀၂၀ ရက်အတွင်း သင့်လျော်သည့်ရက်၌ ကြိုတင်ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်ရန်၊
- ✤ ဆန္ဒပြုပြီး ကြိုတင်ဆန္ဒမဲလက်မှတ်ပါ စာအိတ်များကို သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၈-၁၁-၂၀၂၀ ရက်နေ့ ညနေ ၄ နာရီထက် နောက်မကျဘဲ အရောက်ပေးပို့သွားရန်။

**ပြည်သူ့ဆန္ဒနှင့်အညီ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲဆီသို့. . . .**

# ကျန်းမာရေးလောက်ကြီးမားတဲ့ လာဘ်လာဘမရှိ



ယခုအခါ စစ်တွေမှာ Covid ရောဂါပိုး တွေ့ရှိထားမှုများနေတာ ပြည်သူများ သိပြီးထင်ပါတယ်။ ရောဂါရသူ မည်သူမဆို စိတ်မချမ်းမသာ ဘယ့်လောက်ဖြစ်မယ်ဆိုတာ မှန်းဆနိုင်တာကြောင့် မပြောချင်ပေမဲ့ အများပြည်သူ သတိရှိနိုင်ရန်အတွက် ပြောပါရစေ။ ချမှတ်ထားတဲ့ စည်းမျဉ်းတွေကို ချိုးဖောက်ပြီး အလည်အပတ်ခရီးထွက်ခဲ့တဲ့ ဝန်ထမ်း ၃-၄ ဦးကတစ်ဆင့် Covid ရောဂါ ပြန့်ပွားမှုကြောင့် ယခု စစ်တွေမှာ အိမ်တွင်းနေရန် ညွှန်ကြားချက်နဲ့ အခြား Covid ရောဂါ ထိန်းချုပ်ရေးဆိုင်ရာ စည်းမျဉ်းများ ထုတ်ပြန်ထားရပါပြီ။ ရောဂါထိန်းချုပ်နိုင်ဖို့အတွက် လူအင်အား၊ ငွေအင်အားအများအပြား ထုတ်သုံးနေရပါပြီ။

ကျန်းမာရေးလောက်ကြီးမားတဲ့ လာဘ်လာဘ မရှိပါဘူး။ ပြည်သူတွေ သတိထားကြပါ။ ပြည်သူသာလျှင် အဓိကပါ။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ၂၁-၈-၂၀၂၀ ရက်နေ့တွင် ဖေ့စ်ဘွတ်၌ ရေးသားဖော်ပြချက်မှ ကောက်နုတ်ချက်)

## ကိုဗစ်-၁၉ ရောဂါပိုးရှိသူ ၂၀ ထပ်မံတွေ့ရှိ ရောဂါပိုးရှိသူ စုစုပေါင်း ၄၁၉ ဦး ရှိသွားပြီ

နေပြည်တော် ဩဂုတ် ၂၁

ယနေ့တွင် ကိုဗစ် – ၁၉ ရောဂါပိုးရှိသူ ၂၀ ထပ်မံတွေ့ရှိသဖြင့် ယနေ့အထိ ရောဂါပိုးရှိသူ စုစုပေါင်း ၄၁၉ ဦး ရှိသွားပြီဖြစ်ပြီး ပိုးတွေ့ရှိသူ ၂၀ မှာ ပြည်ပသို့ ခရီးသွားရာဇဝင်မရှိသူများဖြစ်ကြောင်း သိရသည်။

ရောဂါပိုးတွေ့ရှိသူ ၄၁၉ ဦးအနက် သေဆုံးသူ ခြောက်ဦး၊ ပိုးမတွေ့ရှိတော့သူ ၃၃၇ ဦး၊ ဆေးရုံမှ ဆင်းခွင့်ပြုခဲ့သူ ၃၃၁ ဦးနှင့် ဩဂုတ် ၂၀ ရက် မွန်းတည့် ၁၂ နာရီမှ ဩဂုတ် ၂၁ ရက် မွန်းတည့် ၁၂ နာရီအတွင်း စောင့်ကြည့်လူနာအသစ် ၄၅ ဦးရှိကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ယနေ့ထုတ်ပြန်ချက်များအရ သတင်းရရှိသည်။

သတင်းစဉ်

### မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၁၄၂၅၁၆ | ၄၁၉ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၃၃၇ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း – ၇၁၆၇

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ – ၃၃၁ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၃၀၂ | ၅ |
| ၂ | ရခိုင် | ၄၅ | |
| ၃ | ချင်း | ၁၇ | |
| ၄ | ပဲခူး | ၉ | ၁ |
| ၅ | စစ်ကိုင်း | ၉ | |
| ၆ | မွန် | ၇ | |
| ၇ | ကရင် | ၅ | |
| ၈ | ရှမ်း(တောင်) | ၄ | |
| ၉ | မန္တလေး | ၄ | |
| ၁၀ | ရှမ်း(မြောက်) | ၃ | |
| ၁၁ | မကွေး | ၃ | |
| ၁၂ | ရှမ်း(ရှေ့) | ၃ | |
| ၁၃ | နေပြည်တော် | ၂ | |
| ၁၄ | ဧရာဝတီ | ၂ | |
| ၁၅ | ကချင် | ၂ | |
| ၁၆ | တနင်္သာရီ | ၂ | |
| စုစုပေါင်း | | ၄၁၉ | ၆ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား – ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၂၁-၈-၂၀၂၀ ရက်၊ ည (၈) နာရီ

## ၂၁-၈- ၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၅၇၄၇၆၀၄ | ၃၀၉၆၃၆၉ | ၁၇၇၄၅၇ |
| ၂။ | ဘရာဇီး | ၃၅၀၅၀၉၇ | ၂၆၅၃၄၀၇ | ၁၁၂၄၂၃ |
| ၃။ | အိန္ဒိယ | ၂၉၂၅၃၃၇ | ၂၁၇၅၄၉၂ | ၅၅၁၇၄ |
| ၄။ | ရုရှား | ၉၄၆၉၇၆ | ၇၆၁၃၃၀ | ၁၆၁၈၉ |
| ၅။ | တောင်အာဖရိက | ၅၉၉၉၄၀ | ၄၉၇၁၆၉ | ၁၂၆၁၈ |
| ၆။ | ပီရူး | ၅၆၇၀၅၉ | ၃၈၀၇၃၀ | ၂၇၀၃၄ |
| ၇။ | မက္ကဆီကို | ၅၄၃၈၀၆ | ၃၇၁၆၃၈ | ၅၉၁၀၆ |
| ၈။ | ကိုလံဘီယာ | ၅၁၃၇၁၉ | ၃၃၉၁၂၄ | ၁၆၁၈၃ |
| ၉။ | စပိန် | ၄၀၄၂၂၉ | စိစစ်ဆဲ | ၂၈၈၁၃ |
| ၁၀။ | ချီလီ | ၃၉၁၈၄၉ | ၃၆၆၀၆၃ | ၁၀၆၇၁ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၂၁– ၈ – ၂၀၂၀

| | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဖိလစ်ပိုင် | ၁၈၂၃၆၅ | ၁၁၄၅၁၉ | ၂၉၄၀ |
| အင်ဒိုနီးရှား | ၁၄၉၄၀၈ | ၁၀၂၉၉၁ | ၆၅၀၀ |
| စင်ကာပူ | ၅၆၂၁၆ | ၅၃၁၁၉ | ၂၇ |
| မလေးရှား | ၉၂၄၉ | ၈၉၄၅ | ၁၂၅ |
| ထိုင်း | ၃၃၉၀ | ၃၂၁၉ | ၅၈ |
| ဗီယက်နမ် | ၁၀၀၉ | ၅၄၅ | ၂၅ |
| မြန်မာ | ၄၁၉ | ၃၃၇ | ၆ |
| ကမ္ဘောဒီးယား | ၂၇၃ | ၂၅၃ | ၀ |
| ဘရူနိုင်း | ၁၄၃ | ၁၃၉ | ၃ |
| လာအို | ၂၂ | ၂၀ | ၀ |

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၂၁-၈-၂၀၂၀) ရက်နေ့၊ နံနက်(၈:၀၀)နာရီ

၁။ (၂၀-၈-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင်-

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ဒုတိယအသုတ် ဓာတ်ခွဲနမူနာ (၈၁၁) ခုအား ထပ်မံစစ်ဆေးပြီးစီးခဲ့ရာ
- • COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၀) ဦး တွေ့ရှိပါသည်။

၂။ သို့ဖြစ်ရာ (၂၀-၈-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်)(NHL) မှ ဓာတ်ခွဲနမူနာ (၁,၀၉၆) ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR) မှ ဓာတ်ခွဲနမူနာ (၁၆၀) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး)မှ ဓာတ်ခွဲနမူနာ (၁၇၉) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်)မှ ဓာတ်ခွဲနမူနာ (၁၇၆) ခု၊

စုစုပေါင်း (၁,၆၁၁) ခုအား စစ်ဆေးခဲ့ခြင်းဖြစ်ပြီး COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၁၃) ဦး တွေ့ရှိခဲ့ပါသည်။ (ဓာတ်ခွဲအတည်ပြု လူနာသစ် (၃) ဦး တွေ့ရှိကြောင်း ကို (၂၀-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီသတင်းတွင် ထုတ်ပြန်ပြီးဖြစ်ပါသည်။)

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ**

**(၂၁-၈-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| | |
|---|---|
| (၂၁-၈-၂၀၂၀) ရက်နေ့အတွက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ဒုတိယအသုတ်) ထပ်မံစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာစုစုပေါင်း | (၈၁၁) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၁၀) ဦး |

၃။ (၂၁-၈-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၄၀၉) ဦး ရှိပြီဖြစ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

**(၂၀-၈-၂၀၂၀) ရက်နေ့ ဓာတ်ခွဲစစ်ဆေးမှုများတွင် COVID-19 လူနာတွေ့ရှိမှု**
**(၂၁-၈-၂၀၂၀) ရက်နေ့ နံနက် (၈:၀၀) နာရီ**

| လူနာ အမှတ်စဉ် | အသက် | ကျား/မ | နေရပ်လိပ်စာ | COVID-19 ရောဂါ အတည်ပြု လူနာများ နှင့်ထိတွေ့မှု | ပြည်ပသို့ ခရီးသွား ရာဇဝင် ရှိ/ မရှိ | ဆေးကုသမှု ခံယူစေမည့် ဆေးရုံ | COVID-19 ဓာတ်ခွဲ အဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| * 400 | ၅၀ နှစ် | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့) |
| * 401 | ၄၃ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့) |
| * 402 | ၅၈ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့) |
| * 403 | ၂၈ နှစ် | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့) |
| * 404 | ၂၆ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့) |
| * 405 | ၇၀ နှစ် | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့) |
| * 406 | ၅၂ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့) |
| * 407 | ၂၂ နှစ် | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့) |
| * 408 | ၂၁ နှစ် | မ | မြောက်ဦးမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံ မြောက်ဦးမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (မြောက်ဦးမြို့) |
| * 409 | ၁၄ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့) |

( * ) ဓာတ်ခွဲအတည်ပြုလူနာနှင့် တိုက်ရိုက်ထိတွေ့ခဲ့သူများနှင့် ဆက်နွှယ်သူများ

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၂၁-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ (၂၁-၈-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမအသုတ်) ဓာတ်ခွဲ နမူနာ (၃၇၆)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၂၅၆) ခုနှင့်
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၁၁၂) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၁၈၄) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (စစ်တွေ) မှ ဓာတ်ခွဲနမူနာ (၃၆) ခု၊
- စုစုပေါင်း (၉၆၄)ခု အား ယနေ့၊ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ -
- • COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၀) ဦး တွေ့ရှိရပါသည်။

၂။ (၂၁-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၄၁၉) ဦး ရှိပါသည်။

၃။ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာစစ်ဆေးမှုတွင် (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ (၄)ဦး (Case- 241, 260, 288, 310) ရှိသဖြင့် စုစုပေါင်း (၃၃၇) ဦး ရှိပါသည်။ ၎င်းတို့အနက် (၃၃၁) ဦး အား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာ ဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၂၀-၈-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၂၁-၈-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၄၅) ဦး ရှိပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**

**(၂၁-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | |
|---|---|
| (၂၁-၈-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၃၇၆) ခု |
| (၂၁-၈-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၅၆) ခု |
| (၂၁-၈-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၁၂) ခု |
| (၂၁-၈-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၈၄) ခု |
| (၂၁-၈-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (စစ်တွေ) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၃၆) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၁၀) ဦး |

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**

**(၂၁-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၁၀) ဦး | (၄၁၉) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၄) ဦး | (၃၃၇) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

**(၂၁-၈-၂၀၂၀) ရက်နေ့ ဓာတ်ခွဲစစ်ဆေးမှုများတွင် COVID-19 လူနာတွေ့ရှိမှု**
**ည (၈:၀၀) နာရီ**

| လူနာ အမှတ်စဉ် | အသက် | ကျား/မ | နေရပ်လိပ်စာ | COVID-19 ရောဂါ အတည်ပြု လူနာများ နှင့်ထိတွေ့မှု | ပြည်ပသို့ ခရီးသွား ရာဇဝင် ရှိ/ မရှိ | ဆေးကုသမှု ခံယူစေမည့် ဆေးရုံ | COVID-19 ဓာတ်ခွဲ အဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| 410 | ၂၄ နှစ် | ကျား | စစ်တွေမြို့၊ ရခိုင်ပြည်နယ် | ရှိ (C-377) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | စောင့်ကြည့်လူနာ |
| 411 | ၂၄ နှစ် | ကျား | စစ်တွေမြို့၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | စောင့်ကြည့်လူနာ |
| 412 | ၅၁ နှစ် | မ | စစ်တွေမြို့၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | စောင့်ကြည့်လူနာ |
| 413 | ၂၉ နှစ် | မ | စစ်တွေမြို့၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | စောင့်ကြည့်လူနာ |
| 414 | ၃၆ နှစ် | ကျား | စစ်တွေမြို့၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | စောင့်ကြည့်လူနာ |
| 415 | ၆၉ နှစ် | မ | စစ်တွေမြို့၊ ရခိုင်ပြည်နယ် | ရှိ (C-395) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (စစ်တွေမြို့) |
| 416 | ၂၃ နှစ် | မ | စစ်တွေမြို့၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | စောင့်ကြည့်လူနာ |
| 417 | ၂၄ နှစ် | မ | စစ်တွေမြို့၊ ရခိုင်ပြည်နယ် | ရှိ (C-395) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (စစ်တွေမြို့) |
| 418 | ၄၀ နှစ် | မ | စစ်တွေမြို့၊ ရခိုင်ပြည်နယ် | ရှိ (C-395) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (စစ်တွေမြို့) |
| 419 | ၁၀ နှစ် | ကျား | စစ်တွေမြို့၊ ရခိုင်ပြည်နယ် | ရှိ (C-395) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (စစ်တွေမြို့) |

# ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပစ္စည်းများ လှူဒါန်းထားသည့် ကုမ္ပဏီများသို့ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခြင်းအခမ်းအနား ကျင်းပ

**နေပြည်တော် ဩဂုတ် ၂၁**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်းနှင့် အကျိုးတူပူးပေါင်း ဆောင်ရွက်လျက်ရှိသော POSCO International Corporation (Myanmar E & P)မှ ကိုဗစ်-၁၉ ရောဂါ ရှာဖွေစစ်ဆေးနိုင်ရေးအတွက် RT-PCR machine and Diagnostic Reagents များကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ လှူဒါန်း လွှဲပြောင်းခြင်းနှင့် ဝန်ကြီးဌာနသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပစ္စည်းများ လှူဒါန်း ထားသည့်ကုမ္ပဏီများသို့ ဂုဏ်ပြု မှတ်တမ်းလွှာများပေးအပ်ခြင်း အခမ်း အနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ရတနာခန်းမ၌ ကိုဗစ်-၁၉ ကာကွယ် ရေးနည်းစနစ်များနှင့်အညီ ကျင်းပ သည်။




အခမ်းအနားသို့ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးဝင်းခိုင်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာမြင့်ထွေး၊ လျှပ်စစ် နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးခင်မောင်ဝင်းနှင့် ဒေါက်တာ ထွန်းနိုင်၊ အမြဲတမ်းအတွင်းဝန် ဦးသန်းဇော်၊ ဌာနဆိုင်ရာအကြီးအကဲ များ၊ POSCO International Corporation (Myanmar E & P)မှ Managing Director Mr. Jung Hwan Lee နှင့် တာဝန်ရှိသူများ၊ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက် နေသော ကုမ္ပဏီများမှ တာဝန်ရှိသူ များနှင့် ဖိတ်ကြားထားသည့် ဧည့်သည် တော်များ တက်ရောက်ကြသည်။

### အမေရိကန်ဒေါ်လာ ၂ သိန်းခန့် ထောက်ပံ့ပေး

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က POSCO International Corporation (Myanmar E & P) အနေဖြင့် စီမံကိန်းဒေသများတွင် လူမှုရေးတာဝန်သိမှု (Corporate Social Responsibility- CSR) လုပ်ငန်းများဖြစ်သည့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ အခြေခံ အဆောက်အဦနှင့် သဘာဝပတ်ဝန်း ကျင်ထိန်းသိမ်းရေး စသည့်ကဏ္ဍများ ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယနေ့ကမ္ဘာတစ်ဝန်းတွင် ဖြစ်ပွားနေ သည့် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ ရင်ဆိုင်နေရသည့်အချိန်တွင် POSCO International Corporation (Myanmar E & P) အနေဖြင့် စီမံကိန်းဒေသ များတွင် ဆေးရုံ၊ ဆေးပေးခန်းနှင့် Quarantine Center များအပြင် ကိုဗစ်-၁၉ သံသယလူနာအများဆုံး ကုသမှုခံယူနေသည့် ရန်ကုန်မြို့ရှိ ဆေးရုံကြီးများတွင် ခွဲစိတ်ခန်းသုံး နှင့် အဆင့်မြင့်နှာခေါင်းစည်းများ၊ ကာကွယ်ရေး ပစ္စည်းများအတွက် ပထမအကြိမ် အမေရိကန်ဒေါ်လာ ၂ သိန်းခန့် ထောက်ပံ့ပေးခဲ့သည့်အပေါ် အထူးကျေးဇူးတင်ရှိပါကြောင်း။

ဒုတိယအကြိမ်အဖြစ် ရောဂါ ရှာဖွေမှုများ တိုးမြှင့်လုပ်ဆောင်နိုင်ရေး အထောက်အပံ့ဖြစ်စေရန် စစ်ဆေး မှုပေါင်း ၁၀၀၀၀ ပြုလုပ်နိုင်သည့် ရောဂါရှာဖွေရေးကိရိယာများကိုလည်း ကိုရီးယားနိုင်ငံမှ ဝယ်ယူတင်သွင်းပြီး ၂၀၂၀ ပြည့်နှစ် ဧပြီ ၁၈ ရက်တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာနကို လွှဲပြောင်းပေးခဲ့ပြီး ယခုအခါ တတိယအကြိမ်အဖြစ် ရောဂါပိုးရှာဖွေ စစ်ဆေးမှုများ တိုးမြှင့်လုပ်ဆောင်နိုင် ရန် စမ်းသပ်မှုပေါင်း ၇၂၀၀ ဆောင်ရွက် နိုင်သည့် အမေရိကန်ဒေါ်လာ တစ်သိန်းတန်ဖိုးရှိ ရောဂါရှာဖွေရေး RT-PCR စက်သစ်ကြီးနှင့် ရောဂါ ရှာဖွေရေးကိရိယာများ၊ ဆက်စပ် ပစ္စည်းများ လှူဒါန်းခြင်းအတွက် ကျေးဇူးအထူးတင်ရှိပါကြောင်း၊ ကမ္ဘာ့ ကပ်ရောဂါရင်ဆိုင်ရစဉ်အတွင်း နိုင်ငံ သူ နိုင်ငံသားများ ရောဂါအန္တရာယ် ကင်းဝေးရေး ပံ့ပိုးကူညီနိုင်ခဲ့မှုများ အပေါ် ကျေးဇူးတင်ဂုဏ်ပြုမှတ်တမ်း တင်အပ်ပါကြောင်း၊ အလားတူ ကိုဗစ်-၁၉ ကာကွယ်ရေးပစ္စည်းများ လှူဒါန်း ကြသော အခြားသော ရေနံနှင့်သဘာဝ ဓာတ်ငွေ့ကုမ္ပဏီများနှင့် လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာ မိတ်ဖက်ကုမ္ပဏီ များ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ် ရေး ပံ့ပိုးကူညီမှုများအတွက်လည်း ကျေးဇူးတင် ဂုဏ်ပြုမှတ်တမ်းတင် အပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် POSCO International Corporation (Myanmar E & P) ၏ လူမှုရေးတာဝန်သိမှု (Corporate Social Responsibility – CSR) လုပ်ငန်းဆောင်ရွက်မှုများအား Video Clip ဖြင့် ရှင်းလင်းတင်ပြသည်။

### မှတ်တမ်းလွှာ ပြန်လည်ပေးအပ်

ယင်းနောက် POSCO International Corporation (Myanmar E & P) မှ ကိုဗစ်-၁၉ ရောဂါ ရှာဖွေစစ်ဆေး ဖော်ထုတ်နိုင်ရန်အတွက် လှူဒါန်းမည့် RT-PCR machine နှင့် ဆက်စပ်ပစ္စည်း များကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် က လွှဲပြောင်းပေးအပ်ရာ ကျန်းမာ ရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေးက လက်ခံရယူခဲ့ပြီး ဂုဏ်ပြု မှတ်တမ်းလွှာ ပြန်လည်ပေးအပ် သည်။

ထို့နောက် လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ဒုတိယဝန်ကြီး ဦးခင်မောင် ဝင်းနှင့် ဒေါက်တာထွန်းနိုင်၊ အမြဲတမ်း အတွင်းဝန် ဦးသန်းဇော်တို့က ဝန်ကြီး ဌာနသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ် ရေး အထောက်အကူပြုပစ္စည်းများ လှူဒါန်းခဲ့ကြသည့် ကုမ္ပဏီ ၂၃ ခုမှ တာဝန်ရှိသူများအား ဂုဏ်ပြုမှတ်တမ်း လွှာများ ပေးအပ်သည်။

### ခတ်ခွဲစစ်ဆေးမှု အရေးကြီး

ယင်းနောက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာမြင့်ထွေးက ကိုဗစ်-၁၉ ကပ်ရောဂါကို ကာကွယ်ထိန်းချုပ် ရာတွင် ခတ်ခွဲစစ်ဆေးမှု စွမ်းဆောင် ရည်သည် အရေးကြီးပါကြောင်း၊ ယခု လှူဒါန်းသည့် အမေရိကန်ဒေါ်လာ တစ်သိန်းတန်ဖိုးရှိ RT-PCR စက်နှင့် ခတ်ခွဲဆေးရည် ပစ္စည်းများသည် ရောဂါပိုးရှိသူများကို အချိန်နှင့် တစ်ပြေးညီ စစ်ဆေးဖော်ထုတ်ကာ ရောဂါ ထိန်းချုပ်ရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်ရာတွင် များစွာ အထောက်အကူပြုမည်ဖြစ်ပါ ကြောင်း၊ လက်ရှိတွင် ရခိုင်ပြည်နယ်၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများ တွေ့ရှိနေရပြီး ကျန်းမာရေးနှင့်အား ကစားဝန်ကြီးဌာနအနေဖြင့် ဗဟို ကော်မတီ၏ လမ်းညွှန်ချက်ဖြင့် လမ်းညွှန်ချက်များ ထုတ်ပြန်ခြင်း၊ ရောဂါကာကွယ်ထိန်းချုပ်ရေးအစီအမံ များ ချမှတ်ခြင်းအပါအဝင် လုပ်ငန်းစဉ် များကို အလေးထား ဆောင်ရွက်လျက် ရှိပြီး ရောဂါ ကာကွယ်ထိန်းချုပ်ရန်နှင့် အခြားဒေသများသို့ ရောဂါပြန့်ပွားခြင်း မရှိစေရေး ဆောင်ရွက်နေပါကြောင်း ပြောကြားခဲ့သည်။ **သတင်းစဉ်**

# ရခိုင်ပြည်နယ်ရှိ တိုက်ပွဲရှောင်စခန်းများနှင့် IDP စခန်းများရှိ အိမ်ထောင်စုများအား စားနပ်ရိက္ခာအတွက် ငွေကြေးထောက်ပံ့ခြင်းနှင့် ပိုးတွေ့လူနာ/ သံသယလူနာများအား သီးခြားထားရှိရန် ယာယီအဆောက်အဦဆောက်လုပ်နိုင်ရေး ထောက်ပံ့ပေးအပ်

**နေပြည်တော် ဩဂုတ် ၂၁**

ရခိုင်ပြည်နယ်ရှိ တိုက်ပွဲရှောင်စခန်း များနှင့် IDP စခန်းများတွင် နေထိုင် ကြသော အိမ်ထောင်စုများအား အစိုးရ ၏ ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီ အစဉ် (CERP) အရ စားနပ်ရိက္ခာ အတွက် ငွေကြေးထောက်ပံ့ခြင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ၏ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ဆိုင်ရာ ကြိုတင်ပြင်ဆင်မှုအစီအစဉ် အရ စခန်းများတွင် ပိုးတွေ့လူနာ/ သံသယလူနာများအား သီးခြားထားရှိ ရန် ယာယီအဆောက်အဦများ ဆောက်လုပ်နိုင်ရေး ရန်ပုံငွေ ထောက်ပံ့ခြင်းတို့ကို ယနေ့နံနက် ပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဌာန၌ အွန်လိုင်းစနစ်ဖြင့်ပြုလုပ်သည်။

အဆိုပါအခမ်းအနားသို့ လူမှု ဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေး၊ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးညီပု၊ ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ရခိုင်ပြည်နယ်အစိုးရ အဖွဲ့ဝန်ကြီးများ၊ ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန် ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ ရောဂါကို ကမ္ဘာ့ကပ်ရောဂါ အဖြစ် ကြေညာလိုက်ချိန်မှစ၍ မိမိတို့ အနေဖြင့် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ခဲ့ပါကြောင်း၊ ရခိုင် ပြည်နယ်ရှိ IDP စခန်းများနှင့် တိုက်ပွဲ ရှောင်စခန်းများအတွက် ကိုဗစ်-၁၉ ကြိုတင်ပြင်ဆင်ရေးနှင့် ပတ်သက်၍ စနစ်တကျ ဆောင်ရွက်ရသည့် လုပ်ငန်းလမ်းညွှန် (SoP) ကိုရေးဆွဲပြီး ဆောင်ရွက်ပါကြောင်း၊ စခန်းများတွင် ကိုဗစ်-၁၉ ရောဂါလက္ခဏာများ တွေ့ရှိရပါက လူနာညွှန်းပို့ခြင်း လုပ်ငန်းစဉ်များ၊ စောင့်ကြည့်လူနာများ နှင့်သံသယလူနာများအား သီးခြား သတ်မှတ်ထားသော နေရာများနှင့် ဆေးရုံများသို့ အချိန်မီလွှဲပို့နိုင်ရေး အတွက် အစီအစဉ်များ စသည့်တို့ကို ထည့်သွင်း ဆောင်ရွက်ခဲ့ပါကြောင်း၊ ထိုအစီအစဉ်များအရ ယာယီ အဆောက်အဦများ ဆောက်လုပ်နိုင် ရန် ရန်ပုံငွေများကို ယနေ့ပေးအပ်မည် ဖြစ်ပါကြောင်း၊ ထို့အပြင် အစိုးရက ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီ အစဉ် (CERP) ကို ချမှတ်ခဲ့ရာ အဓိက အားဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျန်းမာ ရေးနှင့် အားကစားဝန်ကြီးဌာနနှင့် မိမိတို့ ဝန်ကြီးဌာနသုံးခုကို ရွေးချယ်၍ ပြည်သူများအတွက် တိုက်ရိုက် အကျိုးရှိစေမည့် အထောက်အပံ့များ ပေးနိုင်ရန် ဆောင်ရွက်ခဲ့ပါကြောင်း၊ ထိုအစီအစဉ်အရ မိမိတို့ဝန်ကြီးဌာန အနေဖြင့် IDP စခန်းများနှင့် တိုက်ပွဲ ရှောင်စခန်းတွင် နေထိုင်ကြသော အိမ်ထောင်စုများ စားနပ်ရိက္ခာများ ဝယ်ယူနိုင်ရန်အတွက် ထောက်ပံ့မှု များကို ပေးအပ်မည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံသည် ဘဏ္ဍာငွေကြေး အကန့်အသတ်ဖြင့် သုံးစွဲနေရသော် လည်း ပြည်သူများဘေးဒုက္ခကျရောက် နေချိန်တွင် ပြည်သူများတိုက်ရိုက် အကျိုးရှိမည့် လုပ်ငန်းများကို ဆောင်ရွက်ပေးပါကြောင်း။

### ပူးပေါင်းဖြေရှင်းဆောင်ရွက်ပေး

ထို့ကြောင့် အကန့်အသတ် ရှိသော ဘဏ္ဍာငွေများကို အလေ အလွင့်မရှိအောင် ထိထိရောက်ရောက် ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ ယခု ထောက်ပံ့မှုအစီအစဉ်များကို ကိုဗစ်-၁၉ ကြောင့် အသွားအလာ ကန့်သတ်မှုများရှိလာ၍ ယခုကဲ့သို့ အွန်လိုင်းစနစ်ဖြင့် ဆောင်ရွက်ခြင်း ဖြစ်ပါကြောင်းနှင့် ရခိုင်ပြည်နယ် အစိုးရ၏ လက်ရှိကြုံတွေ့နေရသည့် အခက်အခဲများကို အားလုံးက ပူးပေါင်းဖြေရှင်းဆောင်ရွက်ပေးသွား မည်ဖြစ်ပါကြောင်း ပြောကြားသည်။



ထို့နောက် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ပြန်လည် ထူထောင်ရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ်တို့က CERP အစီအစဉ်အရ တစ်နိုင်ငံလုံးရှိ အသက် (၈၀)နှစ်နှင့် (၈၅)နှစ်အကြား သက်ကြီး ရွယ်အိုများအား ငွေကြေးတစ်ကြိမ် ထောက်ပံ့ခြင်း၊ မသန်စွမ်းသူများအား ငွေကြေးတစ်ကြိမ် ထောက်ပံ့ခြင်း နှင့် ကိုယ်ဝန်ဆောင်မိခင်များအား ငွေကြေးတစ်ကြိမ် ထောက်ပံ့ခြင်း အစီအစဉ်များကို ရှင်းလင်းတင်ပြ သည်။

ထို့အပြင် ရခိုင်ပြည်နယ်သည် ကိုယ်ဝန်ဆောင်မိခင်နှင့် ၎င်းမှ မွေးဖွားသောကလေး အသက်(၂) နှစ် အထိ ငွေကြေးထောက်ပံ့ခြင်း (MCCT) အစီအစဉ်တွင် အကျုံးဝင်နေသည့် အတွက် CERP အစီအစဉ်အရ ကိုယ်ဝန်ဆောင်မိခင်များအား ငွေကြေး တစ်ကြိမ် ထောက်ပံ့ခြင်းအစီအစဉ် တွင် မပါဝင်တော့သော်လည်း MCCT အစီအစဉ်အရ ထောက်ပံ့မှုများကို ကိုဗစ်-၁၉ ကာလ သတ်မှတ်ထားသော စည်းကမ်းများနှင့်အညီ ဆက်လက် ပေးအပ်သွားမည် ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရခိုင်ပြည်နယ် အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးညီပုက ထောက်ပံ့မှုများသည် ရခိုင်ပြည်နယ် တွင် နေထိုင်ကြသူများအတွက် များစွာအကျိုးရှိမည်ဖြစ်ပါကြောင်း၊ အလေအလွင့်မရှိအောင် ဆောင်ရွက် မည်ဖြစ်ကြောင်းနှင့် ရခိုင်ပြည်နယ် အတွက် ကူညီထောက်ပံ့မှုများကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြား သည်။

### ထောက်ပံ့ငွေများပေးအပ်

ထို့နောက် ကိုဗစ်-၁၉ စီးပွားရေး ကုစားမှုအစီအစဉ်အရ ရခိုင်ပြည်နယ် ရှိ IDP စခန်းများနှင့် တိုက်ပွဲရှောင် စခန်းများရှိ အိမ်ထောင်စုများအတွက် စားနပ်ရိက္ခာများ ဝယ်ယူနိုင်ရန် အိမ်ထောင်စု ၄၀၁၀၃ စုအတွက် စုစုပေါင်း ထောက်ပံ့ငွေကျပ် ၁၆၀၄၁၂၀၀၀၀ နှင့် ဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးဆိုင်ရာ ကြိုတင်ပြင်ဆင်မှု အစီအစဉ်အရ စခန်းများတွင် ပိုးတွေ့လူနာ/ သံသယ လူနာများအား သီးခြားထားရှိရန် ယာယီအဆောက်အဦ Long House အလုံး ၃၀ ဆောက်လုပ်နိုင်ရေးအတွက် စုစုပေါင်းငွေကျပ် ၂၆၆၄၀၀၀၀၀ ကို ရခိုင်ပြည်နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူး က ရခိုင်ပြည်နယ် ဝန်ကြီးချုပ်နှင့် အဖွဲ့ထံသို့ ပေးအပ်ခဲ့ကြောင်း သိရ သည်။ **(အပေါ်ပုံ)**

**သတင်းစဉ်**

# ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် ဩဂုတ် ၂၁**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ်စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

ဩဂုတ် ၂၂ ရက် (စနေနေ့)တွင် ထုတ်ဝေမည့် ရွှေသွေးဂျာနယ်တွင် ရန်ကိုရန်ချင်း မတုံ့ပြန်ဘဲ တစ်ဦးပေါ် တစ်ဦး မေတ္တာတရားထားကာ ပေါင်းသင်းဆက်ဆံမည် ဆိုပါက အချင်းချင်းညီညွတ်စွာ နေထိုင်နိုင်မည်ဖြစ်ကြောင်းကို ရေးဖွဲ့ထားသည့် "မုဆိုးနှင့် ဘဲပိုင်ရှင်"မျက်နှာဖုံးကာတွန်း၊ ပြန်ဖြည့်မြဲ သဘာဝအရင်းအမြစ်များနှင့် ပြန်ဖြည့်ရန်ခက်ခဲသော သဘာဝအရင်းအမြစ်များအကြောင်းကို ကလေးတို့ ဗဟုသုတဖြစ်ဖွယ် တင်ဆက်ထားသည့် သုတဆောင်းပါး၊ ငှက်ကလေးသည် ကျေးဇူးရှင်အား ကျေးဇူးပြန်ဆပ်ခဲ့ပုံ အကြောင်းကို ရေးဖွဲ့ထားသည့် "ကျေးဇူးသိတဲ့ ငှက်ကလေး"နှစ်မျက်နှာကာတွန်း၊ ခရီးသွားရန် ပြင်ဆင်ထားပြီးမှ မသွားလိုက်ရသောကြောင့် စိတ်ထဲတွင် မချိ တင်ကဲဖြစ်ရသော အောင်အောင်အကြောင်းကို ရေးဖွဲ့ထားသည့် ဝတ္ထုကဏ္ဍအပါအဝင် ရွှေသွေးအင်္ဂလိပ်စကားဝိုင်း၊ ကလေးစာမူဖိတ်ခေါ်ခြင်းကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍ၊ ကဗျာ စုံလင်စွာဖြင့် ဖတ်စရာမှတ်စရာများ ပါရှိကြောင်း သိရှိရသည်။

**သတင်းစဉ်**




## မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းမှ စုစည်းတင်ပြသော ဩဂုတ် ၁၁ ရက်မှ ၁၈ ရက်အထိ ထွက်ရှိသော စာအုပ်စာရင်း

| စဉ် | စာအုပ်အမည် | စာရေးသူ | ထုတ်ဝေသူ | ဈေးနှုန်း |
|---|---|---|---|---|
| ၁ | တရားအားထုတ်မှုဆိုင်ရာ အမေးအဖြေများ (၃) | ဒေါက်တာသစ်လွင် | ဓမ္မပန်းခင်းစာပေ | ၂၅၀၀ |
| ၂ | တရားအားထုတ်မှုဆိုင်ရာ အမေးအဖြေများ (၄) | ဒေါက်တာသစ်လွင် | ဓမ္မပန်းခင်းစာပေ | ၂၅၀၀ |
| ၃ | အချစ်ကိုစောင့်ဆိုင်းခြင်း | ပုညခင် | ပုညခင် | ၂၅၀၀ |
| ၄ | သမုဒ္ဒရာနှင့်တူသော အချစ်များအကြောင်း | ပုညခင် | ပုညခင် | ၂၅၀၀ |
| ၅ | မပဟူရာသေမင်း | ပန်းဆက်လမ်းအယ်ဒီတာ | ပန်းဆက်လမ်း | ၂၀၀၀ |
| ၆ | ရာဇဝင်ကို ဆင်ခြင်ခြင်း | ဒေါက်တာဦးသန်းထွန်း (ရွှေဘို) | ပန်းဆက်လမ်း | ၅၀၀၀ |
| ၇ | သေသူများကို ရယ်မောကြသောတိုင်းပြည် | ကျော်လင်း(ရောင်စုံ) | ပန်းဆက်လမ်း | ၄၀၀၀ |
| ၈ | ဘာသာစကားစစ်တမ်း | မောင်ထင် | စိတ်ကူးချိုချို | ၁၅၀၀ |
| ၉ | နိုင်ငံတော်စစ်ဆေးရေးမှူးချုပ် | ညီစေမင်း | စိတ်ကူးချိုချို | ၂၅၀၀ |
| ၁၀ | တရားတစ်ဖက် ဓားတစ်ဖက်နှင့် အခြားရသများ | အရှင်ကောသလ္လ(ရေဦး) | ကိုလတ် | ၃၀၀၀ |
| ၁၁ | ဆေးရောင်စုံမြင်ကွင်းကျယ် | ဒေါက်တာရွှေပြည်စိုး | ကိုလတ် | ၁၈၀၀ |
| ၁၂ | စိတ်ကူးဉာဏ်ကွန့်မြူးစေရန်နည်းလမ်းကောင်းများ | ခိုင်မင်းဆက် | ထီလာဝန်ဇင်း | ၂၀၀၀ |
| ၁၃ | အသိတသိမှတ်ခြင်းဆိုင်ရာနာမည်ကျော်စာအုပ် (၁၀)အုပ်အနှစ်ချုပ် | မျိုးကျော်(BSC) | Global Piece Group | ၄၀၀၀ |
| ၁၄ | ကျေနပ်တယ် | မာရင်ရင် | သားငယ်စာပေ | ၃၅၀၀ |
| ၁၅ | အမေစုကိုချစ်တယ်ပြောမယ်၊ ပြီးတော့မျက်နှာကို အိုးမဲသုတ်မယ် ကဗျာ( ၂ ) | မိုးသစ်ဝေ | ဆိပ်ကမ်းသာ | ၂၀၀၀ |
| ၁၆ | အော်ဆွေး | မင်းလူ | ငါတို့စာပေ | ၃၅၀၀ |
| ၁၇ | JMPACT အမှတ်(၃)၂၀၂၀ရွေးကောက်ပွဲနှင့် နိုင်ငံရေးပါတီများ | ကလောင်စုံ | ပန်းဆက်လမ်း | ၃၀၀၀ |
| ၁၈ | နုတ်ထွက်ခြင်းနှင့် ဘာသာပြန်ဝတ္ထုတိုများ | မင်းယုဝေ | အလင်းသစ် | ၃၅၀၀ |

(ဆက်လက်ဖော်ပြပါမည်)

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၁ - ၈ - ၂၀၂၀

### ရွှေ

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၈၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၄၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၃၁၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၈၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၄၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၃၁၁၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

### စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၄၅/၅၉၀ ကျပ် | ၅၇၅/၅၉၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၅၅/၆၀၀ ကျပ် | ၅၉၀/၆၀၅ ကျပ် |
| အောက်တိန်း ၉၂ | ၄၉၅/၅၃၅ ကျပ် | ၅၅၅/၅၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၂၅/၆၅၀ ကျပ် | ၆၈၀/၇၁၀ ကျပ် |

(Yangon Petrol မှ ရယူပါသည်)

### နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၅၉ . ၈ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၀၆ . ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၉၃ . ၈၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၉၅ . ၃ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၈၈ . ၅ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၇၅ . ၆၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၆ . ၆၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၁၆၃ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၄ . ၄၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၅ . ၄၃ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၃ . ၁၂၀ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

### စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀၀၀၀ | ၉၉၀၀၀ | ၁၁၀၄ | ၁၀၉၆၁၁၀၀ |
| MTSH | ၃၈၀၀ | ၃၈၀၀ | ၁၁၅၉ | ၄၄၀၄၂၀၀ |
| MCB | ၇၉၀၀ | ၇၉၀၀ | ၈ | ၆၃၂၀၀ |
| FPB | ၂၁၅၀၀ | ၂၂၀၀၀ | ၁၅ | ၃၂၇၅၀၀ |
| TMH | ၂၇၀၀ | ၂၇၅၀ | ၄၄၀ | ၁၁၉၀၀၀၀ |
| EFR | ၃၀၅၀ | ၃၁၀၀ | ၁၁၀ | ၃၄၀၅၀၀ |

ခင်ရတနာ - စုစည်းသည်




### အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေး အန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄)နာရီ ဖွင့်လှစ်ထားရှိသော Hot-line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

မြန်မာ့အလင်း

**စာတည်းမှူးချုပ်** - အောင်နိုင်ဦး
**ခေတ္တစာတည်းမှူး** - ဝင်းကျော်
**သတင်းထောက်ချုပ်** - မြင့်ဆွေ
**စာတည်းများ** - ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊
**ဘာသာပြန် စာတည်း** - ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင်
**အကြီးတန်း သတင်းထောက်များ** - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း
**အငယ်တန်း သတင်းထောက်များ** - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး
**ဓာတ်ပုံ သတင်းထောက်** - တင်စိုး
**သုတေသန** - အိအိခင်နှင့် အဖွဲ့
**စာပြင်** - ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဇော်ပိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
**အီးမေးနှင့် အွန်လိုင်း** - သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့
**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)
**ပုံနှိပ်ခြင်းအမှတ်** - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

25th ANNIVERSARY

1995 - 2020

# UPG ကံစမ်းမဲအစီအစဉ်နှင့်စပ်လျဉ်း၍ သုံးစွဲသူပြည်သူများသို့ရှင်းလင်းတင်ပြချက်

မြန်မာနိုင်ငံသားများဖြင့်ဖွဲ့စည်းထားသည့် United Paints Group Co.,Ltd သည် ၁၉၉၅ ခုနှစ်မှ ၂၀၂၀ ခုနှစ်ထိတိုင် (၂၅) နှစ်ကာလပတ်လုံး သွင်းကုန်အစားထိုးသဘော်ဆေး ထုတ်လုပ်မှုလုပ်ငန်းနှင့် ရောင်းဝယ်ဖြန့်ဖြူးမှုကို မြန်မာပြည်တစ်ဝန်းကိုယ်စားလှယ်ဆိုင်များနှင့် ကိုယ်စားလှယ်ဆိုင်ခွဲများ (Code Share Dealer) တို့မှလည်းကောင်း၊ ဆောက်လုပ်ရေးလုပ်ငန်းများသို့လည်းကောင်း ဖြန့်ဖြူးရောင်းချခဲ့ရာ သုံးစွဲသူမိဘပြည်သူများ၏ အားပေးထောက်ခံမှုကြောင့် မြန်မာနိုင်ငံတွင် ထိပ်တန်းသဘော်ဆေးကုမ္ပဏီတစ်ခုအဖြစ် နာမည်ကောင်းဖြင့် ရပ်တည်လျက်ရှိပါသည်။

UPG သည် နိုင်ငံတကာစီမံခန့်ခွဲမှုစနစ်များဖြစ်သည့် ISO 9001, ISO 14001, ISO 45001 တို့ကို လည်းကောင်း၊ RCMS (Responsible Care Management System) နှင့် UNGC ( United Nations Global Compact ) အခြေခံမူ(၁၀)ချက်တို့ကိုလည်းကောင်း လိုက်နာကျင့်သုံးလျက်ရှိသည့် ကုမ္ပဏီဖြစ်ပြီး ၂၀၁၈ ခုနှစ်တွင် အာဆီယံ ဆုများဖြစ်သည့် ASEAN-OSHNET EXCELLENCE AWARD ကိုလည်းကောင်း၊ ASEAN OUTSTANDING ENGINEERING ACHIEVEMENT AWARD ကိုလည်းကောင်း ချီးမြှင့်ခြင်းခံခဲ့ရပါသည်။

UPG Co., Ltd သည် ပြည်တွင်းအခွန်များဦးစီးဌာန၏ ကုမ္ပဏီများဆိုင်ရာအခွန်ထမ်းကြီးရုံးတွင် ကုန်သွယ်ခွန်နှင့် အမြတ်ခွန်တို့အား ကျေပွန်စွာထမ်းဆောင်ခဲ့ရာ နှစ်စဉ်နှစ်တိုင်း အခွန်အများဆုံးထမ်းဆောင်သည့် အဆင့် (၁၀၀) အတွင်းဝင်ရောက်သည့် ကုမ္ပဏီတစ်ခုဖြစ်ပါသည်။

UPG သည် ၂၀၁၄ ခုနှစ်မှစ၍ CSR ( Corporate Social Responsibility ) ရန်ပုံငွေထူထောင်ပြီး ပညာရေး၊ ကျန်းမာရေး၊ မီးဘေး၊ ရေဘေးကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးစသည့် မြန်မာပြည်သူလူထုတို့၏ လူမှုဘဝများအတွက် ကျပ်ငွေ သိန်း ၉၀၀၀ ကျော် လှူဒါန်းခဲ့ပြီးဖြစ်ပါသည်။

၂၀၂၀ ပြည့်နှစ်သည် UPG ကုမ္ပဏီ၏ (၂၅)နှစ်ပြည့်ငွေရတုပြည့်မြောက်သည့်နှစ်ဖြစ်ပြီး ပြည်သူများ၏ အားပေးထောက်ခံမှုဖြင့်ရပ်တည်နိုင်ခဲ့သည်မှာ အထင်အရှားဖြစ်ပါသဖြင့် ကျေးဇူးတုံ့ပြန်သောအားဖြင့် သုံးစွဲသူများသို့ ကံစမ်းမဲများဖြင့် မော်တော်ကား၊ ဆိုင်ကယ်၊ ရွှေဒင်္ဂါးပြားများ၊ Tablet, Smart phone စသည်တို့ကို နှစ်ကြိမ်တိုင်တိုင် အောင်မြင်စွာ ကံစမ်းပွဲကျင်းပဆောင်ရွက်ပေးခဲ့ပါသည်။

ပထမအကြိမ်ကံစမ်းမဲကို (၁၅.၂.၂၀၂၀) ရက်နေ့တွင် Park Royal Hotel ၌ ကံစမ်းသူ ပရိတ်သတ်များ၏ ရှေ့တွင် ကံစမ်းပွဲကျင်းပခဲ့ပါသည်။ ဝယ်ယူအားပေးသူဆိုရာတွင် Project များ၊ ဆောက်လုပ်ရေး ကန်ထရိုက်တာများ၊ ဗိသုကာပညာရှင်များ၊ အိမ်အလှဆင်လုပ်ငန်းများ၊ ဆေးသုတ်လုပ်ငန်းရှင်များ၊ သုတ်ဆေးဆရာများ၊ အင်ဂျင်နီယာများ၊ လုပ်ငန်းရှင်များ၊ အဝယ်တော်များ၊ အိမ်ရှင်များနှင့် အခြားသုံးစွဲသူများပါဝင်ပါသည်။

UPG ၏ ကံစမ်းမဲဆိုင်ရာစည်းကမ်းချက်များတွင် "UPG ကုမ္ပဏီ ကိုယ်စားလှယ်များ၊ အရောင်းဆိုင်များ၊ ဝန်ထမ်းများ၊ ကုမ္ပဏီ၏ တာဝန်ရှိသူများ၊ ပါဝင်ကံစမ်းခွင့် မရှိပါ "ဟု သတ်မှတ်ထားပါသည်။ အကယ်၍ စည်းကမ်းချက်များနှင့် ညီညွတ်မှုမရှိသော ပေါက်မဲပါရှိပါက (၇) ရက်အတွင်းကန့်ကွက်နိုင်ကြောင်း သတင်းစာ၊ FM radio, Facebook page တို့မှ အများပြည်သူသိရှိရန် ကြိုတင် ကြေညာထားရှိပါသည်။

UPG ၏ကံစမ်းမဲအစီစဉ်တွင် ဝယ်ယူသူတို့ကို UPG product တစ်သိန်းကျပ်လျှင် ကံစမ်းမဲပြား တစ်ပြားနှင့် UPG Premium paint တစ်သိန်းကျပ်လျှင် ကံစမ်းမဲပြား နှစ်ပြားဖြင့် မိမိဝယ်ယူသည့်ဆိုင်အသီးသီးမှတစ်ဆင့် ကံစမ်းမဲလက်မှတ်ကို ပေးအပ်ပါသည်။ ထိုသို့ဆိုင်တိုင်းမှ ကံစမ်းမဲလက်မှတ်ရရှိနိုင်သည့် အခွင့်အရေးကို အများပြည်သူတို့သိရှိစေရန် သတင်းစာ၊ FM radio, Facebook page တို့မှတစ်ဆင့် အသိပေးကြေညာခဲ့ပါသည်။ အဆိုပါကံစမ်းမဲပြားများကို သုံးစွဲသူများအား အဆင်သင့်ပေးအပ်ရန်အတွက် မြန်မာပြည်တစ်ဝန်း ဆိုင်ပေါင်း (၂၀၀၀) ခန့်အား ကြိုတင်ဖြန့်ဝေပြီး ဆောင်ရွက်ထားရှိခဲ့ပါသည်။

ဒုတိယအကြိမ်ကံစမ်းမဲအစီစဉ်တွင် ကံစမ်းမဲမှတ်ပုံတင်ထားသူဦးရေမှာ နှစ်သိန်းကျော်ရှိပြီး တန်ဖိုးကြီး ဆုကြီးများဖြစ်သော ကား၊ ဆိုင်ကယ်၊ ရွှေဒင်္ဂါး၊ Tablet၊ Smart phone စသည့်ဆုကြီးများကို ချီးမြှင့်ခဲ့ပါသည်။ ဆုကြီးများမပေါက်သူတို့၏ ကံစမ်းမဲများအား ကျပ်ငွေ (၂၀၀၀)ကျပ်မှ အထက်ကျပ်ငွေ (၂၀၀၀၀)တန် အထိ ဗလာမပါ ဖုန်းဘေလ် ဖြည့်နိုင်ရန်စီစဉ်၍ တုံ့ပြန်ချီးမြှင့်ခဲ့ပါသည်။

ကံစမ်းမဲမဖွင့်မီတွင် စည်းကမ်းချက်များဖြင့်ကိုက်ညီမှု ရှိ/မရှိ စိစစ်ဆောင်ရွက်ခဲ့ရာ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်မပါသူများ၊ အမည်မပါရှိသူများ၊ ကုမ္ပဏီတွင် နာမည်စာရင်းပေါက်သည့် အရောင်းဆိုင်ရှင်များ၊ ကုမ္ပဏီဝန်ထမ်းများနှင့်သက်ဆိုင်သူများအား စိစစ်ဖယ်ထုတ်နိုင်ခဲ့ပါသည်။ ကုမ္ပဏီနှင့်တိုက်ရိုက်မဆက်ဆံဘဲ ကိုယ်စားလှယ်ဆိုင်တို့မှ တစ်ဆင့်ဝယ်ယူနေသည့် လက်ခွဲဆိုင်များ၏ ပိုင်ရှင်နှင့် ဆက်နွယ်မှုရှိသော မိဘ၊ မောင်နှမ၊ ဆွေမျိုးနှင့်ဆိုင်ဝန်ထမ်းများ၏ ကံစမ်းမဲများ ထည့်သွင်းခဲ့ခြင်းအပေါ် စိစစ်ရန်အခက်အခဲများစွာရှိစေပါသည်။ သို့ဖြစ်၍ (၇)ရက် ကြိုတင်ကန့်ကွက်နိုင်ကြောင်း ထည့်သွင်းကြေညာထားခဲ့ပါသည်။ ပေါက်မဲနှင့်ပက်သက်၍ ကန့်ကွက်မှုအချို့လက်ခံရရှိသဖြင့် ဆန်းစစ်မှုများပြုလုပ်နိုင်ခဲ့ပါသည်။

ဒုတိယအကြိမ်ကံစမ်းမဲကို (၉.၈.၂၀၂၀)ရက်နေ့တွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ COVID-19 ဆိုင်ရာလိုက်နာရမည့် ညွှန်ကြားချက်များနှင့်အညီ လူစုလူဝေးအခမ်းအနားပြုလုပ်ခြင်းကို ရှောင်ရှားပြီး UPG ကုမ္ပဏီ၏ Facebook page live မှ တိုက်ရိုက် ထုတ်လွှင့်ပြီး ကံစမ်းမဲအစီအစဉ်ကို ဆောင်ရွက်ခဲ့ပါသည်။ ကံစမ်းမဲရွေးချယ် ဆောင်ရွက်နိုင်ရန် IT company တစ်ခုအား လုပ်ငန်းအပ်နှံ၍ ကွန်ပြူတာ Generate စနစ်ဖြင့် ပေါက်မဲများ ဖွင့်လှစ်ပါသည်။

ဒုတိယအကြိမ်ကံစမ်းမဲဖွင့်လှစ်ပြီးနောက် ကံစမ်းမဲစည်းကမ်းများနှင့် ညီညွတ်ခြင်းမရှိသည့် ပေါက်မဲအချို့ရှိကြောင်း လူမှုကွန်ယက် Facebook ပေါ်တွင်ဝေဖန်ကန့်ကွက်မှုများ ဖြစ်ပေါ်ခဲ့ပြီး အချို့မှာရည်ရွယ်ချက်ရှိရှိဖြင့် ကုမ္ပဏီ၏ဂုဏ်သိက္ခာထိခိုက်စေသောအမုန်းစကားဖြင့် တင်ပြပြောဆိုခဲ့သည်ကို စိတ်မကောင်းစွာတွေ့မြင်သိရှိရပါသည်။

UPG ကုမ္ပဏီသည် ကံစမ်းမဲပေါက်သူများကို ကံစမ်းမဲဆိုင်ရာ စည်းကမ်းချက်များနှင့် ညီညွတ်ခြင်း ရှိ/မရှိ ဆန်းစစ်လွှာများဖြင့် စိစစ်ဆောင်ရွက်ခဲ့ရာ စည်းကမ်းသတ်မှတ်ချက်များနှင့် ညီညွတ်မှုမရှိသော ကံထူးသူအချို့ကို စိစစ်တွေ့ရှိရသဖြင့် ၎င်းတို့နှင့်ဆက်သွယ်၍ ရှင်းလင်းဆောင်ရွက်မှုများ ပြုလုပ်ခဲ့ပါသည်။ အဆိုပါ ကံထူးသူတို့ကလည်း ကုမ္ပဏီ၏ပုံရိပ်အား ထိခိုက်မှုမရှိစေရန်နှင့် ၎င်းတို့၏ဂုဏ်သိက္ခာအရ ကျင့်ဝတ်နှင့်အညီ ကံထူးခဲ့သည့် ကားနှင့်ဆိုင်ကယ် တို့ကို ကုမ္ပဏီသို့ ပြန်လည်အပ်နှံရန် သဘောတူညီခဲ့ကြပါသည်။ ကံစမ်းမဲဆိုင်ရာစည်းကမ်းချက်များနှင့်ညီညွတ်ခြင်းမရှိသည့် ကား (၃)စီးနှင့် ဆိုင်ကယ် (၂) စီးတို့အား ထပ်မံ၍ ကံစမ်းပေးမည့်အစီအစဉ် ဆောင်ရွက်ထားရှိပြီး ဂုဏ်သရေရှိ အဖွဲ့အစည်း၊ ပုဂ္ဂိုလ်များဖြင့် အပ်နှံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းအသိပေးအပ်ပါသည်။

သို့ဖြစ်ပါ၍ UPG ကုမ္ပဏီ၏ ၂၅ နှစ်ပြည့်ငွေရတုအထိမ်းအမှတ် ကံစမ်းမဲအစီအစဉ်နှင့် ဆောင်ရွက်မှုများကို အများပြည်သူများ သိရှိစေရန် ရှင်းလင်းတင်ပြအပ်ပါသည်။

ဒါရိုက်တာအဖွဲ့
United Paints Group Co.,Ltd

ရက်စွဲ ။ ၂၀၂၀ပြည့်နှစ်၊ ဩဂုတ်လ ၂၁ရက်

# ကုန်အမှတ်တံဆိပ်နှင့် လမ်းညွှန်ဆေးအရောင်ကုတ်နံပါတ်များ သတိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုရပ်ကွက်၊ ပြည်လမ်း၊ အမှတ် (၂၃၇) ရှိ United Paints Group Co.,ltd. က အောက်ဖော်ပြပါ UNILAC GLOSS ENAMEL ကုန်အမှတ်တံဆိပ်ကို မှတ်ပုံတင်သွင်းခဲ့ပြီးဖြစ်ပါသည်။

မူလဆေးပုံး




## ကုန်အမှတ်တံဆိပ်

မှတ်ပုံတင်အမှတ် - ၄/၁၄၀/၁၉၉၇




လက်ရှိဆေးပုံး

အထက်ပါကုန်အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် UNILAC GLOSS ENAMEL သဘော်ဆေး(ဆီဆေး)ကို လွန်ခဲ့သော (၂၃)နှစ်ကျော်ခန့်ကပင် ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းတွင် ထုတ်လုပ်ဖြန့်ချိ ရောင်းချလျက်ရှိပါသည်။

အဆိုပါကုန်အမှတ်တံဆိပ်အမှတ်အသားကို အသုံးပြု၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ လုပ်ကိုင်ရာတွင် အဆိုပါ ကုန်အမှတ်တံဆိပ်အား အရွယ်အစားအမျိုးမျိုး၊ အရောင်အမျိုးမျိုး တို့ဖြင့် ဖန်တီးပြုလုပ်ပြီး သဘော်ဆေး(ဆီဆေး) ထုတ်ကုန်ပစ္စည်းများပေါ်တွင်ဖိနှိပ်၍၊ ကပ်နှိပ်၍၊ ရိုက်နှိပ်၍၊ အသားတံဆိပ်လုပ်၍ မိမိတို့ကုမ္ပဏီ၏ ကုန်အမှတ်တံဆိပ်အဖြစ် သုံးစွဲလျက်ရှိပါသည်။ UNILAC GLOSS ENAMEL ကုန်အမှတ်တံဆိပ်ဖြင့် အရောင်အမျိုးမျိုးဖန်တီးပြုလုပ်၍ အရောင်များနှင့် လိုက်လျောညီထွေသည့် ကုတ်နံပါတ်များကို အောက်ပါအတိုင်းသတ်မှတ်အသုံးပြုထားပါသည်။




ထိုလမ်းညွှန်ဆေးအရောင် ကုတ်နံပါတ်တို့ကို UNILAC ဆေးအရောင်များနှင့်ယှဉ်တွဲ၍ ယခင်နှစ်များစွာကတည်းကပင် ယနေ့ထိတိုင် UPG ကုမ္ပဏီနှင့် သုံးစွဲသူများအကြား မှတ်သားခေါ်ဝေါ်သုံးစွဲလျက်ရှိပါသည်။ ယခုအခါ မသမာသူအချို့က အထက်ပါ UNILAC GLOSS ENAMEL နာမည်ကောင်းသတင်းကို အမှီပြုလျက် ကုန်အမှတ်တံဆိပ်၊ ဒီဇိုင်းပုံစံ၊ အရောင်များနှင့် အရောင်ကုတ်နံပါတ်များအား ဆင်တူယိုးမှားတုပအသုံးပြု၍ United Paints Group Co.,ltd.မှ တရားဝင်ထုတ်လုပ်ရောင်းချသည့် ကုန်ပစ္စည်းများအတိုင်း ထုတ်လုပ်ဖြန့်ချိရောင်းချလျက်ရှိကြောင်း တွေ့မြင်ကြားသိရပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ UNILAC GLOSS ENAMEL ကုန်အမှတ်တံဆိပ်နှင့် လမ်းညွှန်ဆေးအရောင်ကုတ်နံပါတ်များကို တစ်ခုလုံးဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှားတုပပြုလုပ်သုံးစွဲ၍ ထုတ်လုပ်ဖြန့်ချိရောင်းချခြင်း၊ မပြုလုပ်ကြပါရန် နှင့်လိုက်နာခြင်းမရှိပါက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန်အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးမြင့်ကြိုင်
B.A (Law)., LL.B., Diploma in English.
တရားလွှတ်တော်ရှေ့နေ (စဉ် –၂၁၅၆ /၂၆.၁၁.၁၉၈၁)
ဖုန်း- 09 89 8444577

ဒေါ်စုမွန်သန်း
LL.B.
အထက်တန်းရှေ့နေ (စဉ် –၄၇၈၅၄ /၃၁.၈.၂၀၁၆)
ဖုန်း- 09 45100 6856

အမှတ် (A-8/202)၊ ရွှေကမ္ဘာအိမ်ရာ၊ မင်းဓမ္မလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

## မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့၊ မဟာဂန္ဓာရုံကျောင်းတိုက်တွင် နှစ်စဉ်နှစ်တိုင်း ကျင်းပလျက်ရှိသော စုပေါင်းမဟာဘုံကထိန်တော်ကြီးကို ယခုနှစ် (၄၃) ကြိမ်မြောက်ကျင်းပမည်-

၁၃၈၂ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၈ရက်၊ ၈-၁၁-၂၀၂၀ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

ကမ္ဘာ့ကပ်ရောဂါ(COVID 19) ကြောင့် မြို့နယ်အသီးသီးသို့ သီးခြားအလှူခံဖြတ်ပိုင်းစာအုပ်များဖြင့် အလှူခံခြင်းမပြုပါ။

မိမိဆန္ဒအလျောက် လှူဒါန်းလိုပါက လာရောက်လှူဒါန်းနိုင်ပါသည်။

**မဟာဂန္ဓာရုံကျောင်းတိုက်**
**စုပေါင်းမဟာဘုံကထိန်ဖြစ်မြောက်ရေးအဖွဲ့**
**အမရပူရမြို့**


ဗဟို SEVEN ၀ံ
မြေကွက်များရောင်း/ဝယ်ရေး
ဒဂုံဆိပ်ကမ်း၊အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ (ရွှေပေါက်ကံမြို့သစ်)
အိမ်အရောက် ငွေပေးချေသည်။
"ပွဲခလုံး၀မယူပါ"။
09 - 33 333 511
09 - 33 333 514


### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3W/18293 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5L/3377 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ဖ၀ယ/၉၄၈၉၇ Zong Shen 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းရွှေ ၉/ခမစ(နိုင်)၀၁၈၈၃၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 66W/49466 Honda Scoopy 110 M/C ယာဉ် လက်ဝယ်ရှိသူ ဦးရှိုကျိန်းချီ(ခ)အောင်အောင် ၁၃/လကန(နိုင်)၀၀၀၁၂၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ် ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

### ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ -၂၂)**

**မန္တလေးခရိုင်တရားရုံးတော်၌**

**၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် -၁၃၀နှင့် ဆက်နွယ်သည့်**

**၂၀၂၀ ပြည့်နှစ် တရားမဇာရီမှုအမှတ် -၂၄၃**

ဒေါ်အေးအေးစန်း နှင့် ဒေါ်ဇင်ဇင်မင်း
**တရားနိုင်** **တရားရှုံး**

ဒေါ်ဇင်ဇင်မင်း (ဘ)ဦးထွန်းခင် ၅၇x၅၈လမ်းကြား၊ မေတ္တာလမ်းသွယ်၊ (၉၈-၃/၈၂)၊ ကံသာယာရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ်-၁၃၀တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒေါ်အေးအေးစန်းက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၁ရက် (၁၃၈၂ခုနှစ် ဝါခေါင်လဆန်း ၁၄ရက်)မွန်းမတည့်မီ ၉:၃၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၀ ပြည့်နှစ် ဩဂုတ် ၁၉ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကျော်နိုင်လတ်)**
**ဒုတိယခရိုင်တရားသူကြီး (၃)**
**မန္တလေးခရိုင်တရားရုံး**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7P/6459 SUBARU SAMBAR TT2 P/U (4x4) (R) ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကျော်ခိုင် ၁၃/တမည(နိုင်)၀၁၃၃၇၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7P-8269 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

### ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ -၂၂)**

**မန္တလေးခရိုင်တရားရုံးတော်၌**

**၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် -၁၂၉နှင့် ဆက်နွယ်သည့်**

**၂၀၂၀ ပြည့်နှစ် တရားမဇာရီမှုအမှတ် -၂၄၄**

ဒေါ်အေးအေးစန်း နှင့် ဦးခင်အောင်
**တရားနိုင်** **တရားရှုံး**

ဦးခင်အောင် (ဘ)ဦးထွန်းခင် ၅၇x၅၈လမ်းကြား၊ မေတ္တာလမ်းသွယ်၊ (၉၈-၃/၈၂)၊ ကံသာယာရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ်-၁၂၉တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒေါ်အေးအေးစန်းက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၁ရက် (၁၃၈၂ခုနှစ် ဝါခေါင်လဆန်း ၁၄ရက်) မွန်းမတည့်မီ ၉:၃၀နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၀ ပြည့်နှစ် ဩဂုတ် ၁၉ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကျော်နိုင်လတ်)**
**ဒုတိယခရိုင်တရားသူကြီး (၃)**
**မန္တလေးခရိုင်တရားရုံး**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8L/3986 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် MDY 76W/17750 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**





Sheet Pileရောင်းမည်
အချောင်း (၃၀၀)
09960934466


### ပျောက်ဆုံးကြောင်း

ရွှေဝါရောင်စိုက်ပျိုး ထုတ်လုပ်မှုကုမ္ပဏီလီမိတက်၏ ပို့ကုန်ကြေညာလွှာ(ED No.2000 23868120)မှာ ပျောက် ဆုံး သွားပါကြောင်း။

ရွှေဝါရောင်စိုက်ပျိုးထုတ်လုပ်မှုကုမ္ပဏီ
ဖုန်း-၀၁-၆၈၆၂၅၁

### ROSE HILL HOSPITAL

**အမှတ်(၂၀)A၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်**

**ဖုန်း-၅၅၈၄၀၁/၅၅၂၅၄၇၊၀၉-၇၆၄၅၅၈၄၀၁**

(1) Senior Medical Officer (M.B.,B.S)ဘွဲ့ရ (၂) ဦး
လုပ်သက်သုံးနှစ် ရှိသူ။
(2) Medical Officer (M.B.,B.S)ဘွဲ့ရ (၃) ဦး
(3) Sister လုပ်ငန်းအတွေ့အကြုံရှိသူ (၁) ဦး
(4) Trained Nurse (Diploma Nursing/ BNSc)ဘွဲ့ရ (၂) ဦး
(5) Pharmacy incharge(B-Pharm)ဘွဲ့ရ (၂) ဦး
(6) သန့်ရှင်းရေး (၁) ဦး

လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်၊သန်းခေါင်စာရင်းမိတ္တူ၊မှတ်ပုံတင်မိတ္တူနှင့်အတူ ၁၀ ရက်အတွင်းရိုက်ထားသောဓာတ်ပုံတစ်ပုံ၊ပညာအရည်အချင်း အထောက်အထား၊ ဆက်သွယ်ရန်လိပ်စာ၊ ရပ်ကွက်ထောက်ခံစာတို့နှင့်အတူ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

(နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၁ယ/၁၂၉၇၈ Zong Shen Auto M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သန်းသန်းထွေး ၉/မတရ(နိုင်) ၀၉၄၂၆၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၇ယ/၉၉၇၆၃ Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးမင်းဇော်ထူး ၉/မမန(နိုင်)၁၀၁၁၉၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၄ယ/၈၃၂၈၆ Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မိုး ၈/ရစက(နိုင်) ၁၆၀၀၁၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 45W/58696 Honda Wave 100 M/C ယာဉ်လက်ဝယ်ရှိသူ ဦးမိုးဝင်း ၉/ညဥန(နိုင်)၁၁၈၂၂၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

### သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ သဃ်န်းကျွန်းကြီးအရှေ့ပိုင်း၊ အမှတ် ၂၉၇ တွင် နေထိုင်သော ကျွန်တော် ဦးတင့်ဆွေ ၁၄/မမန(နိုင်)၀၀၄၃၃၂၊ ကျွန်မ ဒေါ်ခင်သက်နိုင် ၁၄/ပသန(နိုင်)၀၀၄၉၀၆ တို့၏သား အောင်ကိုဦး ၁၂/မရက(နိုင်) ၁၅၅၈၉၅ သည် မိဘတို့၏ဆိုဆုံးမမှုကို မနာခံသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးတင့်ဆွေ ၁၄/မမန(နိုင်)၀၀၄၃၃၂**
**ဒေါ်ခင်သက်နိုင် ၁၄/ပသန(နိုင်)၀၀၄၉၀၆**

### ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)**

**ပင်လည်ဘူးမြို့နယ်တရားရုံးတော်၌**

**၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် – ၆**

မအေးငြိမ်းထက် နှင့် ကိုဘိုဘိုနေလင်း
**တရားလို** **တရားပြိုင်**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာဇံမြို့နယ်၊ အကွက်အမှတ် ၅၄၊ ဒေါနဘွားရပ်ကွက်နေ ကိုဘိုဘိုနေလင်း ၉/ခမစ(နိုင်)၀၄၁၃၃၀ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ် တရားလို မအေးငြိမ်းထက်က အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၁၅ရက် (၁၃၈၂ ခုနှစ် ဝါခေါင်လပြည့်ကျော် ၁၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်စပ်ဆိုင်သော စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် ဩဂုတ် ၁၈ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အောင်မိုး)**
**မြို့နယ်တရားသူကြီး**
**ပင်လည်ဘူးမြို့နယ်တရားရုံး**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၆ယ/၉၁၁၉၆ Zong Shen 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်ငြိမ်းမူ ၅/မမတ(နိုင်)၀၆၇၅၃၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

### သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မြစ်ကြီးနားမြို့၊ ရှမ်းစုမြောက်ရပ်ကွက်၊ အမှတ် ၁၃၈နေ ကျွန်မ ဒေါ်ကြည်၏သမီး ဒေါ်ကြည်အောင်(ခ)သန်းသန်းအေး ၁/မကန(နိုင်)၀၃၇၄၁၁ သည် မိခင်ဖြစ်သူအား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ခဲ့သည့်အပြင် မိခင်အပေါ် ရိုင်းပျစွာပြောဆိုဆက်ဆံခဲ့ခြင်းများ ပြုလုပ်ခဲ့ပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ **စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**

**မိခင်-ဒေါ်ကြည် ၁/မကန(နိုင်)၀၁၈၃၁၈**

### အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ ဝိုင်းမော်မြို့၊ မဒိန်ကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့် အမည် ၂၃၊ မြေကွက်အမှတ် ၁၁၁/၄၂၁၊ မြေဧရိယာ ၀ဒသမ၂၃ဧကရှိ မြေကွက်အား ဦးမုံခိုင်လီ ၁/ဝမန(နိုင်)၀၂၀၃၈၁ အမည်ဖြင့် စက်မှု/စီးပွားမြေငှားဂရန် (အသစ်)လျှောက်ထားခြင်းဖြစ်ပါသည်။ အဆိုပါမြေကွက်ပေါ်တွင် ၁၉၆၉ခုနှစ်မှစ၍ လက်ရှိအချိန်ထိ နေထိုင်ပိုင်ဆိုင်ခဲ့ပြီး အရှုပ်အရှင်းတစ်စုံတစ်ရာမရှိကြောင်း မဒိန်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် မြေယာကော်မတီမှလည်း ထောက်ခံတင်ပြထားပြီး ဝိုင်းမော်မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ဌာန၏ ၂၃-၇-၂၀၂၀ရက်စွဲပါစာမှတ်ပုံတင်အမှတ် (၂၉/၂၀၂၀)ဖြင့် ကျမ်းကျိန်ကတိသစ္စာပြုလွှာတင်ပြထားပါသည်။ ယခုအခါ အဆိုပါမြေကွက်အား ဦးမုံခိုင်လီ ၁/ဝမန(နိုင်)၀၂၀၃၈၁အမည်ဖြင့် မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ စက်မှု/စီးပွား မြေငှားဂရန်(အသစ်)လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ပိဋကတ်သုံးပုံ ရဟန်းဒါယိကာမကြီး
# ဒေါ်ခင်ခင်(ခ)ဒေါ်ခင်ခင်ကြည် (မာန်အောင်မြို့)
### အသက် (၈၅)နှစ်

ရခိုင်ပြည်နယ်၊ မာန်အောင်မြို့၊ ပြင်တန်းရပ်နေ (မြို့ပိုင်ဦးဘဇ-ဒေါ်အပု)တို့၏ဒုတိယသမီး၊ (စာရေးကြီး ဦးထွန်းလှဦး-ဒေါ်လှတင့်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၆)ရပ်ကွက်၊ နဝဒေးဥယျာဉ်အိမ်ရာ B.52/2 နေ ဦးဖေတင် (ပြည်နယ်ပညာရေးမှူး အငြိမ်းစား)၏ဇနီး၊ ဦးထွန်းအောင် (J.A.T ငြိမ်း)-ဒေါ်ရီရီတင် (J.A.T ငြိမ်း)၊ ဒေါ်နီနီတင် (J.A.T ငြိမ်း)၊ ဒေါ်မိမိ တင်၊ ဦးကျော်ထွန်း(မြင့်ကုမ္ပဏီ)-ဒေါ်သီသီတင်၊ (မြန်မာစာဌာန၊ W.Y.TU) ဦးတင်ထွန်းနိုင်-ဒေါ်မိုးမိုးဝင်း(ဌာနမှူး-သင်တန်းရေးရာ၊ M.I.I.T)၊ (Mr.Patrick Heard White)-ဒေါ်တင်ကြူကြူခင်(ခေတ္တ UK)တို့၏ ချစ်လှစွာသောမိခင်၊ မြေး ခြောက်ယောက်၊ မြစ် နှစ်ယောက် တို့၏အဘွားသည် ၂၀-၈-၂၀၂၀ရက် (ကြာသပတေးနေ့) ညနေ ၆:၅၅နာရီတွင် ပန်းလှိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၈-၂၀၂၀ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း မိတ်ဆွေသင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၆-၈-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၈နာရီမှ ၁၁နာရီအထိ နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

# အထူးဝမ်းနည်းကြေကွဲခြင်း

ဆရာကြီးဦးထွန်းခင်

အသက် (၈၇) နှစ်

မေမြို့ **T.H.S**၊ အင်းစိန် **G.T.I**

ဆရာကြီးဦးထွန်းခင် အသက် (၈၇) နှစ်သည် ၂၀. ၈. ၂၀၂၀ ရက်နေ့ နံနက်(၅း၄၀)နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ ဆရာကြီးကောင်းရာသုဂတိလားပါစေ။

မေမြို့ **T.H.S** ဆရာ/ဆရာမများ၊ ကျောင်းသားဟောင်းများနှင့်အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ

---

## သုဝဏ္ဏဘူမိသထုံအသင်း(ရန်ကုန်)
# ဒေါက်တာ မြတ်မော်
### (ခေတ္တ-မလေးရှား)
**M.B.,B.S, M.Med.Sc(Surgery)**
### အသက် (၅၆)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ် (၃၁)၊ သုံးလွှာ၊ (၆၂)လမ်း၊ (၃)ရပ်ကွက်နေ [ဦးညွန့်မော် (ညွှန်ကြားရေးမှူး-ငြိမ်း)]-ဒေါ်မြင့်မြင့် (ဌာနခွဲမှူး-ငြိမ်း၊ ရုပ်ရှင်လုပ်ငန်း)၊ အသင်းဝင်အမှတ်(၁၂၅၃)တို့၏ တစ်ဦးတည်းသောသား၊ ဒေါ်မျိုးမောင်မောင်၏ခင်ပွန်း ဒေါက်တာမြင့်မော်သည် ၁၄-၈-၂၀၂၀ရက် (သောကြာနေ့) နံနက် ၁၁ နာရီတွင် မလေးရှားနိုင်ငံ (Maharari Specialist Hospital) ၌ ကွယ်လွန်သွားပါကြောင်း အသင်းသူအသင်းသားများအား အသိပေးအပ်ပါသည်။

အမှုဆောင်အဖွဲ့

---

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
# ဒေါက်တာသန်းဦး (ခ) ဒေါက်တာဘစိန်
### ထားဝယ်
### (ဆမ-၂၈၇၄)
### အသက် (၇၈)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ သံလွင်လမ်း၊ အောင်မင်းခေါင်ဘုရားလမ်း၊ အမှတ်(14-C)နေ (ဒေါက်တာကြည်ထို-ဒေါ် ကြင်ပို)တို့၏သား၊ (ဦးသောင်းစိန်-ဒေါ်မြအိုး)တို့၏သားသမက်၊ ဒေါ်မြမြစိန်(Mavis)၏ ချစ်လှစွာသောခင်ပွန်း၊ (ဒေါ်ဂင်ရွှေ)၊ ဒေါ်ဂင်လွမ်၊ (ဦးထွေးရင်-ဒေါ်တင်တင်ကြည်)၊ ဒေါ်ကြည်ကြည်စိန်(Kitty)၊ (ဦးလှမင်းဦး)-ဒေါက်တာထွေးထွေးစိန်(Hilda)တို့၏ ညီ/မောင်/အစ်ကို၊ ဒေါ်မြတ်သန္တာဦး၊ ဦးသောင်းဇော်ဦး-ဒေါ် Tan Mei Ghee၊ ဒေါက်တာလင်းကျော်ဦး-ဒေါက်တာခိုင်ဇာသက်ထွန်းတို့၏ ချစ်လှစွာသောဖခင်၊ မောင်ဟိဏ်းထွဋ်ဦး၊ မဟေသီလင်း၊ မောင်ခန့်မြတ်တို့၏ ချစ်လှစွာသောအဘိုး၊ မဝတ်မှုံဦး(Wendy)တို့၏ ဘကြီးသည်၂၀-၈-၂၀၂၀ရက်(ကြာသပတေးနေ့) နံနက် ၁၀း၄၈နာရီတွင် AR YU INTERNATIONAL HOSPITAL ၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၈-၂၀၂၀ ရက် (စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများ အားအသိပေးအကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ နံနက် ၉:၃၀နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၆-၈-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၈ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
# ပါမောက္ခ(ငြိမ်း) ဒေါက်တာ ဦးညွန့်ဝင်း
**ဌာနမှူး(ငြိမ်း) ဓာတုဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်**
**အမှုဆောင်အဖွဲ့ဝင်၊ မြန်မာနိုင်ငံနည်းပညာ ပညာရှင်အဖွဲ့**
**နာယကကြီး၊ မြန်မာနိုင်ငံဓာတုသိပ္ပံအသင်း**
### အသက် (၈၅)နှစ်

လေးစားချစ်ခင်ကြည်ညိုအပ်သော ဆရာကြီး ပါမောက္ခ(ငြိမ်း) ဒေါက်တာ ဦးညွန့်ဝင်းသည် ၁၇-၈-၂၀၂၀ရက် (တနင်္လာနေ့) နံနက် ၉နာရီတွင် တာမွေမြို့နယ် နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

၁၉၇၂-၇၇ ပညာသင်နှစ်ဓာတုဗေဒအဓိက
ကျောင်းသား ကျောင်းသူဟောင်းများ
ပုသိမ်ဒီဂရီကောလိပ်

---

## ဝမ်းနည်းကြေကွဲခြင်း
# ပါမောက္ခ ဒေါက်တာ ဦးညွန့်ဝင်း
**ဌာနမှူး(ငြိမ်း)၊ ဓာတုဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်**
### အသက် (၈၅)နှစ်

ရန်ကုန်အဝေးသင်တက္ကသိုလ်၊ ဒုတိယပါမောက္ခချုပ်(ငြိမ်း) မြန်မာနိုင်ငံဝိဇ္ဇာသိပ္ပံ ပညာရှင်များအဖွဲ့ဝင် ဆရာမကြီး ဒေါက်တာ ခင်မာထွန်း၏ခင်ပွန်း ပါမောက္ခ၊ ဆရာကြီး ဒေါက်တာ ဦးညွန့်ဝင်းသည် ၁၇-၈-၂၀၂၀ရက်တွင် ကွယ်လွန် ကြောင်း သိရှိရပါ သဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာ ဉာဏ်ထွန်း(ပါမောက္ခ/ဌာနမှူး)နှင့် ဆရာ ဆရာမများ**
**ဓာတုဗေဒဌာန၊ ပင်လုံတက္ကသိုလ်**

---

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
# ဦးဘမောင် အသက် (၈၂)နှစ်
### အရာခံဗိုလ်(ငြိမ်း) တပ်မတော်(လေ)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၁)ရပ်ကွက်၊ ရောဝတီလမ်း၊ အမှတ်(၂၈၂)နေ (ဦးစိန်-ဒေါ်ငြိမ်းပွင့်)တို့၏ သား၊ ဒေါ်သန်းခင်(ကုန်သွယ်/လယ်ယာ-ငြိမ်း)၏ ခင်ပွန်း၊ ဦးဝင်းနိုင် (Novel Education Centre)-ဒေါ်နှင်းနုဝေ(အလပြ-ညောင်ကိုင်း) ရွှေဘိုမြို့နယ်၊ ဒေါ်စိုးစိုးခိုင် (Prime Metal Co.,Ltd.)တို့၏ဖခင်၊ မောင်ကျော်ထင်၏ အဘိုးသည် ၂၁-၈-၂၀၂၀ရက် (သောကြာနေ့) နံနက် ၁၁း၂၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၈-၂၀၂၀ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

(နေအိမ်မှ ကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး
# ဦးစိုးမြင့်(အထက်မင်းလှအသင်း)
### ကုန်သွယ်လယ်ယာ(ငြိမ်း)
### အသက် (၈၄)နှစ်

မကွေးတိုင်းဒေသကြီး၊ အထက်မင်းလှမြို့နယ်၊ ညောင်ဝိုင်းကျေးရွာနေ (ဦးလူဖေ-ဒေါ်ပု)တို့၏စတုတ္ထမြောက်သား၊ သံဖြူဇရပ်မြို့နယ်၊ ကျုံကဒါတ်ကျေးရွာနေ (ဦးဘိုလေး-ဒေါ်ဖွားကျင်)တို့၏သားသမက်၊ ဒေါ်တင်လှ၏ခင်ပွန်း၊ ဦးတင်စိုးဦး-ဒေါ်ခင်သန်းနွဲ့၊ (ဦးတင် သော်ထွန်း)-ဒေါ်ခင်ခင်မျိုး၊ ဦးသက်စိုး-ဒေါ်ခိုင်မာသင်း၊ (ဒေါ်စိုးပပသဲ)၊ ဦးသန့်ဇင်စိုး-ဒေါ်ယမင်းစိုးတို့၏ဖခင်၊ မြေးငါးယောက်တို့၏ အဘိုး၊ အမှတ် (၃၇၄)၊ မင်းရဲကျော်စွာလမ်း၊ (၂၀)ရပ်ကွက်၊ ရွှေပေါက်ကံမြို့သစ်နေ ဦးစိုးမြင့်သည် ၂၁-၈-၂၀၂၀ရက် (သောကြာနေ့) နံနက် ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၈-၂၀၂၀ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးသု သာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

# ဦးကြည်ရှိန်
## အင်ဂျင်နီယာ(ငြိမ်း)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန
### အသက် (၇၃)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ သန်လျင်တံတားအိမ်ရာဝင်း၊ ထင်းရှူးမြိုင်လမ်း၊ အမှတ်(၇၇)နေ (ဦးကျော်ငြိမ်း-ဒေါ်စိမ်းမြ)တို့၏သားကြီး၊ ပခုက္ကူမြို့၊ ခန်တောရပ်နေ (ဦးမြလှိုင်)-ဒေါ်တင်ဆွေတို့၏သားသမက်၊ ဒေါ်မြမြဆွေ၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးတင်ဝင်း)-ဒေါ်စန်းမြင့်၊ ဦးအေးကြူ (ပြည်ထောင်စုဒုဝန်ကြီး၊ ငြိမ်း-ပညာရေးဝန်ကြီးဌာန)-ဒေါ်စိန်စိန်ငွေး၊ ဒေါ်ဝေဝေမြင့် [အထက-၂၊ ဒဂုံ(မြို့မ)ငြိမ်း]၊ (ဦးရဲမြင့်)-ဒေါ်ရင်ရင်နွဲ့ [အထက-၂၊ ဒဂုံ(မြို့မ) ငြိမ်း]တို့၏ အစ်ကိုကြီး၊ မောင်အောင်စွမ်းပြည့် (Novel Max Co.,Ltd)- မဝေနွယ်ထွန်း၊ မောင်ဟန် ထက်ရှိန် (ပြည့်ဖြိုးဒီပါ Co.,Ltd)၊ မထက်အင်ကြင်းခိုင်(မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန)၊ မောင်ဇော်ငြိမ်းချမ်း (Rich Zone Co.,Ltd.) တို့၏ချစ်လှစွာသောဖခင်၊ မသွန်းနဒီအောင်၏ အဘိုးဦးကြည်ရှိန် (အင်ဂျင်နီယာ-ငြိမ်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန) သည် ၁၉-၈-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) ည ၁၀:၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံ ကြီး အရေးပေါ်ဌာန၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၈-၂၀၂၀ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁:၃၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။) ကွယ်လွန်သူအားရည်စူး၍ ၂၅-၈-၂၀၂၀ရက် (အင်္ဂါနေ့) နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ကန့်ကွက်နိုင်ပါကြောင်း

ပုဗ္ဗသီရိမြို့၊မင်္ဂလာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/ရုံးရပ်၊ မြေဧရိယာ ဝဒသမ ၁၄၆ ဧကရှိ မြေကွက်အမှတ်(ပ-၁၀၄၇) ဦးသိန်းဝင်း ၁၂/လကန(နိုင်)၀၁၉၆၂၇ (ဘ)ဦးချစ်ဖေ အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ် မြေကွက်ကို ဦးဝေဠုသတိုး ၁၄/ဝခမ(နိုင်)၁၃၅၀၄၀ (ဘ) ဦးသတိုးကြည်ဝင်းမှ နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာ အမှတ်(၃၃၆၁/၂၀၁၉) တင်ပြ၍ ဒေါ်သန့်ဇင်အေး ၁၂/လသယ(နိုင်)၀၂၇၀၀၉ နှင့် မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက် လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာ တမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့် အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ပါကြောင်း

လယ်ဝေးမြို့၊ အမှတ် (၆)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၂/မြို့သစ်တောင်ရပ်)၊ မြေဧရိယာ ၀ဒသမ၁၁၇ဧကရှိ ဦးပိုင်အမှတ် (၉၁)၊ ဦးမောင်ကို အမည်ပေါက် နှစ် ၃၀ မြေငှားစာချုပ်မြေကွက်ကို ဒေါ်ခင်စောမူ(ဘ)ဦးစိန်မောင် ၉/လဝန(နိုင်)၁၂၂၃၉၁မှ လယ်ဝေးမြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၇၁/၂၀၁၆(၆-၁၂-၂၀၁၆) တင်ပြ၍ မြေဧရိယာ ၀ဒသမ၁၁၇ဧကရှိသည့်အနက် ၀ဒသမ ၀၃၆ဧကအား ဦးသောင်းထွန်း(ဘ)ဦးထွန်းဝေ ၉/လဝန(နိုင်)၁၃၈၅၀၆နှင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လို သူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့် ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ/ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေး ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 41W/13143 ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးတင့်ဦး ၉/ပဘန(နိုင်)၀၈၅၀၉၆ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရမည်းသင်း)**

---

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်ခရိုင်၊ ရွှေသောင်ယံမြို့၊ ဘောမိကျေးရွာအုပ်စု၊ အကွက်အမှတ်-တောင်နီမော်(ပြင်)၊ ဦးပိုင်အမှတ်-၂၀ ဧရိယာ(ဧက) ၁.၇ မြေကွက်အား ဦးထွန်းလင်းမောင် ဆိုသူက မြေငှားဂရန် အသစ်လျှောက်ထားချက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိ ပါက သတင်းစာတွင်ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ပုသိမ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင်လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပုသိမ်မြို့**

---

# ဦးသိန်းလွင် (ခ) ဦးမောင်မောင်
## အထက(၃)၊ တာမွေကျောင်းသားဟောင်း
### အသက် (၅၃)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ အမှတ်(၈၅)နေ ဦးကင်စင်း-[ဒေါ်ယုလှိုင်(ခ)ဒေါ်စိန်လှိုင်]တို့၏ သား၊ ဦးညွန့်ဦး(ထာဝရမိဘမေတ္တာသံဆိုင်)-ဒေါ်စောစန္ဒာအေး(မြန်မာ၀င့်နဝရတ်သံဆိုင်)တို့၏မောင်၊ မပွင့်ဖြူဦး၊ မောင်ဝင့်ထယ် ဦးတို့၏ဦးလေး၊ မသုန္ဒရီ(YIS Grade-5)၊ မသစ်ဝင့်ထယ်တို့၏အဘိုးသည် ၁၈-၈-၂၀၂၀ရက် (အင်္ဂါနေ့) တွင် အိန္ဒိယစံတော်ချိန် ည ၉ နာရီတွင် အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့ရှိ အပိုလိုဆေးရုံ၌ ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (သင်္ဂြိုဟ်မည့်ရက်ကို ထပ်မံကြေညာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

## ကန့်ကွက်နိုင်ပါကြောင်း

ပုဗ္ဗသီရိမြို့၊ ဇဝနဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၇/မြို့မအနောက်ရပ်မှ မြေဧရိယာ ဝဒသမ ၀၅၅ ဧကရှိ မြေကွက် အမှတ်(ပ-၃၀၀၅၅) ဦးဖိုးအောင် ၉/ပမန(နိုင်)၀၄၆၅၅၈ (ဘ)ဦးသိန်းဖေ အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်ကို ဦးဇေယျာမင်း ၇/တငန(နိုင်)၁၄၀၅၈၈(ဘ) ဦးတင်လှိုင်မှ နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာ အမှတ်(၃၂၆၀/၃-၁၀-၂၀၁၉)တင်ပြ၍ ဒေါ်အေးအေးရီ ၁၂/တကန(နိုင်)၀၃၀၇၁၉နှင့် မှတ်ပုံတင် အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာ တမ်းများ၊တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာ တင်ပြ၍နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ကြောင်းနှင့်သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါကဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၉ယ/၈၈၄၂ ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းညွန့် ၁၀/မဒန(နိုင်) ၁၅၆၆၃၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး (မော်လမြိုင်မြို့)**

---

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ အကွက်အမှတ်(၂/ပဒေသာရပ်)၊ ဦးပိုင်အမှတ်(၅၇၈)၊ မြေကွက်အမှတ်(578)၊ မြေဧရိယာ(၀ဒသမ၀ ၅၅)ဧကရှိ မြေကွက်ကို ဦးနေမျိုးဇော်၉/ပဥလ(နိုင်)၀၄၁၄၆၅ အမည်ဖြင့် အမည်ပြောင်းဂရန်လျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် သက်ဆိုင်ရာဌာနများသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

---

## အများသိစေရန်ကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ အကွက်အမှတ်(RA-V1)၊ ကွက်ပြင်(၆)၊ ဦးပိုင်အမှတ်(၆က/၃၆)၊ မြေယာအမှတ်(19/312)၊ မြေဧရိယာ(၀ဒသမ၁၄၇)ဧကဟု ခေါ်တွင်သော ဂရန်မြေကွက်နှင့် အကျိုးခံစားခွင့်များသည် နေအိမ်ခြံမြေ အရောင်းအဝယ် စာချုပ်နံပါတ်(၃၁၇/၂၀၁၂)အရ ဦးတင်ထူးမောင် ၁၂/တမန(နိုင်)၁၀၃၁၃၆ ကဝယ်ယူပိုင် ဆိုင်ထားသဖြင့် ဦးတင်ထူးမောင် သိရှိ၊ သဘောတူညီ ခွင့်ပြုချက်မရှိဘဲ မည်သူမျှ အဆိုပါ မြေကွက်အတွင်း ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊ ရောင်းချ/ပေါင်နှံ/ပေးကမ်း/လှူဒါန်း/စွန့်လွှတ်ခြင်း၊ အခြားနည်းလွှဲပြောင်းခြင်းများ မပြုလုပ်ရန် အသိပေးကြေညာအပ် ပါသည်။

**ဦးတင်ထူးမောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ကြည် (LL.B)၊ တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၂၃၂)၊ နှင်းဆီလမ်း၊ ကွက်ပြင်(၃)မြောက်၊ ပြင်ဦးလွင်မြို့**
**ဖုန်း-၀၈၅-၂၈၇၄၀၊ ၀၉-၂၀၄၄၁၀၃**

---

## ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

# ဟောင်ကောင်နှင့် မကာအို အထူးအုပ်ချုပ်ခွင့်ရဒေသတို့၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ခဲ့



နေပြည်တော် ဩဂုတ် ၂၁

နိုင်ငံတကာခရီးသည်တင်လေယာဉ်များ ပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် ဟောင်ကောင်နှင့် မကာအို အထူးအုပ်ချုပ်ခွင့်ရဒေသတို့၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၉၇ ဦးတို့အား ဒုတိယကြိမ်မြောက် မြန်မာအမျိုးသားလေကြောင်းလိုင်း (MNA) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ခေါ်ဆောင်ခဲ့ရာ ယနေ့ ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။ (ဝဲပုံ)

### အခန်းကဏ္ဍအလိုက် တာဝန်ယူ

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေးနှင့် ၂၁ရက်တာအသွားအလာကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးသည်။

### ညှိနှိုင်းဆောင်ရွက်

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ ကယ်ဆယ်ရေးလေယာဉ်များ၊ အထူးလေယာဉ်များဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးနိုင်ရေးအတွက် နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်း၌ လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်နိုင်

နေပြည်တော် ဩဂုတ် ၂၁

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်း၌ ဩဂုတ် ၂၃ ရက်တွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

## ချင်းတွင်းမြစ်နှင့် သံလွင်မြစ် မြစ်ရေကြီးမှုအခြေအနေ

နေပြည်တော် ဩဂုတ် ၂၁

ယနေ့ နံနက် ၁၁ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ကနီမြို့တွင် သုံးပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကနီမြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်သည်။

ယနေ့ မွန်းလွဲ ၂ နာရီခွဲ တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် တစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဘားအံမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်သည်။

မိုး/ဇလ

## မြန်မာရွှေ့ပြောင်းအလုပ်သမားမိသားစုများ ကော့သောင်းနယ်စပ်ဂိတ်မှ ပြန်လည်ဝင်ရောက်

ကော့သောင်း ဩဂုတ် ၂၁

မြန်မာရွှေ့ပြောင်း အလုပ်သမားမိသားစု ၄၄ ဦးသည် ထိုင်းနိုင်ငံ ရနောင်းမြို့မှတစ်ဆင့် ကော့သောင်းမြို့သို့ ယမန်နေ့မွန်းလွဲပိုင်းက ရေလမ်းခရီးမှ ပြန်လည်ဝင်ရောက်လာသည်။

အဆိုပါ မိသားစုများမှာ ကော့သောင်းမြို့ခံများဖြစ်ကြပြီး ကျောင်းသား ကျောင်းသူ ကလေးငယ်များအပါအဝင် အမျိုးသား ၁၇ ဦးနှင့် အမျိုးသမီး ၂၇ ဦးဖြစ်ပြီး ကိုဗစ်-၁၉ ကာလမဖြစ်မီအချိန်က ပြည်ပတွင် အလုပ်လုပ်ကိုင်နေသည့် ဆွေမျိုးများထံ အလည်အပတ်သွားရင်း ကိုဗစ်-၁၉ ထိန်းချုပ်မှုကာလအတွင်း

စာမျက်နှာ ၁၂ ကော်လံ ၁ ❍



## ဂျာမန်နည်းပြနှစ်ဦး ကိုင်တွယ်သော အသင်းများ ဆုံတွေ့နေသည့် ချန်ပီယံလိဂ်ဗိုလ်လုပွဲ အနိုင်ရလဒ်ကို မည်သူဖော်ဆောင်သွားနိုင်မလဲ . . .

၂၀၁၉-၂၀၂၀ ဘောလုံးရာသီ ချန်ပီယံလိဂ်ဗိုလ်လုပွဲကို ပြင်သစ်ချန်ပီယံ ပီအက်စ်ဂျီအသင်းနှင့် ဂျာမန်ချန်ပီယံ ဘိုင်ယန်မြူးနစ်အသင်းတို့ ဩဂုတ် ၂၄ ရက် နံနက် ၁ နာရီခွဲတွင် ပေါ်တူဂီနိုင်ငံ လစ္စဘွန်းရှိ Estadio da Luz အားကစားကွင်း၌ ရေကုန်ရေခန်း ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။

ပီအက်စ်ဂျီအသင်းသည် ချန်ပီယံလိဂ် ဆီမီးဖိုင်နယ်တွင် လိုက်ပ်ဇစ်အသင်းနှင့်ဆုံတွေ့ခဲ့ပြီး မာကွင်ဟို၊ ဒီမာရီယာနှင့် ဘားနက်တို့၏ သွင်းဂိုးများနှင့်အတူ သုံးဂိုးပြတ်အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ ထိုက်ထိုက်တန်တန်တက်ရောက်လာနိုင်ခဲ့သည်။ ထို့အတူ ဘိုင်ယန်မြူးနစ်အသင်းကလည်း ဆီမီးဖိုင်နယ်တွင် လိုင်ယွန်အသင်းနှင့်ဆုံတွေ့ခဲ့ကာ ဂနာဘရီ၊ လီဝမ်ဒေါစကီးတို့၏ သွင်းဂိုးများနှင့်အတူ သုံးဂိုးပြတ်အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်လှမ်းနိုင်ခဲ့ခြင်းဖြစ်သည်။

ဂျာမန်လူမျိုးနည်းပြ တူချယ် တာဝန်ယူကိုင်တွယ်နေသည့် ပီအက်စ်ဂျီအသင်းတွင် နေမာ၊ အမ်ဘတ်ပီ၊ ဆာရာဘီယာ၊ ဒီမာရီယာ၊ ဘားနက် စသည့် ကစားသမားများ ခြေစွမ်းပြသထားနိုင်သည်။ ထို့အတူ ဘိုင်ယန်မြူးနစ်အသင်းကိုလည်း ဂျာမန်လူမျိုးနည်းပြ ဟန်စီဖလစ် တာဝန်ယူနေပြီး လီဝမ်ဒေါစကီး၊ မူလာ၊ တိုလစ်ဆို၊ အဲလ်ဖွန်ဆို ဒေးဗီးစ်၊ ဂနာဘရီ စသည့်

စာမျက်နှာ ၁၂ ကော်လံ ၄ ❒

